# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့။ Monday, 22 July 2019 ၉၇၁၈


# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ပြည်တွင်း၊ ပြည်ပ ပညာရှင်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

**မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် အဆိုပြုစာတွဲမူကြမ်းအား UNESCO ကမ္ဘာ့အမွေအနှစ်စင်တာ(World Heritage Center) သို့ တင်သွင်းနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် အပြီးသတ်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့တွင် လှိုင်မြို့နယ်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍



မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သျှစ်သောင်းပုထိုးတော်ကြီးအား တွေ့ရစဉ်။ ဓာတ်ပုံ-အေဝမ်းစိုး

# မြေပဲဆန်ကို ပြည်ပမှဝယ်ယူရန် ကမ်းလှမ်းမှုများရှိနေ

**မုံရွာ ဇူလိုင် ၂၁**

မြေပဲဆန်ကို တရုတ်နှင့် ထိုင်းနိုင်ငံတို့က ဝယ်ယူမှုရှိနေသည့်အပြင် ထပ်ဝယ်ရန် ကမ်းလှမ်းမှုများရှိနေသော်လည်း မုံရွာဈေးကွက်သို့ဝင်သော မြေပဲဆန်မှာ နည်းနေကြောင်း မုံရွာမြို့ မြန်မာသိန်းပွဲရုံပိုင်ရှင် ဦးသိန်းဦးက ပြောသည်။

"မြေပဲဆန်တစ်ပိဿာကို အဖြူက ကျပ် ၃၈၀၀၊ အနီက ကျပ် ၄၀၀၀ ဈေးရှိတယ်။ လက်ရှိမှာ ပစ္စည်းမပေါဘူး။ မုံရွာကုန်စည်ဒိုင်ကို ဝင်တဲ့နယ်တွေမှာ မြေပဲကကုန်သွားပြီ။ တခြားနယ်တွေလည်း အဝင်နည်းတော့ ဈေးတက်တာပေါ့။ တရုတ်ဘက်ကလည်း ဆွဲလို့လေ"ဟု ဦးသိန်းဦးက ပြောသည်။

**ပိုမိုသုံးစွဲ**

မုံရွာမြို့သို့ မြေပဲဆန်အဝင်သည် တောင်သူအကြွင်းအကျန်သာဝင်တော့ခြင်း ဖြစ်သည်။ မုံရွာကုန်စည်ဒိုင်သို့ မြေပဲအနီလုံးဆန်အနေဖြင့် မင်းကင်းဒေသ၊ ကနီဒေသ၊ ဟုမ္မလင်းဒေသ၊ ဖောင်းပြင်ဒေသ၊ ကလေးဒေသ၊ တမူးဒေသများမှ ဝင်ပြီး အဖြူလုံးဆန်သည် မုံရွာရေဝင်ကျွန်းများနှင့် ဘုတလင်၊ မြောင် စသည့် ဒေသများကဝင်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ❖




**ကြေးမုံ ယနေ့ ဖတ်စရာ**

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး
စာမျက်နှာ » ၃

စုပေါင်းလက်တွဲ အဖြေရှာကြစို့
ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၏ ဆောင်းပါး
စာမျက်နှာ » ၆

မြင်းမူမြို့နယ်အတွင်း ရောဝတီမြစ်ရေနှင့် မူးမြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရ
စာမျက်နှာ » ၇

ညောင်ဦးမြို့နယ်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့၍ နှမ်းလျှင်ခင်းများအသီးမပါ နောက်ထပ်မြေပဲစိုက်ပျိုးရန် ထွန်ရေးအသစ်ပြန်ဝင်
စာမျက်နှာ » ၈

တိရစ္ဆာန်မှလူသို့ ရောဂါကူးစက်ခြင်း
ဒေါက်တာခင်စန်းမော်၏ ဆောင်းပါး
စာမျက်နှာ » ၁၀





ကြေးမုံ

## နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး ဆောင်ကြဉ်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင်လ ၂၀ ရက်က ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် အကြီးအကဲအဖြစ် ကတိခံယူခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ လူငယ်လူရွယ်များ မှတ်သားလိုက်နာသင့်သည့် ကင်းထောက်စိတ်ဓာတ်၊ ကျင့်ဝတ်၊ ကတိနှင့် အပြုအမူတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ကင်းထောက်လုပ်ငန်းသည် စစ်သဘောမပါ၊ နိုင်ငံရေးမစွက်၊ လူမှုဝန်ထမ်းသက်သက်မျှသာဖြစ်သည်။ ကင်းထောက်တို့၏ အဓိကရည်ရွယ်ချက်မှာ တာဝန်သိသော နိုင်ငံ့သားကောင်းဖြစ်လာအောင် လူငယ်လူရွယ်တို့အား ပုံသွင်းဖန်တီးပေးရန်ဖြစ်သည်။ ပုံသွင်းဖန်တီးပေးရာ၌ လူငယ်လူရွယ်တို့တွင် ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တကောင်းများ ဖြစ်ထွန်းလာအောင် ပြုပြင်အခြေစိုက်ပေးပြီး မိမိကိုယ်ကို အားကိုးတတ်ခြင်း၊ အကြီးအကဲတို့၏ အမိန့်နှင့်သွန်သင်မှုများကို ရိုသေလိုက်နာတတ်ခြင်း၊ မျက်စိရှင်စွာကြည့်တတ်ခြင်း စသည့်အလေ့အထကောင်းများဖြစ်ပေါ်လာရန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။

ကင်းထောက်တစ်ဦးသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အား ချစ်ခင်မြတ်နိုးပြီး သစ္စာစောင့်သိ ရိုသေတတ်သည်သာမက နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အစဉ်အသင့်ရှိနေသူဖြစ်သည်။ ကျင့်သား၍ လက်ရွေးစင်ဘဝသို့ရောက်ပြီးဖြစ်သည့် ကင်းထောက်တစ်ဦးသည် မိမိကိုယ်ကို အားကိုးနိုင်သည်နှင့်အမျှ လူမှုကိစ္စကျွမ်းကျင်မှုတွင် အတော်အတန် တီးခေါက်မိအောင် လေ့လာလိုက်စားသူဖြစ်ပြီး အခြားသူများအတွက် အသုံးကျသော နိုင်ငံသားကောင်းဖြစ်အောင် ကြိုးပမ်းအားထုတ်နေသူဖြစ်သည်။

ကင်းထောက်တို့သည် သူတစ်ပါးအားလည်း ကူညီရသည်။ သဘာဝကိုလည်း လေ့လာရသည်။ လောကပတ်ဝန်းကျင်ကိုလည်း စူးစမ်းရသည်။ ကြင်နာသောစိတ်များမွေးမြူကာ ကြုံတွေ့သမျှ သူတို့အား မိတ်ဆွေသင်္ဂဟအဖြစ် သဘောထားနိုင်သည့် မွန်မြတ်သောအဆင့်အတန်းသို့ ရောက်အောင် ပြုပြင်ပို့ဆောင်ပေးသည့် ပြဋ္ဌာန်းထားသောကတိနှင့် ကျင့်ဝတ်တို့ မြဲမြံစွာလိုက်နာကျင့်သုံးရသည့်သူများ ဖြစ်သည်။

ကင်းထောက်ကတိသုံးပါးတွင် ကိုးကွယ်ယုံကြည်သည့် အယူဝါဒနှင့် နိုင်ငံ၏တာဝန်ကို ထမ်းရွက်ရန်၊ သူတစ်ပါးအား အချိန်မရွေးကူညီရန်နှင့် ကင်းထောက်ကျင့်ဝတ် ၁၀ ပါးကို အမြဲလိုက်နာထိန်းသိမ်းဆောင်ရွက်ရန်ဖြစ်သည်။ ကျင့်ဝတ် ၁၀ ပါးမှာ ကင်းထောက်တို့၏ ဂုဏ်သိက္ခာကို ယုံကြည်ရ၏။ မိမိနိုင်ငံ၊ မိဘ၊ ဆရာသမား၊ အလုပ်ရှင်၊ လက်အောက်ငယ်သားများအပေါ်၌ သစ္စာရှိရ၏။ မိမိကိုယ်ကို အသုံးကျစေ၍ သူတစ်ပါးအားကူညီရန်ဖြစ်၏။ အများ၏မိတ်ဆွေဖြစ်၍ အခြားကင်းထောက်များနှင့် လူမျိုး၊ အယူဝါဒ၊ အဆင့်အတန်းမရွေးညီအစ်ကိုဖြစ်၏။ ယဉ်ကျေးသိမ်မွေ့၏။ တိရစ္ဆာန်တို့၏ မိတ်ဆွေဖြစ်၏။ မိဘ၊ ဆရာ၊ ခေါင်းဆောင်တို့၏ အမိန့်ကို တစ်သဝေမတိမ်းလိုက်နာ၏။ အခက်အခဲတွေ့တိုင်း အပြုံးမပျက် ရွှင်ပျစွာဆောင်ရွက်ရ၏။ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံး ဖြူစင်ရ၏ ဟူသည်တို့ကို ကျင့်ကြံလိုက်နာအားထုတ်သောသူများ ဖြစ်သည်။

မြန်မာလူမျိုးများသည် သူတစ်ပါးအား ကူညီတတ်သောလူမျိုးဖြစ်သည်နှင့်အညီ နိုင်ငံအတွင်း ပရဟိတအသင်းများ၊ လူမှုရေးအသင်းများ၊ ဘာသာ၊ သာသနာအသင်းများ အမြောက်အမြားရှိပြီး ထိုအသင်းများတွင် မြန်မာလူမျိုးများပါဝင်လုပ်ကိုင်ကာ ကူညီဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ၁၉၆၄ ခုနှစ်တွင် ဖျက်သိမ်းခံလိုက်ရသော လူမှုရေးအသင်းတစ်မျိုးဖြစ်သည့် ကင်းထောက်လူငယ်အဖွဲ့မှာ နိုင်ငံ့ခေါင်းဆောင်တို့၏ ဦးဆောင်မှုဖြင့် ယခုအခါ ပြန်လည်သက်ဝင်လာပြီဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ မြန်မာနိုင်ငံတွင် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံး လိုက်နာစောင့်ထိန်းပြီး ဘာသာလူမျိုးအဆင့်အတန်းမခွဲခြားဘဲ ကြုံတွေ့သမျှသူများအား မိတ်ဆွေသင်္ဂဟအဖြစ် သဘောထားကာ ကူညီဆောင်ရွက်ပေးနိုင်သော အသင်းအဖွဲ့များနှင့် လူငယ်လူရွယ်များ အထူးလိုအပ်နေချိန်တွင် ကင်းထောက်အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများကောင်းကျိုးကို ဆောင်ကြဉ်းရမည်ဖြစ်ပါကြောင်း။ ။

## မြို့မအမျိုးသားကျောင်း ရာပြည့်သဘင်ကျင်းပရန် လုပ်ငန်းကော်မတီရုံးဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၁**

မြို့မအမျိုးသားကျောင်း ရာပြည့်သဘင်(၁၉၂၀-၂၀၂၀) စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီရုံးဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အထက(၂)ဒဂုံ(မြို့မကျောင်း)တွင် ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် မြို့မအမျိုးသားကျောင်း ရာပြည့်သဘင်ကျင်းပရေး လုပ်ငန်းကော်မတီရုံး ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရင်က ရာပြည့်သဘင်ကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့မအမျိုးသားကျောင်း ရာပြည့်သဘင် ကျင်းပရေးလုပ်ငန်းကော်မတီရုံး ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

"မြို့မကျောင်းက ၁၉၂၀ ပြည့်နှစ်မှာ ဖွင့်လှစ်တဲ့အတွက် ၂၀၂၀ ပြည့်နှစ်မှာ နှစ်တစ်ရာ ပြည့်ပါပြီ။ ရန်ကုန်တက္ကသိုလ်နဲ့လည်း တစ်ချိန်တည်းပါပဲ။ ရာပြည့်ပွဲကျင်းပရန်အတွက် ၂၀၁၆ ခုနှစ်ကတည်းက ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ပွဲအကြီးတစ်ခါ လုပ်ခဲ့ပြီးပါပြီ။ ၂၀၁၉ ခုနှစ်မှာလည်း ပွဲတစ်ပွဲ ဆက်လက်လုပ်ဆောင်သွားမှာပါ။ ၂၀၂၀ ပြည့်နှစ်မှာတော့ အကြီးဆုံးပွဲကို ကျင်းပပြုလုပ်သွားမှာပါ။ အဲဒီအချိန်ကျမှ လုပ်ငန်းတာဝန်ပြီးဆုံးမှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ တာဝန်ပြီးဆုံးမှာပါ။ အရင်နှစ်လိုပဲ ပျော်ပွဲရွှင်ပွဲတွေ အားကစားပြိုင်ပွဲတွေ၊ စာစီစာကုံးပြိုင်ပွဲတွေ ကျင်းပသွားမှာပါ။ ရှေးဟောင်းမြို့မအစဉ်အလာမပျက် ကျင်းပခဲ့တဲ့ အစီအစဉ်တွေအတိုင်း ကျင်းပသွားမှာပါ။ နောင်နှစ် ၂၀၂၀ ဆိုရင် ဒီထက်အခမ်းအနားပိုကြီးမှာဖြစ်တဲ့အတွက် မိုင်ဒါကွင်းထဲမှာပါ ကျင်းပရမယ့် အခြေအနေအထိ ရည်ရွယ်ထားပါတယ်"ဟု မြို့မကျောင်း နှစ်တစ်ရာပြည့်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရင်က ပြောသည်။

မြို့မကျောင်းနှစ်တစ်ရာပြည့်အခမ်းအနားကျင်းပနိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် စတင်စီမံချက်ရေးဆွဲခဲ့ကြကာ ရာပြည့်သဘင် အခမ်းအနားများကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ယခု ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင်လည်း အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ မြို့မကျောင်းရာပြည့်သဘင်ကျင်းပရေး လုပ်ငန်းကော်မတီရုံးဖွင့်လှစ်ရခြင်းမှာလည်း မြို့မအမျိုးသားကျောင်း ရာပြည့်သဘင်အခမ်းအနားတွင် ကျောင်းသား ကျောင်းသူဟောင်းများနှင့် ကျောင်းသားများ ပိုမိုသိရှိလာစေရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

မြို့မ အမျိုးသားအထက်တန်းကျောင်း အထက(၂)ဒဂုံသည် ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်သပိတ်မှောက်ခဲ့သော ကျောင်းသားများက ၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည့် အမျိုးသားကျောင်းများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကျောင်းဆောင်အဆောက်အဦကိုဆရာကြီးဦးဘလွင်က ဦးဆောင်တည်ဆောက်ခဲ့ကြောင်းနှင့် နိုင်ငံ့ခေါင်းဆောင်များကို မွေးထုတ်ပေးခဲ့သည့် သမိုင်းဝင်စာသင်ကျောင်းကြီးဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နေလင်း**

## ပျဉ်းမနားမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းက စိတ်ဓာတ်နှင့် နည်းနာစာအုပ်ပါ အကြောင်းအရာများ မျှဝေဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)က စာရေးဆရာဖေမြင့်၏ စိတ်ဓာတ်နှင့် နည်းနာစာအုပ် စာဖတ်ဝိုင်းကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇော်ဖြိုးအောင်က စာဖတ်ဝိုင်းများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



**အသီးသီးဆွေးနွေး**

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်ဝင်းက "တီထွင်သူများနှင့် ကြွက်ထောင်ချောက်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးမောင်မောင်တာ (စာရေးဆရာ-သဘာဝ)က "ရဲရဲတင်းတင်းသာလုပ်ပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးအောင်နိုင်ဦး (ကဗျာဆရာ-အောင်မိုး၊ ပျဉ်းမနား)က "လူငယ်နှင့် တိုးတက်ကြီးပွားရေး" ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များက စာရေးဆရာဖေမြင့်၏ စိတ်ဓာတ်နှင့် နည်းနာစာအုပ်မှ မိမိတို့ ဖတ်သားထားသည့် အကြောင်းအရာများအား ပြန်လည်မျှဝေ ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

### "ဘမ်ရွှန်ဂရက်ကျန်းမာရေးပွဲတော် ၂၀၁၉" ၌ ပြည်သူများ အခမဲ့ဝင်ရောက်လေ့လာနိုင်

ရန်ကုန် ဇူလိုင် ၂၁။ ။ပြည်သူများ အခမဲ့ဝင်ရောက်လေ့လာနိုင်ကြမည့် စတုတ္ထအကြိမ်မြောက် "ဘမ်ရွှန်ဂရက်ကျန်းမာရေးပွဲတော် ၂၀၁၉" အား ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ မြန်မာပလာဇာ၌ လာမည့် ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပထမအကြိမ် မြန်မာနိုင်ငံအရေးပေါ်ကုသမှုဆေးပညာရှင်များညီလာခံ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**ရန်ကုန် ဇူလိုင် ၂၁**

ပထမအကြိမ် မြန်မာနိုင်ငံ အရေးပေါ်ကုသမှုဆေးပညာရှင်များညီလာခံ ဂုဏ်ပြုညစာစားပွဲကို ဇူလိုင် ၂၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ မြန်မာနိုင်ငံ အရေးပေါ်ကုသမှုဆေးပညာရှင်များအဖွဲ့ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာမော်မော်ဦးနှင့် ကျွမ်းကျင်မှုဆိုင်ရာပညာရှင် Professor James HB Kong တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**တက်ရောက်**

ပထမအကြိမ် မြန်မာနိုင်ငံအရေးပေါ်ကုသမှုဆေးပညာရှင်များညီလာခံကို ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ပြီး ညီလာခံတွင် ပါမောက္ခများ၊ အရေးပေါ် ကုသမှု ဆေးပညာရှင်များ၊ အရေးပေါ်သူနာပြုစုမှု ပညာရှင်များက နီးနှောဖလှယ်မှုများ၊ တင်ပြဆွေးနွေးမှုများ ပြုလုပ်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ အရေးပေါ် ကုသမှုဆေးပညာရှင်များ၊ အရေးပေါ်သူနာပြုစုမှုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာတွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံဆွေးနွေးသည်။






**ဆွေးနွေးတင်ပြ**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ နာယက ဒေါက်တာတင်အေး၊ ဥက္ကဋ္ဌ ဒေါက်တာခိုင်စိုးဝင်းနှင့် လာရောက်တွေ့ဆုံသူများက အထွေထွေရောဂါကုဆရာဝန်များ၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာနှင့် ဆေးကုသမှုပိုင်းဆိုင်ရာ အရည်အသွေးစဉ်ဆက်မပြတ်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ပညာရပ်ဆိုင်ရာစဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးစေရေးလမ်းညွှန်စာအုပ်ကို ပြုစုထားရှိမှုနှင့် ဆက်လက်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပညာရှင်များ၏ ပူးပေါင်းပါဝင်မှုဖြင့် လူတိုင်းလက်လှမ်းမီသောကျန်းမာရေးစောင့်ရှောက်မှုစနစ်အား ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပိုမိုအရည်အသွေးပြည့်ဝစွာနှင့် ကျယ်ပြန့်စွာ လွှမ်းခြုံမှုပေးနိုင်မည့်ကိစ္စ၊ ဝန်ထမ်းမဟုတ်သော အထွေထွေရောဂါကုဆရာဝန်များ တက်ရောက်နိုင်သည့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာသင်တန်းများ သင်ကြားဆောင်ရွက်နေမှု၊ မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာမဟာဘွဲ့အား ဆေးတက္ကသိုလ်များနှင့်ပူးပေါင်း၍ သင်တန်းများ လက်တွေ့ဖွင့်လှစ်သင်ကြားနိုင်ရန် လုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်နေမှု၊ ၂၀၂၀ ပညာသင်နှစ်အတွင်း အဆိုပါမဟာဘွဲ့သင်တန်းများ အမြန်ဖွင့်လှစ်နိုင်ရေး စီစဉ်ထားရှိမှုနှင့် ဝန်ကြီးဌာနမှ ပံ့ပိုးပေးရန် လိုအပ်မည့်အချက်များ၊ ကမ္ဘာ့မိသားစုကျန်းမာရေးစောင့်ရှောက်ရေးဆေးပညာရှင်များအဖွဲ့၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာကွန်ဖရင့်နှင့် အာဆီယံဒေသဆိုင်ရာပဏာမ ကျန်းမာရေးစောင့်ရှောက်သူများကွန်ဖရင့်တို့ကို ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လက်ခံကျင်းပသွားရန် စီစဉ်ပြီးဖြစ်၍ ဝန်ကြီးဌာနမှ ပံ့ပိုးပေးနိုင်မည့်ကိစ္စ၊ ဝန်ထမ်းမဟုတ်သည့်အထွေအထွေရောဂါကုဆရာဝန်များမှ ဆေးရုံများသို့ လူနာညွှန်းပို့ကုသမှုစနစ် ခိုင်မာအားကောင်းစွာပေါ်ထွန်းလာရေးနှင့် အပြန်အလှန် ညွှန်းပို့မှုစနစ် ယခုထက်ပိုမို လက်တွေ့ကျစွာဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို တင်ပြသည်။

**အထိရောက်ဆုံးပံ့ပိုးပေးမည်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အထွေထွေရောဂါကုဆရာဝန်များအတွက် စဉ်ဆက်မပြတ် ဆေးကုသမှုအရည်အသွေးနှင့် စွမ်းဆောင်ရည်တိုးတက်စေရေး လုပ်ငန်းများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ်တွင် ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကောင်းမွန်ခြင်းနှင့် အဆင့်အတန်းမြင့်မားခြင်းသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အထွေအထွေရောဂါကုဆရာဝန်များ၊ မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာရှင်များ၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှု ပညာရှင်များပါဝင်သည့် ပဏာမကျန်းမာရေး စောင့်ရှောက်မှု (Primary Care) လုပ်ငန်းများ၏ အရည်အသွေးကောင်းမွန်မှု၊ ကျယ်ပြန့်စွာလွှမ်းခြုံဆောင်ရွက်နိုင်မှု၊ ပြည်သူ့ဆေးရုံကြီးများနှင့် လူနာများအပြန်အလှန်ညွှန်းပို့ခြင်းအပါအဝင် ထိရောက်စွာချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ သက်ဆိုင်ရာကုသရေးနှင့် ပြည်သူ့ကျန်းမာရေးတာဝန်ရှိသူများနှင့် သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့ဖလှယ်နိုင်မှု စသည့်အချက်များပေါ်တွင် များစွာမူတည်နေသဖြင့် ၎င်းလုပ်ငန်းများကိုဆောင်ရွက်နေကြသည့် အထွေအထွေရောဂါကုဆရာဝန်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ မိသားစုဆေးပညာမဟာဘွဲ့ (Master in Family Medicine)သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် အထိရောက်ဆုံး ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း။

အထွေထွေရောဂါကုဆရာဝန်များ၏ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများ၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်စေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်၍ ထိရောက်သော ပံ့ပိုးမှုများပေးအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇူလိုင် ၂၁**

ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body-BGB) လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၁၉) ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကား ပြောကြား**

အစည်းအဝေးတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

ထို့နောက် အဖွဲ့ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စက်မှုဌာနခွဲနှင့် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲမှ တာဝန်ရှိသူများက ယခင်ပြုလုပ်ခဲ့သည့် BGB အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၉) ၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုကို ဖတ်ကြားတင်ပြပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် FM ပုဂံ၊ ပတ္တမြား FM၊ ချယ်ရီ FM၊ ရွှေ FM၊ Forever Group Co., Ltd (မန္တလေး FM၊ ပဒုဝတီ FM)၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်၊ Family Entertainment Group၊ Mizzima Media Company Limited၊ DVD Multimedia Group Company Limited၊ Fortune Broadcasting Company Limited၊ KMA TeleMedia Holding Company Limited နှင့် My Multi Media Group Company Limited တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**နေပြည်တော် ဇူလိုင် ၂၁**

မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပအိုဝ်းလူမျိုးသမိုင်းဆိုင်ရာ စာအုပ်စာတမ်း ပေးအပ်လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၁**

ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေလက်ခံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ သာသနာ ၂၅၀၀ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပရိယတ္တိဝေဒီကျောင်းဆရာတော် ဘဒ္ဒန္တပါလရာမညထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။ ယင်းနောက် မွန်ပြည်နယ် ကော့ပလိုင်ကျောင်းဆရာတော် ဘဒ္ဒန္တကေတုမာလာ၊ လမိုင်းကျောင်းဆရာတော် ဘဒ္ဒန္တ သောဘဏနှင့် ကန်းနီကျောင်းဆရာတော် ဘဒ္ဒန္တသိလိန္ဒတို့က ဩဝါဒစကား ချီးမြှင့်တော်မူသည်။ ထို့နောက် ဟံသာထောကျောင်းဆရာတော် ဘဒ္ဒန္တ သီလဝန္တက သာသနာ ၂၅၀၀ ရာမညဗိမာန်ကျောင်းနှင့်စပ်လျဉ်း၍ အလှူရှင်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဇနီးမိသားစုတို့က သာသနာ ၂၅၀၀ ရာမညဗိမာန်ကျောင်း ငါးထပ်ဆောင် ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ်သိန်း၁၀၀ နှင့် ရပ်နီးရပ်ဝေးအလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်က ဝန်ကြီးဌာနတွင် ရည်ညွှန်းအသုံးပြုရန်အတွက် ပအိုဝ်းလူမျိုးသမိုင်းဆိုင်ရာ စာအုပ်စာတမ်းများကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပရိယတ္တိဝေဒီကျောင်းဆရာတော် ဘဒ္ဒန္တပါလရာမညက အနုမောဒနာတရား ချီးမြှင့်ပြီး ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။



**သတင်းစဉ်**

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ လေ့လာရေးအဖွဲ့များ နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်လေ့လာ



**နေပြည်တော် ဇူလိုင် ၂၁**

ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသည် ယနေ့မှ ဇူလိုင် ၂၅ ရက်အထိ ငါးရက်ကြာ လေ့လာရေးခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

အဆိုပါတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များသည် ညနေပိုင်းတွင် နေပြည်တော် ရေပန်းဥယျာဉ်သို့ သွားရောက်လည်ပတ်လေ့လာကြပြီး ခရီးစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)၊ လွှတ်တော်အပါအဝင် နေပြည်တော်၏ အထင်ကရနေရာများသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက်ခြင်းလုံးပြိုင်ပွဲ ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီးပေါ်ရှိ ရွှေဂုံတိုင်ဟိုတယ်ခန်းမတွင် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက်ခြင်းလုံးဝိုင်းဖွဲ့အမှတ်ခတ် ပြိုင်ပွဲအောင်မြင်စွာပြီးစီးသည့် အထိမ်းအမှတ်ဂုဏ်ပြုပွဲကို ဇူလိုင် ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသန်းမောင်၊ ဦးဝင်းတင့်၊ ဦးလှရွှေတို့က နှုတ်ခွန်းဆက်ဂုဏ်ပြုအမှာစကား ပြောကြားကာ ပြိုင်ပွဲနှင့်ပတ်သက်သော ကုန်ကျမှုတို့ကို ဘဏ္ဍာရေးမှူး ဦးသူရစိုးနှင့် စာရင်းစစ် ဦးအောင်ချိန်းတို့က အသီးသီး ရှင်းလင်းတင်ပြခဲ့သည်။



**ရွှေတိုင်လွင်**

# ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) ထပ်မံခေါ်ယူခြင်း

၁။ (၃၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ အပြီးသတ်ရွေးချယ်သည့် ဒိုင်အဖွဲ့၏ဆုံးဖြတ်ချက်အရ ဆုနှင့် ထိုက်တန်သူမရှိပါသောကြောင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆိုပြုလွှာများထပ်မံခေါ်ယူလျက်ရှိပါသည်။

၂။ အာဆီယံဆုအတွက် အဆိုပြုသူများသည် အောက်ဖော်ပြပါသတ်မှတ်ထားသည့် နယ်ပယ်များတွင် အကျိုးပြုသူများဖြစ်ရပါမည် -

- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် သိသာထင်ရှားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၃။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ ပါဝင်သည့် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံ ဆုဖလားနှင့် အမေရိကန် ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ယင်းဆုကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် (၃၅) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကို ဗဟိုပြုသော အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း စတင်ထူထောင်ချိန်မှစ၍ အထောက်အကူပြုခဲ့သည့် လျှောက်ထားမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ အောင်မြင်မှုများကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

၅။ လျှောက်ထားရမည့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ http://www.asean.org/asean-prize တွင်ရယူ၍ အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.comနှင့် psaseanmmr@gmail.comသို့ ၆-၉-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲ ပုသိမ်မြို့နယ်တွင် ကျင်းပ

**ပုသိမ် ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့နယ် ကြက်ပေါင်ကျေးရွာ ပေါ်တော်မူဘုန်းတော်ကြီးကျောင်း ဝိသာခါ ဓမ္မာရုံ၌ ကျင်းပသည်။



**ပြည်သူကိုမျက်နှာမူ၍ ဆောင်ရွက်**

ရှေးဦးစွာ ဝန်ကြီးချုပ် ဦးလှမိုးအောင်က တစ်လနှစ်ကြိမ် ပြည်သူများနှင့်တွေ့ဆုံကြောင်း၊ ပြည်သူများနှင့် အမြဲတမ်းတွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တိုင်းဒေသကြီးအစိုးရတွင် တာဝန်ရှိကြောင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တာရှိသလို ဆောင်ရွက်မပေးနိုင်တာလည်းရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်ပေးနိုင်တာရှိသလို ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးနိုင်တာရှိကြောင်း၊ သံသယကင်းကင်းနှင့် အခြေအနေမှန်ကို တင်ပြပေးနေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရ အမြဲတမ်းချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းနိုင်ပါကြောင်း၊ ချက်ချင်းဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မဆောင်ရွက်နိုင်သည့်ကိစ္စများကိုလည်း အဆင့်ဆင့် တင်ပြဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူထည့်ဝင်နိုင်သော အခွန်အခကိုသာ ကောက်ခံခြင်းဖြစ်ကြောင်း၊ မျှတသောနှုန်းထားများကိုသာ ကောက်ခံခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားငွေရရှိရန်လိုအပ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ်များအတွက် ပေးသင့်ပေးထိုက်သော အမွေများပေးခဲ့ရန် လိုအပ်ကြောင်း၊ ဓနအင်အားနှင့် ပညာအမွေများဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရန်ပုံငွေလိုအပ်ကြောင်း၊ လက်ရှိအစိုးရသည် အမြဲတမ်းပြည်သူကိုမျက်နှာမူ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘယ်အစိုးရတက်တက် ပြည်သူပါမှသာ လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း၊ အစိုးရ၊ လွှတ်တော်၊ ပြည်သူပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ဌာနမှဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ ၎င်းနောက် တက်ရောက်လာကြသူများက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ယစ်မျိုးလိုင်စင်ကိစ္စ၊ လမ်း၊ တံတားကိစ္စအတွက် မေးခွန်း ၁၃ ခု မေးမြန်းကြရာ ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကြက်ပေါင် တိုက်နယ်ကျေးရွာအုပ်စု ရစ်အုပ်စု၊ ကျေးရွာ ၂၅ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

---

❍ **ရှေ့ဖုံးမှ**

အစည်းအဝေးတွင် "မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ"ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန် အဆိုပြုစာတွဲမှုကြမ်းကို ယနေ့တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများအနေဖြင့် ပြင်ဆင်ဖြည့်စွက်အတည်ပြုပေးရန် လိုအပ်သဖြင့် အကျေအလည်ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း၊ မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် စာတွဲရေးသားတင်ပြမှုကို အချိန်မီတင်ပြနိုင်ရေး စာတွဲပါအချက်အလက်များ၊ သမိုင်းကြောင်းများ မှန်ကန်စေရေးအတွက် ပညာရှင်များ၊ ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်း၍ စိစစ်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ပြောကြားသည်။



**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် ဆောင်ရွက်ခဲ့သည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန်စီစဉ်ထားရှိမှု၊ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ရန်ပုံငွေနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဖြည့်ဆည်းပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ကော်မတီ၊ ဆပ်ကော်မတီဝင်များက အဆိုပြုစာတွဲမှုကြမ်း Nomination Dossier (draft) တွင် ပါဝင်သည့်အခန်းများအလိုက် အသေးစိတ်ဆွေးနွေးကြရာ အဆိုပြုစာတွဲ အပြည့်အစုံတင်သွင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---



**မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (သန်လျင် မြို့နယ်)၏ နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွင် ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းနာယက ဒါရိုက်တာ မောင်ယဉ်ကျော် အဖွင့်အမှာစကား ပြောကြားစဉ်။**

တင်မောင်ဦး(အလုံ)




❖ **မြေပဲဆန်များမှ**

မြေပဲအနီလုံးဆန်ကို တရုတ်က အဆွဲများပြီး အဖြူလုံးဆန်ကို ပြည်တွင်းမှ အသုံးများရာ ဆားလှော်လုပ်ငန်းများက ပိုမိုသုံးစွဲကြောင်း သိရသည်။

"မြေပဲဆန်ဈေးက ဒီနှစ်တဖြည်းဖြည်းနဲ့ တရိပ်ရိပ်တက်လာတာပါ။ တစ်ပိဿာ ကျပ် ၂၈၀၀၊ ၃၀၀၀ ကနေ စတက်လာတာပါ။ မြေပဲနဲ့ တခြားဆီထွက်သီးနှံကအထွက်နည်းပြီး ဝယ်လိုအားရှိတယ်။ တောင်သူတွေ လက်ထဲကျန်ရင်နည်းနည်းပဲရှိတော့မှာပါ"ဟု ဦးသိန်းဦးက ပြောသည်။

မြန်မာနိုင်ငံထွက် မြေပဲကို တရုတ်၊ ထိုင်း၊ တောင်ကိုရီးယား၊ ဂျပန်၊ စင်ကာပူစသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး လက်ရှိ မုံရွာကုန်စည်ဈေးကွက်တွင် မြေပဲမှာ ရောင်းလိုအားနည်းနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

# စုပေါင်းလက်တွဲအဖြေရှာကြစို့

## ဒေါက်တာမြင့်သန်း(ညောင်လေးပင်)



ဆားဘီးယားနိုင်ငံ မောင့်စတာရာပလာနီနာတောင်ကြီးရဲ့ တောင်စောင်းမှာတည်ရှိတဲ့ ရီပတ်စ်နီကာ အမည်ရ ရွာကြီးဟာ စိုက်ပျိုးစီးပွား စည်ပင်ဖွံ့ဖြိုးရာ နာမည်ကြီး ရွာကြီးတစ်ရွာ ဖြစ်ခဲ့ပါတယ်။ အခုအချိန်မှာတော့ လူသူ ခြောက်ကပ်နေတဲ့ သရဲတစ္ဆေတွေနေတဲ့ မြို့ရွာ တစ်ခုလိုဖြစ်နေတာ တွေ့ရပါတယ်။ တစ်ချိန်က လူတွေနဲ့အမြဲစည်ကားနေတဲ့ ဗျစ်ရည်ဆိုင်တွေဟာ ဗလာကျင်း ဟာလာဟင်းလင်း ဖြစ်နေတယ်။ လမ်းတွေ လည်း လူသူကင်းမဲ့နေတယ်။ အိမ်အများစုကလည်း တံခါးတွေပိတ်ထားကြတယ်။ နေတဲ့လူ မရှိသလောက် ဖြစ်နေတယ်။ ဒီရွာကြီးဟာ ဘူလ်ဂေးရီးယားနိုင်ငံ နယ်နိမိတ်အနီးမှာရှိပါတယ်။

**ပစ်ထားတာကြာလေ ရွာပျက်တွေလိုဖြစ်လာ**

အခုလိုအခြေအနေဖြစ်လာခဲ့လို့ ၁၉၄၈ ခုနှစ် တာဝန်ရှိသူတွေက ရွာအဖြစ်မသတ်မှတ်တော့တာ တွေ့ရပါတယ်။ မြို့ကြီးတွေမှာ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာလို့ မြို့တွေဆီကို ရွာခံ အားကောင်းမောင်းသန်လူငယ်တွေ ပြောင်းသွားကြတယ်၊ အနီးက စီးပွားရေးကောင်းတဲ့ နိုင်ငံတွေဆီ သွားအလုပ်လုပ်ကြတယ်၊ တိုင်းပြည်ရဲ့စီးပွားရေး ကျဆင်းလာတယ်၊ ဘော်လကန်စစ်ပွဲတွေကြောင့် လူတွေ ရွာကို စွန့်ခွာကြတယ်၊ ရိုးရာစိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းတွေမှာ အကျိုးအမြတ်နည်းလာတယ် စတဲ့ အကြောင်းတွေကြောင့် ရွာမှာ လူတွေမရှိတော့တာလို့ ဆိုပါတယ်။ အနီးကရွာတွေမှာလည်း အလားတူပါပဲ။ သက်ကြီးရွယ်အိုအချို့လောက်သာ တွေ့ရလေ့ရှိတဲ့ ရွာတွေဖြစ်လာပါတယ်။ စာသင်ကျောင်းတွေ၊ ဈေးတွေ၊ ဆေးခန်းတွေ၊ တိရစ္ဆာန်ဆေးကုခန်းတွေ ပိတ်ထားတာ တွေ့နိုင်ပါတယ်။ ရွာတွေဆီ အလည်လာသူ မရှိသလောက် ရှားပါတယ်။ လမ်းတွေကလည်း ပျက်စီးနေပြီး ချိုင့်တွေနဲ့ ပြန့်ကျဲနေပါတယ်။ "လူတွေက ရွာတွေကို စွန့်ခွာသွားကြတယ်။ ကိုယ့်ဒေသထက် အခြေအနေပိုကောင်းမယ် ထင်တဲ့နေရာတွေဆီ ထွက်သွားကြတာပဲ။ ကိုယ့်ဒေသထက်တော့ နေထိုင်စားသောက်ရေး အဆင်ပြေကြတယ်လို့ ဆိုကြတယ်။ ရွာတွေကတော့ ဒေသခံတွေ ပစ်ထားတာ ကြာလာလေလေ ရွာပျက်တွေလိုဖြစ်လာပြီး အရင်ကလို လူတွေနေပျော်လောက်မယ့် အခြေခံဆောက်အဦတွေ ပြန်မဖန်တီးပေးကြရင် ရွာတွေကအစ တစ်နိုင်ငံလုံးအထိ အခုလိုအခြေအနေမျိုးနဲ့ ရင်ဆိုင်လာနိုင်ပါတယ်" လို့ ရီပတ်စ်နီကာရွာအနီးက ကာလ်နာအမည်ရရွာမှာရှိတဲ့ တိရစ္ဆာန်ဆေးကုဆရာဟောင်း Rade Bogdanovic ဆိုသူက ပြောပါတယ်။

နောက် ချန်နေခဲ့တဲ့မိဘတွေ၊ အသက်ကြီးသူတွေသာ ကွယ်လွန်သွားရင် ဒီရွာတွေမှာ နေမယ့်သူမရှိတော့ပါဘူးလို့လည်း ပြောပါတယ်။ ကာလ်နာရွာရဲ့လူဦးရေဟာ လူ ၄၀၀၀ ကနေ ၁၀၀၀ လောက်သာ ကျန်ပါတော့တယ်။ ဆားဘီးယားနိုင်ငံရဲ့ လူဦးရေဟာ ၂၀၀၂ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အတွင်း လူပေါင်း ၃၇၇၀၀၀ ကျော် (သို့မဟုတ်) နိုင်ငံလူဦးရေရဲ့ ငါးရာခိုင်နှုန်းလောက် လျော့သွားခဲ့ပါတယ်။ ဆားဘီးယားနိုင်ငံရဲ့လူဦးရေဟာ ခုနစ်သန်းမျှသာ ရှိပါတယ်။ ဆားဘီးယားသိပ္ပံအကယ်ဒမီရဲ့ ဖော်ပြချက်အရ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာပေါင်း ၈၆ ရာခိုင်နှုန်း (ရွာပေါင်း ၄၆၀၀) ကျော်ဟာ ဒီလိုအခြေအနေမျိုးတွေနဲ့ကြုံနေရပြီလို့ သိရပါတယ်။ အနီးက ဘော်လ်ကန်နိုင်ငံတွေနဲ့ ဥရောပအရှေ့ပိုင်းနိုင်ငံတွေမှာလည်း အလားတူ လူတွေလျော့နေတာ တွေ့ရပါတယ်။ ဖော်ပြခဲ့တဲ့ရွာတွေကိုဖွဲ့စည်းထားတဲ့ ဆားဘီးယားနိုင်ငံ အရှေ့ပိုင်းက ကဂျာဇီဗက်မြူနီစီပယ်ဒေသမှာ နှစ်ပေါင်း ၅၀ အတွင်း လူပေါင်း ၃၀၀၀၀ ကျော် လျော့သွားခဲ့ပါတယ်။ တာဝန်ရှိသူတစ်ဦးရဲ့အဆိုအရ ပထမကမ္ဘာစစ်အတွင်းလောက်က လူအရေအတွက်လောက်သာ ရှိတော့တယ်လို့လည်း ပြောပါတယ်။

**အလုပ်အကိုင်ကောင်းတွေ ဖန်တီးပေးသင့်တယ်လို့ဆိုကြ**

၁၉၆၀၊ ၁၉၇၀၊ ၁၉၈၀ ပြည့်နှစ်များအတွင်းကစပြီး နိုင်ငံသားတွေဟာ ဥရောပအနောက်နိုင်ငံတွေဆီ ထွက်သွားခဲ့ကြပါတယ်။ လူပေါင်းတစ်သန်းလောက်တောင် ရှိမယ်လို့ ခန့်မှန်းပါတယ်။ ၁၉၉၀ ပြည့်နှစ် ဘောလ်ကန်စစ်ပွဲတွေအတွင်းမှာကို ဆားဘီးယားနိုင်ငံသားပေါင်း ၇၀၀၀၀၀ လောက် နိုင်ငံကို စွန့်ခွာခဲ့ကြပါတယ်။ နာမည်ဆိုးလှတဲ့ သမ္မတ ဆလိုဘိုဒင်မီလိုရှိဗစ် ပြုတ်ကျတဲ့ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာလည်း လူတွေ ဆက်တိုက်ထွက်ခွာနေကြဆဲဖြစ်တယ်လို့ ဆိုပါတယ်။ အစိုးရသစ်တက်လာပြီးနောက် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေမယ့် ပြည်တွင်းက စက်ရုံအများစုဟာ တွက်ခြေမကိုက်လို့ ပိတ်ပစ်ခဲ့ကြပါတယ်။ မိသားစုအရွယ်အစားတွေလည်း ငယ်သွားတယ်။ လူနည်းနည်း၊ ပျမ်းမျှ အသက်က ၂၀၀၂ ခုနှစ်မှာ အသက် ၄၀၊ ၂၀၁၁ ခုနှစ်မှာတော့ အသက် ၄၄ နှစ် ဖြစ်လာပါတယ်။ တိုင်းပြည်ရဲ့အခြေခံအဆောက်အဦတွေကို မြှင့်တင်ပေးဖို့ အရေးတကြီး လိုအပ်ပါတယ်။ အစိုးရအနေနဲ့ လူငယ်တွေ နိုင်ငံတွင်းမှာ နေပျော်ဖို့ အလုပ်အကိုင်ကောင်းတွေ၊ အခြေအနေကောင်းတွေ ဖန်တီးပေးသင့်တယ်လို့ ဆိုကြပါတယ်။ ၂၀၁၅ ခုနှစ်က ဆားဘီးယားနိုင်ငံရဲ့ ပါလီမန်အတွင်းမှာ လူ့အခွင့်အရေးဆိုင်ရာ အရာရှိတစ်ဦး ခန့်ထားခွင့်ရပြီး အရှေ့အလယ်ပိုင်းဒေသက နိုင်ငံစွန့်ခွာလာကြတဲ့ ဒုက္ခသည်တွေကို ဆားဘီးယားနိုင်ငံရဲ့ အခုလို နေသူနည်းလှတဲ့ရွာတွေဆီ လာရောက်နိုင်ဖို့ ဆောင်ရွက်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူးလို့လည်းသိရပါတယ်။

ရှေးလူကြီးတွေ ပြောစကားတစ်ခု မှတ်မိနေပါတယ်။ "အိမ်တွေမှာ လူရှိနေတာကိုက မင်္ဂလာတစ်ပါးပဲ"တဲ့။ ရပ်ရွာတွေမှာ၊ နေအိမ်တွေမှာ နေထိုင်သူတွေရှိမှ သင့်တင့်လျောက်ပတ်တာ ဖြစ်ပါတယ်။ အဖေ၊ အမေ၊ အဘိုး၊ အဘွားနဲ့ သားသမီးတွေ ပျော်ပျော်ပါးပါးနေထိုင်တတ်ကြတဲ့ မြန်မာ့ဓလေ့ဟာ သိပ်မြတ်နိုးတန်ဖိုးထားစရာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း မြို့ငယ်လေးတွေ၊ တောရွာလေးတွေအများစုမှာ အထက်ကဖော်ပြထားတဲ့ ဆားဘီးယားနိုင်ငံနဲ့ အလားတူဖြစ်နေတာ တွေ့နိုင်ပါတယ်။

ကျွန်တော်ဟာ အခုအချိန်အထိ ဆေးခန်းထိုင်နေဆဲမို့ ကလေးလူနာအများစုဟာ အဘိုးအဘွားတွေ၊ အိမ်နီးချင်းတွေ၊ ဆွေမျိုးတွေက လာပြနေကြလေ့ရှိတာ မကြာခဏ တွေ့ရပါတယ်။ မိဘတွေက ထိုင်း၊ မလေးရှား စသည်တို့ကို သွားအလုပ်လုပ်နေကြတာမို့ပါ။ ကလေးတွေကိုထားခဲ့ပြီး လင်ရော မယားပါသွားအလုပ်လုပ်ကြရပါတယ်။ ရွာတွေ ရွာတွေမှာ လူတွေနည်းလာနေတယ်။ အရွယ်ကောင်းတဲ့ လူငယ်၊ လူရွယ်တွေ ရှားပါးလာတယ်။ ကိုယ့်နိုင်ငံအတွင်းမှာပဲ တောရွာတွေကနေ မြို့ကြီးတွေ ဆီသွားအလုပ်လုပ်ကြတာ တော်ပါသေးတယ်။ တိုင်းတစ်ပါးမှာ အောက်ခြေသိမ်း အလုပ်တွေကို အောက်ကြေးနဲ့ အာမခံမရှိ အကာအကွယ်မဲ့စွာ လုပ်နေကြတာ အတော် များလှပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အရေးကြီးတဲ့ အခြေခံအဆောက်အဦတွေကို အကောင်းဆုံးမြှင့်တင်နိုင်ဖို့ အစိုးရနဲ့ ပြည်သူတွေ လက်တွဲဆောင်ရွက်ကြရပါမယ်။ နိုင်ငံတိုင်းမှာ နေရာအကျယ်အဝန်းနဲ့ သင့်တော်တဲ့လူဦးရေတော့ ရှိသင့်ပါတယ်။ စင်ကာပူလို မြို့နိုင်ငံဟာ သူ့အကျယ်အဝန်းနဲ့ လူပေါင်း ငါးသန်း၊ ခြောက်သန်းလောက်သာ နေနိုင်ပေမယ့် မြန်မာနိုင်ငံလို နေရာအကျယ်အဝန်း၊ စိုက်ပျိုးစီးပွား၊ သယံဇာတ၊ သစ်ပင်သစ်တော စသည်တို့နဲ့ကိုက်ညီမယ့် လူဦးရေတော့ ရှိသင့်ပါတယ်။ နိုင်ငံတည်ဆောက်ရေး၊ ထိန်းသိမ်းရေး၊ ကာကွယ်ရေး စသည်တို့မှာ သင့်တင့်တဲ့ လူပမာဏရှိသင့်ပါတယ်။ အရေအတွက်ထက် အရည်အချင်းက ပိုအရေးကြီးတယ်ဆိုပေမယ့် အရေအတွက်ကလည်း အတိုင်းအတာတစ်ခုအထိ အရေးပါပါတယ်။ နာမည်ကြီးလှတဲ့ ဖို့ဒ်၊ မာစီးဒီးစ်၊ ရိုးလ်စ် ရွက်စ်စတဲ့ မော်တော်ကားတွေ ဘယ်လောက်ပဲစွမ်းအင်ကောင်းတယ် ဆိုပေဦးတော့ ဘီးကတော့ လေးဘီးရှိရမှာ ဖြစ်ပါတယ်။ ကောင်းလှတဲ့ကားမို့ ဘီးသုံးဘီးနဲ့ပဲ သွားလို့မရပါဘူး။ ရှိသင့်တဲ့အရေအတွက်ကိုတော့ ရှိသင့်တာဖြစ်ပါတယ်။

နိုင်ငံအကျယ်အဝန်းနဲ့သင့်တော်တဲ့ လူတွေ ဖြန့်ကြက်နေနိုင်ဖို့ အရေးကြီးတယ်လို့ ထင်ပါတယ်။ ဒီလိုသာ နိုင်ငံသားတွေ ကိုယ့်နိုင်ငံထဲက တဖွဲဖွဲထွက်ခွာနေကြမယ်ဆိုရင် နိုင်ငံအတွက် သိသာထင်ရှားတဲ့အခြေအနေတစ်မျိုးမျိုးတော့ တုံ့ပြန်လာနိုင်တယ်ဆိုတာ အထူးသတိပြုသင့်၊ ဆောင်ရွက်သင့်သည်များ ဆောင်ရွက်ထားသင့်တာ ဇေကန်ပဲဖြစ်ပါတယ်။ နိုင်ငံအတွက် အားထားရမယ့် အသိပညာရှင်၊ အတတ်ပညာရှင်တွေရှိနေမှ နိုင်ငံတည်ဆောက်ရေးမှာ အင်အားတွေရှိနေမှာဖြစ်ပါတယ်။ မိတ်ဆွေတစ်ဦးက ထိုင်းနိုင်ငံကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပဲငါးပိ စတာတွေ တင်ပို့နေပါတယ်။ ထိုင်းနိုင်ငံ သားတွေက ဒါတွေ စားလို့လားလို့မေးတော့၊ မဟုတ်ဘူး၊ ထိုင်းမှာနေတဲ့ မြန်မာတွေစားဖို့တဲ့။ "ထိုင်းနိုင်ငံရဲ့ စက်မှု၊ စိုက်ပျိုးမွေးမြူရေးက စလို့ လုပ်ငန်းအတော်များများမှာ မြန်မာနိုင်ငံသားတွေဟာ အဓိက မောင်းနှင်အားတွေပဲ။ အဲဒီလုပ်ငန်းတွေရဲ့အခြေခံ လုပ်ငန်းတွေမှာ မြန်မာတွေသာ အများစုရှိနေတယ်။ သူတို့စားဖို့ မြန်မာအစားအစာတွေ လိုတယ်။ ဒါကြောင့် ဒီလုပ်ငန်းလုပ်တယ်၊ အဆင်ပြေတယ် လို့"ဆိုပါတယ်။

မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ Gray Market ခေါ် နည်းပညာနိမ့် စက်မှုပစ္စည်းတွေရဲ့အဓိကဈေးကွက်ကြီးတစ်ခုဖြစ်နေခဲ့တာ နှစ်ပေါင်းကြာလှပေါ့။ အခုတစ်ခါ ဆေးကုသရေးလုပ်ငန်းများမှာ ယုံကြည်မှုပျက်ပြားနေသဖြင့် "ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုများအပေါ် ယုံကြည်မှုတည်ဆောက်ခြင်း"ဆိုတဲ့ခေါင်းစဉ်နဲ့ စကားဝိုင်းဆွေးနွေးပွဲတောင် ကျင်းပခဲ့တယ်လို့ သိရပါတယ်။ တကယ်လည်း နိုင်ငံခြား ဆေးထွက်ကုသူတွေ များလာနေတာ တွေ့နိုင်ပါတယ်။ အထူးသဖြင့် ထိုင်းဆေးရုံတွေကို ရွေးချယ်ကြတာ များပါတယ်။ ဝန်ဆောင်မှုကောင်းတယ်၊ အချိန်မကုန်ဘူး၊ ကုသမှုကောင်းတယ်၊ ကုန်ကျစရိတ်လည်း သိပ်မကွာလှဘူးလို့ သွားကြသူများမှတစ်ဆင့် သတင်းစကားကြားသိရပါတယ်။ ဒါတွေအားလုံးဟာလည်း နိုင်ငံအတွက် မကောင်းတဲ့လက္ခဏာတွေပါ။ ကျွန်တော်တို့အားလုံး အထူးပြုပြင်ဆောင်ရွက်ကြရမယ့် Human Resource ကိစ္စဖြစ်ပါတယ်ခင်ဗျာ။

**စားဝတ်နေရေးခက်ခဲမှုက အများစုကို တွန်းပို့နေ**

တောရွာတွေမှာဆိုအရွယ်ကောင်း ကွမ်းတောင်ကိုင်မလေးတွေမရှိတော့လို့ အမယ်အိုတွေက ကွမ်းတောင်ကိုင်နေကြရတယ်။ အလှူအတန်းဆိုလည်း အရင်လို စည်စည်ကားကားဝိုင်းလုပ်မယ့်သူတွေ တော်တော်နည်းသွားလို့ အလှူတောင် သိပ်ကြီးကြီးကျယ်ကျယ် မလုပ်ဖြစ်တော့ဘူးလို့ ကျေးလက်နေပြည်သူအချို့ပြောတာ စိတ်မကောင်းဖွယ် ကြားသိရပါတယ်။ ရွာမှာရှိနေသူတွေကလည်း အကြွေးဆို လာမမေးနဲ့ ရသလောက်ယူတယ်၊ ဆပ်ဖို့လိုရင် လှည့်ပြီးချေးတယ်၊ အကြွေးကစားတယ်၊ အကြွေးကို အကြွေးနဲ့လှည့်နေလို့ နောက်ဆုံးတော့ ရှောင်ပြေးကြ၊ အမှုအခင်းတွေဖြစ်ကြနဲ့ ဒုက္ခမျိုးစုံကြုံနေကြရတာကိုလည်း တွေ့နေရပါတယ်။ ငွေချေးပေးတယ်ဆိုတာ အလုပ်လုပ်ဖို့ ရင်းနှီးဖို့ဖြစ်ပါတယ်။ ချေးလို့ရတာနဲ့ ဖုန်းဝယ်၊ ရွှေဝယ်၊ လောင်းကစားလုပ်ကြ၊ ဖြုန်းပစ်ကြတယ်။ အရင်းပျောက်တော့ အဆိုးကျော့ သံသရာလည်နေကြတာ စိတ်မချမ်းမြေ့ဖွယ်ပါ။ ကျေးလက်တောရွာအများစုမှာ မလေးသွားမလား၊ ထိုင်းသွားမလားနဲ့သာ အပြိုင်အဆိုင်လုပ်နေကြလေရဲ့လို့ မိတ်ဆွေတစ်ဦးက ဆိုတယ်။ စားဝတ်နေရေးခက်ခဲမှုက အများစုကို တွန်းပို့နေတဲ့ အချက်ဖြစ်နေတာမို့ ထွက်ခွာသူတွေ အမြဲရှိနေတယ်လို့ ထင်ပါတယ်ခင်ဗျာ။

အခြေခံပညာရေးကဏ္ဍမှာကြည့်ရင်လည်း ကျောင်းသားလူငယ်တော်တော်များများဟာ ကျောင်းပြင်ကို ရောက်သွားနေတယ်လို့ ခန့်မှန်းကြောင်းသိရပါတယ်။ လူငယ်အများစုဟာ ပြည်တွင်းမှာ အလုပ်အကိုင် အဆင်မပြေတာကြောင့် အနီးအနားက တိုင်းပြည်တွေမှာ ရရာအလုပ်တွေကိုသာ ဝင်လုပ်နေကြတာ များလာပါတယ်။ လူသားအရင်းအမြစ်တွေ ပြုန်းတီးမှုကလည်း နိုင်ငံတော်အတွက် အနုတ်လက္ခဏာတွေဖြစ်ခဲ့တာလို့လည်း ထင်မိပါတယ်။ ပညာတကယ်တော်တဲ့ လူငယ်လေးတွေကတော့ အဆင့်မြင့်ပညာတွေကို နိုင်ငံခြားမှာ ဆက်လက်သင်ကြားကြ၊ အဲဒီမှာပဲအခြေချကြလေ့ရှိနေတာမို့ အမိနိုင်ငံအတွက် ဆုံးရှုံးမှုကြုံရပြန်ပါတယ်။ ထူးချွန်တဲ့ လူငယ်လေးတွေဟာ ကိုယ့်နိုင်ငံမှာ အခြေခံပညာတွေသင်ကြားခဲ့ကြပေမယ့် အဆင့်မြင့်ပညာတွေ တတ်မြောက်ပြီးချိန်မှာတော့ Push Factor နဲ့ Pull Factor တွေကြောင့် တစ်ပါးသောနိုင်ငံကြီးတွေကို အကျိုးပြုသူတွေဖြစ်လာကြပါတယ်။ တကယ်တော့ ကိုယ့်နိုင်ငံကို ကိုယ့်နိုင်ငံသားတွေကမှ မထူထောင်ရင် ဘယ်သူက လာထူထောင်ပေးနိုင်မှာတဲ့လဲခင်ဗျာ။ အမိနိုင်ငံကြီးအတွက် အမိနိုင်ငံသားကောင်းများကသာ အမှန်တကယ် စောင့်ရှောက်ထိန်းသိမ်းသူတွေဖြစ်သင့်ပါတယ်။ အခုချိန်မှာ နိုင်ငံသားများ ညီညွတ်ကြဖို့၊ လက်တွဲကြဖို့ လိုပါတယ်။ နိုင်ငံသားများ နိုင်ငံက ထွက်ခွာနေမှုဟာ အဖြေမှန်တစ်ခုမဟုတ်ပါ။ နိုင်ငံအတွက် အကျိုးမဲ့မှုဆီ ဦးတည်နေတာကြောင့် စုပေါင်းလက်တွဲ အဖြေရှာသင့်ကြကြောင်းပါခင်ဗျာ။ ။

> **"ကိုယ့်နိုင်ငံကို ကိုယ့်နိုင်ငံသားတွေကမှ မထူထောင်ရင် ဘယ်သူက လာထူထောင်ပေးနိုင်မှာတဲ့လဲခင်ဗျာ။ အမိနိုင်ငံကြီးအတွက် အမိနိုင်ငံသားကောင်းများကသာ အမှန်တကယ် စောင့်ရှောက်ထိန်းသိမ်းသူတွေ ဖြစ်သင့်ပါတယ်။ အခုချိန်မှာ နိုင်ငံသားများ ညီညွတ်ကြဖို့၊ လက်တွဲကြဖို့ လိုပါတယ်။ နိုင်ငံသားများ နိုင်ငံက ထွက်ခွာနေမှုဟာ အဖြေမှန်တစ်ခု မဟုတ်ပါ။ နိုင်ငံအတွက် အကျိုးမဲ့မှုဆီ ဦးတည်နေတာကြောင့် စုပေါင်းလက်တွဲအဖြေရှာသင့်"**

# မြင်းမူမြို့နယ်အတွင်း ရောဝတီမြစ်ရေနှင့် မူးမြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းများ ပိတ်ထားရ

**မြင်းမူ ဇူလိုင် ၂၁**



မြင်းမူ-လက္ကပင် တာပေါင်နိမ့်ကျသွားရာနေရာသို့ မြို့နယ် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆည်မြောင်းဌာန၊ ထွေ/အုပ်ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများ၊ အင်အား ၃၀ ခန့်က နိမ့်ကျသွားသောနေရာအား သဲဖို့ခြင်း၊ လက္ကပင် အခြေခံပညာအလယ်တန်းကျောင်းထဲမှ ရေထဲမျောပါနိုင်သောစာသင်ခုံ၊ စားပွဲ၊ ဗီရိုများကို ရေလွတ်ရာသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ရွှေ့ပြောင်းပေးခဲ့သည်။

လက္ကပင် အလယ်တန်းကျောင်းဝင်းထဲသို့ ဇူလိုင် ၁၉ ရက်က ရေအနက် သုံးပေခန့် စတင်ဝင်ရောက်ကာ ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် နေ့ပိုင်းရေထပ်တိုးလာ၍ ကျောင်းပိတ်လိုက်ရသည်။ ကျွဲရိုက်ရွာသစ် အမကကျောင်းတွင် ရေအနက် ၁ ဒသမ ၁၀ ပေ၊ ဆပွန်းကုန်း အခြေခံပညာမူလွန်ကျောင်းတွင် ရေအနက်ပေ နှစ်ပေ၊ မြင်းမူအမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ရေအနက် သုည ဒသမ ၆ ပေ၊ ဆိပ်သာအမကကျောင်းတွင် ရေအနက် နှစ်ပေတို့ဖြစ်ခြင်းကြောင့် ကျောင်းများ ယာယီပိတ်လိုက်ရသည်။

"မြင်းမူ အမှတ် (၁) အလယ်တန်းကျောင်းခွဲက ဒီနေ့စပိတ်လိုက်ရတာ။ အုန်းပင်၊ သာယာပေါင်း မနက်ဖြန်ပိတ်ရတော့မယ်။ ရေကတိုးနေတုံး ဘယ်ရက်မှပြန်ဖွင့်မယ်ဆိုတာကရေပေါ်မူတည်တယ်။ အုန်းပင်၊ သာယာပေါင်းက နိမ့်တာခက်တာ၊ ကျွန်တော်တို့က ခက်တာက KG တန်း။ အဲဒီကလေးတွေ သွားရေးလာရေးအဆင်ပြေမှ ကျောင်းဝင်းထဲရေဝင်ပြီဆိုရင်ကို တော်တော်စိတ်ညစ်ရတယ်။ ကလေးတွေဆိုတော့ ရေနဲ့ပတ်သက်ပြီး တစ်ခုခုဖြစ်သွားလို့ ကိုယ့်တာဝန်ဖြစ်ရင် ကလေးဆိုတော့ ချီထားလို့ရတာမဟုတ်ဘူး။ ရေကျသွားရင် တင်ကျန်ရစ်ခဲ့တဲ့ ရွှံ့ညွန်တွေ၊ အမှိုက်သရိုက်တွေ ရှင်းရဦးမယ်။ ကျောင်းတွေက ယာယီပိတ်ထားရတာ။ ဆရာ ဆရာမတွေက ကျောင်းမှာ ရှိနေမှာပါ" ဟု မြို့နယ်ပညာရေးမှူး ဦးမြင့်ဆောင်က ပြောသည်။

၆၂၄



၂၀၁၉ ခုနှစ် ဒုတိယအကြိမ် သထုံခရိုင်ရဲတပ်ဖွဲ့မှူးဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီခွဲတွင် သထုံ(တာယာစက်ရုံ)ကွင်း၌ ကျင်းပရာ ပထမဆုရ အမှတ်(၇၈)သထုံယာဉ်ထိန်းရဲတပ်ဖွဲ့စုအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းက ဆုချီးမြှင့်စဉ်။

**လှိုင်ထွန်းအောင်(သထုံ)**

# ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်သည့်မိသားစုများအား ထမင်းနှင့်ရေသန့်ဘူးများပေးလှူ

**စစ်ကိုင်း ဇူလိုင် ၂၁**



စစ်ကိုင်းမြို့ရောဝတီမြစ်ရေမှာ စိုးရိမ်ရေအမှတ်ပေ ၁၁၅၀ အထက်ကျော်လွန်လျက်ရှိရာ အနိမ့်ပိုင်းမြို့ပေါ်ရပ်ကွက်များနှင့် မြစ်ကမ်းအနီးရှိ ကျေးရွာများ ရေဝင်ရောက်ခြင်းကြောင့် နေအိမ်အများအပြား ရေနစ်မြုပ်လျက်ရှိပြီး ရေလွတ်ရာသို့ပြောင်းရွှေ့နေထိုင်နေကြရကြောင်း သိရသည်။

အနိမ့်ပိုင်းရပ်ကွက်များမှာ သောတပန်၊ ထုံးဘို၊ မြေဝတီ၊ တကောင်းချင်းစု၊ အုတ်စက်ခါးဝယ်ဈေး စသည်ရပ်ကွက်များနှင့် ညောင်ကုန်းကန္ဒားတော်၊ ဂုန်ညင်းထောင်၊ တဲကြီး၊ နေပူကုန်း၊ မအူပင် စသောကျေးရွာများရှိ နေအိမ်များ ရေနစ်မြုပ်ဒဏ်ခံနေရကြောင်း သိရသည်။

ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီက စစ်ကိုင်းမြို့နယ်ရဲတပ်မှူးရုံးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဇော်ဦး ဦးဆောင်၍ မြို့မစခန်းမှူး ဒုရဲမှူး ခိုင်စိုးထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များစုပေါင်းကာ မြေဝတီရပ်ကွက် ရေနစ်မြုပ်မှုကြောင့် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြသူများကို ကြက်သား၊ ငါးပိကြော်၊ ထမင်းဘူးများနှင့် ရေသန့်ဘူးများ ကုသိုလ်ပြုဝေငှပေးကြကြောင်း သိရပြီး တခြားရေလွတ်ရာကုန်းတက်နေကြသည့် မိသားစုများကို နောက်ရက်တွင် ဆက်လက်၍ ထမင်းဘူးနှင့် ရေသန့်ဘူးများကိုဝေငှပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

၀၅၉

# ဂန့်ဂေါမြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေး

**ဂန့်ဂေါ ဇူလိုင် ၂၁**



ဂန့်ဂေါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ် ဆောင်ရွက်လျက်ရှိသော နှမ်းခါးကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအကြောင်းနှင့် ဖောင်မြောင်တောင်သီးနှံဖျက်ပိုးကို ထိရောက်စွာကာကွယ်နှိမ်နင်းရေးနည်းစနစ်များကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိန်ကျော်**

# တောင်ငူ၌ ဆစ်(ခ်) ဓမ္မကျမ်းစာတော်မြတ် ရွတ်ဖတ်ပူဇော်

**တောင်ငူ ဇူလိုင် ၂၁**

ဆစ်(ခ်) ဓမ္မကျမ်းစာတော်မြတ် အသံမစဲရွတ်ဖတ်ပူဇော်ပွဲနှင့် ဆစ်(ခ)သာသနာ့အလံတင်ပွဲ အခမ်းအနားကို တောင်ငူမြို့(၂၀)ရပ်ကွက် နတ်သျှင်နောင်ဘုရားလမ်းရှိ ဆစ်(ခ်)ဘုရားကျောင်း၌ ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပရာ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ဆစ်(ခ်)ဘာသာဝင်များ ရွတ်ဖတ်ပူဇော်ပွဲသို့ တက်ရောက်ပူဇော်ခဲ့ကြသည်။

**ကျွေးမွေးလှူဒါန်း**

ပူဇော်ပွဲတွင် ဝေနေယျသတ္တဝါတို့အား ကောင်းကျိုးချမ်းသာရရှိစေရန်နှင့် ဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ဆစ်(ခ်) ဓမ္မကျမ်းမြတ်တော်ရွတ်ဖတ်ပူဇော်ကန်တော့ခြင်း၊ ဆစ်(ခ်)သာသနာ့အလံတော်အား လွှင့်တင်ခြင်း၊ တရားတော်နာယူခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းများနှင့် ဓမ္မတေးသီဆိုခြင်းများကို ကျင်းပခဲ့ခြင်းဖြစ်ကာ ဘုရားဖူးညှေ့သည်တော်များအား သက်သတ်လွတ်အစားအစာများဖြင့် ကုသိုလ်ပြုကျွေးမွေးလှူဒါန်းခဲ့သည်။

**စည်ကား**

အဆိုပါပွဲတော်သို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆစ်(ခ်)သာသနာရေးရာကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တောင်ငူမြို့နယ် ဟိန္ဒူကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အမှုဆောင်များ၊ ဟိန္ဒူမျိုးနွယ်ဝင်မိသားစုများနှင့် ဆစ်(ခ်)ဘာသာဝင်မိသားစုများ စုံညီစွာတက်ရောက်ခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

Email - reliefsection11@gmail.com, myanmareoc.md@gmail.com

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

# ဟိုပင်တွင် ဆင်တုပ်ကွေးရောဂါ အခမဲ့ကုသရေးအဖွဲ့အမှတ်(၂) ထပ်မံဖွင့်လှစ်

**ဟိုပင် ဇူလိုင် ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့တွင် ရာသီဆင်တုပ်ကွေးရောဂါဖြစ်ပွားသူ များပြားလာသဖြင့် ယနေ့နံနက် ၈ နာရီက အခမဲ့ ဆေးဝါးကုသရေးစင်တာ အမှတ်(၂)ကို မြို့တော်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

**အမြန်ဆုံးပျောက်ကင်းစေရန် ရည်ရွယ်**

ဆင်တုပ်ကွေးရောဂါ အခမဲ့ဆေးဝါးကုသရေးစင်တာကို မြို့တော်ခန်းမ၌ ဖွင့်ထားပြီး တုပ်ကွေးရောဂါဖြစ်ပွားနေသူများကို အမြန်ဆုံး သက်သာပျောက်ကင်းစေရန် ရည်ရွယ်၍ ယခုလိုလုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း မေတ္တာရိပ်(အခမဲ့)ဆေးခန်းပရဟိတအဖွဲ့မှ ဒေါက်တာသန်းထွန်းက ပြောသည်။

“ဆေးရုံက ၂၅ ခုတင်ဆံ့ဆေးရုံပါ။ ရာသီတုပ်ကွေးဖြစ်တဲ့သူ များလာတော့ ဆေးရုံမှာ လူနာတွေက မဆံ့တော့ဘူး။ အပြင်ဆေးခန်းတွေမှာလည်း တန်းစီစောင့်ဆိုင်းနေရတယ်။ အခမဲ့မေတ္တာရိပ် ဆေးခန်းမှာလည်း ဆေးလာကုသူတွေများလာတယ်။ မနေ့က အထက တေဇခန်းမမှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်



အမှတ်(၁) ခုတင် ၃၀၀ ဆေးတပ်အဖွဲ့က အခမဲ့ လာရောက်ကုသပေးတာ လူနာတွေ အတော်များနေလို့ ခွဲပြီးကုသရပါတယ်” ဟု ဒေါက်တာသန်းထွန်းက ပြောသည်။

အသစ်ထပ်မံဖွင့်လှစ်ထားသည့် အခမဲ့ ဆေးဝါးကုသရေးစင်တာအမှတ်(၂)စင်တာကို တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်သည်အထိ ဖွင့်လှစ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

“မိုးညှင်း၊ ဟိုပင်၊ မိုးကောင်းဒေသတွေမှာ အဖြစ်များတယ်။ တစ်ယောက်ချင်းလည်း ဖြစ်သလို မိသားစုတစ်ပြိုင်တည်းဖြစ်တာလည်း ရှိတယ်။ အဆင်ပြေတဲ့သူအတွက် မစိုးရိမ်ရပေမယ့် အောက်ခြေလူတွေအတွက် အခက်အခဲအမျိုးမျိုးရှိနိုင်တယ်။ ဒါကြောင့် လိုအပ်တာတွေ အဆင်သင့်ဖြစ်အောင် မော်တော် ယာဉ်ကြို/ပို့ကအစ စီစဉ်ထားတာတွေ့ရပါတယ်” ဟု လယ်/ဆည်ဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြောကြားသည်။

မြို့တော်ခန်းမတွင် လယ်/ဆည်ဝန်ကြီး ဦးကျော်ကျော်ဝင်း၊ မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်၊ မြို့နယ်ကျန်းမာရေးအဖွဲ့နှင့် တာဝန်ရှိသူများက တုပ်ကွေးရောဂါဝေဒနာရှင်များကို တွေ့ဆုံကာ အားပေးစကားပြောကြားပြီး ဆေးဝါးကုသဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းနှင့် အမှတ်(၁)ဆင်တုပ်ကွေးရောဂါ အခမဲ့ကုသရေးစခန်းကို အလားတူ ယနေ့နံနက်တွင် ဟိုပင်အထက တေဇခန်းမဆောင်၌ ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**ဝဇ္ဇ**

# ညောင်ဦးမြို့နယ်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့၍ နှမ်းလျင်ခင်းများအသီးမပါ နောက်ထပ်မြေပဲစိုက်ပျိုးရန် ထွန်ရေးအသစ်ပြန်ဝင်

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် နှမ်းလျင်စိုက်တောင်သူများ ယခုနှစ် မိုးဦးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး အသီးမပါခြင်းကြောင့် နောက်သီးနှံစိုက်ပျိုးရန် ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။



အဆိုပါ နှမ်းလျင်ခင်းများဖျက်ဆီးခဲ့ရသည့်အတွက် လာမည့်နှစ် မိုးဦးနှမ်းစိုက်ရာသီတွင် နှမ်းလျင်မျိုးရှားပါးနိုင်ကြောင်း ဒေသခံနှမ်းလျင်စိုက်ပျိုးသည့် ပျော့ကံရွာ၊ သစ်ထောင်ရွာ၊ ဖက်တန်းရွာ၊ ကံတောရွာ၊ ယဉ်ဆန်းရွာ တောင်သူများထံမှ သိရသည်။

“ကျွန်တော်တို့ရွာက ဒီနှစ်နှမ်းစိုက်သူဦးရေ များပါတယ်။ နှမ်းမျိုးကလည်း အမျိုးမျိုးရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ရွာတွေက ဘုတ်နှမ်းကို အစိုက်များကြတယ်။ ဒီနှမ်းမျိုးက သက်တမ်းက ရက် ၇၀ ဆိုတော့ မြန်မြန်ပေါ်လွယ်တယ်။ အဲဒါကြောင့် ဒီမျိုးကိုလူတိုင်းစိုက်ကြတယ်။ ဒါပေမယ့် ဒီနှစ်က မိုးဦးရာသီမှာ မိုးရွာသွန်းမှုနည်းခဲ့ပါတယ်။ အပွင့်တော့ ပွင့်လိုက်သေးတယ်။ အသီးကမပါတော့ နောက်တစ်သီးအစားထိုး စိုက်ဖို့ ဖျက်ပစ်ရတာပေါ့ဗျာ” ဟု ယဉ်ဆန်းကျေးရွာမှ မြေပဲစိုက်ပျိုးရန် နှမ်းခင်း ဖျက်နေသည့် တောင်သူ ဦးဝင်းစိုးက ပြောသည်။

“ကျွန်မတို့ရွာဘက်တွေမှာလည်း မိုးဦးကျကျချင်း နှမ်းလျင်စိုက်ပျိုးလေ့ရှိတယ်။ ဒီနှစ်မှာတော့ မိုးက နှမ်းစိုက်ပြီး တစ်မိုးမှမရွာတော့ နှမ်းလျင်ပင်တွေက ပိုးကျတာလိုလို၊ မိုးလိုတာလိုလိုနဲ့ အထုပ်ရွတ်ပြီး နှမ်းဖိုပင်တွေပဲများတယ်။ အဲဒီအပင်တွေမှာ အသီးလုံးဝမပါတော့ ထွန်စက်နဲ့ ထွန်ပစ်ပြီး နောက်ထပ်မြေပဲစိုက်ဖို့ ထွန်ရေးအသစ်ပြန်စကြတယ်။ အဲဒီလို နှမ်းလျင်တွေ ဖျက်ဆီးခဲ့ရတဲ့အတွက် လာမယ့်နှစ် နှမ်းစိုက်ရာသီမှာ နှမ်းမျိုးတွေ ရှားနိုင်တယ်” ဟု ပျော့ကံရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။ **ကျော်ဌေး(ညောင်ဦး)**

# မြန်မာ ယူ-၁၈ အသင်း ဂျပန်ခရီးစဉ် ဒုတိယခြေစမ်းပွဲတွင် ရှုံးနိမ့်

**ရန်ကုန် ဇူလိုင် ၂၁**

ဂျပန်နိုင်ငံ အိုဆာကာမြို့၌ လေ့ကျင့်နေသည့်မြန်မာ ယူ-၁၈ အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ယနေ့မွန်းလွဲ ၂ နာရီခွဲက အိုဆာကာဆန်ဂျိုတက္ကသိုလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၈ အသင်းသည် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသော်လည်း ၆၅ မိနစ်တွင် ပေးလိုက်ရသည့်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဆီရီဇိုအိုဆာကာ ယူ-၁၈ အသင်းကို အနိုင်ရသည့် ပထမခြေစမ်းပွဲမှ ပွဲထွက်လူစာရင်းကို ခြောက်ဦးထိ ပြောင်းလဲကာ ကစားခဲ့သည်။

မြန်မာ ယူ-၁၈ အသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်တွင် နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပြီး နောက်ဆုံးပွဲအဖြစ် ဇူလိုင် ၂၄ ရက်တွင် ဟန်နာတက္ကသိုလ်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ လေ့ကျင့်နေခြင်းဖြစ်သည်။ ဇူလိုင် ၁၈ ရက်က ကစားသည့် ပထမခြေစမ်းပွဲတွင် ဆီရီဇိုအိုဆာကာ ယူ-၁၈ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ရှိုင်းထက်ဇော်**

❖ MNL ပြိုင်ပွဲမှ

အရှုံး အနိုင်မပေါ်ဘဲ သရေရလဒ်ဖြင့် ထပ်မံပြီးဆုံးခဲ့သည်။

ရောဝတီအသင်းသည် ဒဏ်ရာရကစားသမားများရှိနေသောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး အဝေးကွင်းဖြစ်သောကြောင့် ခံစစ်အသားပေးသည့်ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ဒုတိယအကျော့တွင် ပုံစံကောင်းရနေသည့် ရောဝတီအသင်းသည် ယခုပွဲတွင် ရှမ်းယူနိုက်တက်အသင်းကို အခက်တွေ့အောင်လုပ်နိုင်ခဲ့ပြီး ၂၁ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ရောဝတီအတွက် ဦးဆောင်ဂိုးကို ယခုပွဲတွင် တိုက်စစ်မှူးအဖြစ် ကစားသည့် အောင်ကျော်နိုင်က အဝေးမှ လှလှပပကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

**ထိပ်ဆုံးမှ ဦးဆောင်**

ရှမ်းယူနိုက်တက်အသင်းသည် ကွင်းလယ်အသာစီးရစေရန် ပွဲအစတွင် နိုင်ငံခြားသားကွင်းလယ်ကစားသမားနှစ်ဦးကို တစ်ပြိုင်နက်အသုံးပြုခဲ့ပြီး ပထမပိုင်းထက် ဒုတိယပိုင်းမှ ကစားပုံပိုကောင်းလာခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြေစွမ်းပိုင်းမတည်ငြိမ်သေးသောကြောင့် အချို့ပွဲများတွင် အမှတ်များဆုံးရှုံးခဲ့ရပြီး ယခုပွဲတွင်လည်း နောက်မှလိုက်ကစားခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၇၅ မိနစ်တွင် အီမန်နျူရယ်က ထောင့်ကန်ဘောကို ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းနှင့် ရောဝတီ အသင်းတို့၏ သရေရလဒ်ကြောင့် ရန်ကုန်အသင်းသည် သုံးမှတ်အသာဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက Southern အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ခုနစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး အဆင့်(၆)နေရာသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ၃၂ မိနစ်တွင် ဝင်းနိုင်ထွန်း၊ မိနစ် ၈၀ တွင် ဝင်းနိုင်စိုး၊ ၈၂ မိနစ်တွင် လှိုင်းဘိုဘိုတို့က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက Chinland အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အသင်းသည် နိုင်ပွဲပြန်လည်ရှာဖွေနိုင်ခဲ့ပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် တန်းဆင်းဇုန်မှလွတ်ရန် ရုန်းကန်ခဲ့ရကာ Chinland အသင်းမှာမူ ဆက်လက်ရုန်းကန်ရတော့မည်ဖြစ်သည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို ၃၆ မိနစ်တွင် ရာစင်၊ ၈၇ မိနစ်တွင် အောင်ဇင်ဖြိုးနှင့် ၉၀+၂ မိနစ်တွင် ညီညီထွန်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၁၇)အပြီးတွင် ရန်ကုန်အသင်းက ၃၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၃၃ မှတ်၊ ရောဝတီအသင်းက ၃၁ မှတ်၊ ဟံသာဝတီအသင်းက ၂၈ မှတ်၊ ရခိုင်အသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက ၂၅ မှတ်၊ စစ်ကိုင်းအသင်းက ၂၃ မှတ်၊ မကွေးနှင့် ဇွဲကပင်အသင်းက ၁၈ မှတ်စီ၊ Southern အသင်းက ၁၅ မှတ်၊ ဒဂုံအသင်းက ၁၃ မှတ်၊ Chinland အသင်းက ၁၂ မှတ် ရရှိထားသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

❂ ကျောဖုံးမှ

ချန်ပီယံဆုရမည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် လိုအပ်နေသည့် အနိုင်သုံးမှတ်ကို ရယူကာ ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲအစ ၄ မိနစ်တွင် ဟိန်းဇေယျာမင်းက သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့် မြဝတီနှင့် အား/ကာသိပ္ပံအသင်းတို့ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တတိယဆုရ တက္ကသိုလ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်ကို အား/ကာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ ဆုကြေးငွေကျပ် ၃၅ သိန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ ဒုတိယဆုရ အား/ကာသိပ္ပံအသင်းအား တစ်ဦးချင်းဆုတံဆိပ်ကို ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်များ ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာသောင်းထိုက်၊ ဆုကြေးကျပ်သိန်း ၇၀ ကို မြဝတီအသင်း အမှုဆောင်အရာရှိချုပ် ဦးမြတ်စိုး၊ ပထမဆုရ မြဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဆုကြေးကျပ်သိန်း ၁၀၀ ကို MPT, Dy Director of Marketing ဦးခင်မောင်မြင့်၊ ချန်ပီယံဆုဖလားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က ပေးအပ်ချီးမြှင့်သည်။

နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၁၄)တွင် မြဝတီအသင်းက အား/ကာသိပ္ပံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ တက္ကသိုလ်အသင်းက ကချင်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုး ၊ ချင်းယူနိုက်တက်က ငွေကြယ်ပွင့်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မောရဝတီအသင်းက ရွှင်ရယ်သန်လျင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲအပြီးတွင် မြဝတီအသင်းက ၁၃ ပွဲနိုင်၊ တစ်ပွဲရှုံး ၃၉ မှတ်ဖြင့် ပထမ၊ အား/ကာသိပ္ပံအသင်းက ၁၂ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ၃၇ မှတ်ဖြင့် ဒုတိယ၊ တက္ကသိုလ်အသင်းက ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံး ၂၇ မှတ်ဖြင့် တတိယဆုတို့ ရရှိခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ကိုဇေ**

# ရခိုင်ပြည်နယ် ဓမ္မာရုံ၌ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၁**

ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့(ရန်ကုန်)က ကြီးမှူး ကျင်းပသည့် သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို ရခိုင်စည်တော်ရွမ်း၍ ဖွင့်လှစ်ပေးပြီး ရခိုင်ပြည်နယ် ဓမ္မာရုံ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက အခမ်းအနားဖွင့် လျှောက်ထားပြီး ဂေါပကအဖွဲ့ဦးဆောင်နာယက ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် မင်္ဂလသုခပါဠိတက္ကသိုလ်မှ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသထံမှ ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ တိပိဋကက ပုလဲရောင်ရှိန်စာသင်တိုက်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ကုန္ဒပါလက ဩဝါဒကထာမြွက်ကြားပြီး ဂေါပကအဖွဲ့ဦးဆောင်နာယက ဦးစိုးဝင်းက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်မှ ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တာဘိဝံသထံမှ ဝါဆိုသင်္ကန်းလှူဒါန်းရခြင်းအကျိုးတရားတော်ကို နာကြားကြပြီး ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဝင်များနှင့် မိသားစုများ၊ မြို့နယ်၊ တိုက်နယ်နှင့် လူမှုရေး ဘာသာရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရတနာမာရ်အောင် တောရဓမ္မရိပ်သာဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝါယာမိန္ဒထံမှ ပရိသတ်က ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့က ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဂေါပကအဖွဲ့ ဦးဆောင်နာယက ဦးတင်ညွန့်က နိဂုံးချုပ်စကား လျှောက်ထားသည်။

ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက "ဓမ္မာရုံဂေါပကအဖွဲ့က ရခိုင်တိပိဋကဘွဲ့ရ၊ အဂ္ဂမဟာဘွဲ့ရ ဆရာတော်အပါး ၂၀ ကို ပင့်ဖိတ်ပါတယ်။ ရန်ကုန်မှာရှိနေတဲ့ ရခိုင်လူမှုရေး၊ ဘာသာရေးမြို့နယ် အသင်းအဖွဲ့က တစ်သင်း တစ်ပါးကျစီ ၂၇ ပါးပင့်ဖိတ်ပါတယ်။ စုစုပေါင်း ဆရာတော် ၄၇ ပါးကို တစ်နေရာတည်းမှာ တစုတဝေးတည်း ဝါဆိုသင်္ကန်းကပ်လှူကြတာ ဖြစ်ပါတယ်"ဟု ပြောသည်။

**သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-ရဲထွန်း**





အမေရိကန်နိုင်ငံ၌ ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲ တက်ရောက်မည့် မြန်မာကင်းထောက် လူငယ်သုံးဦးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာ တင်ညိုနှင့် ကင်းထောက်ကြီးများက ပို့ဆောင်စဉ်။ မြန်မာနိုင်ငံကင်းထောက်အဖွဲ့

# ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲ တက်ရောက်မည့် မြန်မာကင်းထောက် လူငယ် သုံးဦး အမေရိကန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၁**

အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်ဌာနခွဲက ချီးမြှင့်ပေးအပ်သည့် Scholarship အစီအစဉ်ဖြင့် အမေရိကန်ပြည်ထောင်စု၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ တွေ့ဆုံပွဲတက်ရောက်ကြမည့် မြန်မာကင်းထောက် လူငယ်သုံးဦးဖြစ်သည့် မောင်ခွန်လတ်အောင် (နည်းပညာတက္ကသိုလ် မန္တလေး)၊ မရှင်းသန့်လှိုင် (Brainworks-TOTAL International School Yangon)၊ မောင်ဟိန်းနိုင်စိုး(မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အမေရိကန်နိုင်ငံသို့ထွက်ခွာရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်နှင့် ကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ်များ၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

(၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲ တက်ရောက်မည့် မရှင်းသန့်လှိုင် မိသားစုက နိုင်ငံ့ကိုယ်စားပြု ကင်းထောက်အဖွဲ့ဝင်များအတွက် ကင်းထောက်ဝတ်စုံ၊ မြန်မာကင်းထောက် အထိမ်းအမှတ်အသုံးအဆောင်ပစ္စည်းများ၊ နိုင်ငံတကာ လူငယ်များနှင့် အမှတ်တရလဲလှယ်ရန် လိုအပ်သည့် အထိမ်းအမှတ်ပစ္စည်းများကို တာဝန်ယူလှူဒါန်းပြီး ကချင်ပြည်နယ် မြစ်ကြီးနားဇာတိ ကင်းထောက်လူငယ် ခွန်လတ်အောင် မိသားစုကလည်း ၎င်းနှင့်အတူ အမေရိကန်သို့ ကင်းထောက်ကိုယ်စားလှယ်အဖြစ် သွားရောက်မည့် မောင်ဟိန်းနိုင်စိုးအတွက် ဂုဏ်ပြုချီးမြှင့်သည့် အလှူငွေကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပေးအပ်လှူဒါန်းသည်။

(၂၄)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက်များ စခန်းချတွေ့ဆုံပွဲကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ကင်းထောက်လူငယ် ကိုယ်စားလှယ်သုံးဦးအနက် မရှင်းသန့်လှိုင်မှာ ကမ္ဘာ့ကင်းထောက်များ စခန်းချ တွေ့ဆုံပွဲတွင် Story Programme Speaker အဖြစ် ရွေးချယ်ခံရကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့မဈေးတွင် ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေး အသိပညာပေးဆောင်ရွက်

**မကွေး ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီက ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးအသုံးပြုရေး လမ်းညွှန်ချက်နှင့်အညီ Sunday Stop လှုပ်ရှားမှုအဖြစ် မကွေးမြို့မဈေးတွင် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ဌာနပေါင်းစုံ ပူးပေါင်းပါဝင်ကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်မှုတွင် တိုင်းဒေသကြီးအတွင်း တနင်္ဂနွေနေ့တိုင်း ဈေးများတွင် ကြွပ်ကြွပ်အိတ် မသုံးရဟု သတ်မှတ်ထားရှိပြီး ကြွပ်ကြွပ်အိတ် အသုံးပြုခြင်း၏ ဆိုးကျိုးများ အသိပညာပေးဟောပြောခြင်း၊ ကြွပ်ကြွပ်အိတ်ဖြင့် ဝယ်ယူလာသောပစ္စည်းများအား အစားထိုးလဲလှယ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဈေးရောင်းဈေးဝယ်သူများအား ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးအသုံးပြုရေး လမ်းညွှန်ချက်ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်သည်။

အဆိုပါ ဆောင်ရွက်မှုကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်လည်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချရေးနှင့် အစားထိုးအသုံးပြုရေး Sunday Stop လှုပ်ရှားမှုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**



# ရှမ်းရွာသစ်မြို့တွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်

**ရှမ်းရွာသစ် ဇူလိုင် ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ရှိ မွေးကင်းစမှ အသက်(၅)နှစ်အရွယ် ကလေးငယ်များ အသွင်ပြောင်း ပိုလီယိုပိုးကူးစက်မှုကို ဖြတ်တောက်ရန်နှင့် ကလေးငယ်များကို ရာသက်ပန်မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဒုတိယအကြိမ် ရှမ်းရွာသစ်မြို့နှင့် ဘောဘောခီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတို့တွင် ယနေ့နံနက် ၉ နာရီကစ၍ ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းတွင် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်အိနှင်းဝေနှင့် ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက်(၅)နှစ်အရွယ် ကလေးငယ်တိုင်းအား ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ ဒုတိယအကြိမ်နှင့် ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ တတိယအကြိမ်နှင့် တစ်ကြိမ်နှစ်ပတ်ခြား၍ ပိုလီယိုကာကွယ်ဆေး တိုက်ဖူးသည်ဖြစ်စေ၊ မတိုက်ဖူးသည်ဖြစ်စေ ရည်မှန်းသော ကလေးတိုင်းအား အပိုဆောင်း သုံးကြိမ်ဆက်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေဋ္ဌု(မြန်/ဆက်)**

**စိုက်ပြီးသစ်ပင် ထိန်းသိမ်းလျှင် လောင်စာလည်းရ ပြည်လည်းလှ**

# တိရစ္ဆာန်မှ လူသို့ ရောဂါကူးစက်ခြင်း

ဒေါက်တာ ခင်စန်းမော်

လွန်ခဲ့သောနှစ်ရက်က မိန်းမပျိုလေးတစ်ဦးသည် အထွေထွေကုသမားတော် ဆရာဝန် မမကြီးထံမှ ဆေးကုသမှုမှတ်တမ်းကို ယူဆောင်ကာ ကျွန်မ၏ဆေးခန်းကိုရောက်လာပါသည်။ အကြောင်းမှာ ခွေးကိုတုတ်ပြားသန်ကောင်အတွက် သန်ချဆေးကျွေးရန် သန်ချဆေးလာဝယ်ခြင်း ဖြစ်ပါသည်။ သူကိုယ်တိုင်လည်း တုတ်ပြားသန်ကောင်ကူးစက်နေသောကြောင့် သန်ချဆေးသောက်ရမည်ဟု ကြားသိရသည်။

ဤဖြစ်ရပ်သည် တိရစ္ဆာန်မှ လူကိုကူးစက်တတ်သည့်ရောဂါများ (Zoonosis) ၏သာဓက တစ်ခုပင်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီး (World Health Organization-WHO) က Zoonosis ၏အဓိပ္ပာယ်ကို “ကျောရိုးရှိသတ္တဝါများနှင့်လူသားတို့အကြားတွင် သဘာဝအလျောက် ရောဂါပိုးများကူးစက်စေခြင်း၊ လူသားတို့မှာ ရောဂါဖြစ်ပွားစေခြင်း”ဟု ဖွင့်ဆိုပါသည်။

သို့သော် အချို့သောအခြေအနေများသည် ဤအဓိပ္ပာယ်ဖွင့်ဆိုချက်၏ ဘောင်အပြင်ဘက်သို့ရောက်နေတတ်သဖြင့် အတိအကျ မမှတ်ယူနိုင်ခြင်းမျိုးလည်း ရှိတတ်ပါသည်။ ဥပမာ ပင်လယ်စာအစားအစာများ၊ အခွံမာကမာကောင်၊ ခုံးကောင်တို့ကြောင့် အစာအဆိပ်သင့်ခြင်းသည် toxin ခေါ် အဆိပ်ဓာတ်ကြောင့်သာဖြစ်ပြီး ရောဂါပိုးကြောင့်လည်းမဟုတ်၊ ကမာကောင်၊ခုံးကောင်တို့သည် ကျောရိုးရှိသတ္တဝါလည်း မဟုတ်ကြပေ။ ရေသတ္တဝါစားသုံးခြင်းကြောင့်သာ ဖြစ်သော်လည်း အခြားရောဂါအုပ်စုများထဲတွင် မထည့်ဘဲ Zoonotic disease များထဲတွင် ထည့်သွင်းဖော်ပြကြသည်။

**Zoonosis ဖြစ်စေတတ်သော ရောဂါပိုးအမျိုးအစားများမှာ** -

- Arthropods (အဆစ်ရှိသတ္တဝါ)၊
- ဗက်တီးရီးယားများ၊
- မှိုပိုးများ၊
- သန်ကောင်နှင့် ကပ်ပါးကောင်များ၊
- ပရိုတို ဇွ များ၊
- Rickettsia များ၊
- ဗိုင်းရပ်စ်များ တို့ဖြစ်ကြပါသည်။

ရောဂါပိုးများကြောင့်ဖြစ်လာသော ရောဂါလက္ခဏာများ၊ ဒုက္ခပေးနိုင်သောအစွမ်းများနှင့် အကျိုးသက်ရောက်မှုများသည် အထူးကျယ်ပြန့်လှသည်။ တိရစ္ဆာန်တွင် ရောဂါပိုးဝင်ရောက်ခြင်းနှင့် လူတွင်ရောဂါပိုးဝင်ရောက်ခြင်းတို့ကိုယှဉ်ကြည့်လျှင် ရောဂါလက္ခဏာ မတူညီကြသည်ကို တွေ့နိုင်သည်။ တိရစ္ဆာန်များတွင် ရောဂါပိုးဝင်လျှင် ရောဂါလက္ခဏာ လုံးဝမပြခြင်း၊ ရောဂါလက္ခဏာ အနည်းငယ်သာပြခြင်း၊ ရောဂါလက္ခဏာ ပြင်းထန်ခြင်းမျိုးရှိတတ်သလို တိရစ္ဆာန်များမှလူကိုကူးစက်သောအခါ ရောဂါလက္ခဏာလုံးဝမပြခြင်း၊ ရောဂါဖြစ်ပွားလာခြင်း၊ ရောဂါပြင်းထန်ဆိုးရွားခြင်းများရှိတတ်ပါသည်။

အချို့ရောဂါပိုးများကြောင့် လူကိုကူးစက်လျှင် သေဆုံးနှုန်း ၅၀ ရာခိုင်နှုန်းအထက်ရှိကြောင်း တွေ့ရသည်။ ဥပမာ အီဘိုလာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားစဉ်က လူတွင်သေဆုံးနှုန်း ၉၀ ရာခိုင်နှုန်းအထိ ရောက်သွားခဲ့သည်။ ၂၀၀၅ ခုနှစ် မေလတွင် ကွန်ဂိုနိုင်ငံ၌ အီဘိုလာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားသောအခါ ရောဂါကူးစက်ခံရကြောင်းသေချာသည့် လူ ၁၁ ဦးအနက် ကိုးဦး သေဆုံးခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ဆူဒန်နိုင်ငံ၌ ဖြစ်ပွားခဲ့သော အီဘိုလာရောဂါကြောင့်လူ ၁၇ ဦးအနက် ခုနစ်ဦး သေဆုံးခဲ့သည်။


၂၀၀၀ ပြည့်နှစ် ဆောင်းဦးရာသီတွင် ယူဂန္ဓာနိုင်ငံ၌ အီဘိုလာရောဂါ ကူးစက်ပျံ့နှံ့မှု အကြီးအကျယ်ဖြစ်ပွားခဲ့ရာ လူ ၁၅၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ ထိုလူများထဲတွင် ကျန်းမာရေးလုပ်သားများစွာပါဝင်သည်။ တစ်ခါတစ်ရံရောဂါပိုးသည် အုပ်စုတစ်ခုတည်းမှာပါဝင်ပြီး Species ဟုခေါ်သောမျိုးကွဲများသာကွဲခြားကြသည်။ Species တစ်ခုစီတိုင်းတွင် ရောဂါဖြစ်အောင်ဒုက္ခပေးနိုင်စွမ်းလည်း ရှိကြသည်။ ယင်းတို့ကို Zoonotic agent ဟု ခေါ်ပါသည်။ Zoonotic agent တို့သည် မည်သည့်အမျိုးအစားဖြစ်စေ သူတို့ကြိုက်နှစ်သက်သောပတ်ဝန်းကျင်နှင့် ကြိုက်နှစ်သက်သောအခြေအနေတစ်ခုခုကိုရောက်သည်နှင့် တိရစ္ဆာန်မှလူကို ရောဂါကူးစက်စေနိုင်သည့် အရည်အချင်းရှိသည်။

အချို့ရောဂါပိုးများသည် တိရစ္ဆာန်မှ လူကိုကူးစက်သောအခါ အလွယ်တကူ ကူးစက်နိုင်ကြပြီး လူတွင်ဖြစ်ပွားသောအခါ ရောဂါလက္ခဏာများ ဆိုးရွားပြင်းထန်တတ်သည်။

အချို့တိရစ္ဆာန်များသည် ရောဂါပိုးကိုသယ်ဆောင်ထားသူ၊ သိုလှောင်သူအဖြစ် ပါဝင်သည့်အပြင် သူတို့ခန္ဓာကိုယ်ထဲမှာ ပွားများလာအောင် ပြုလုပ်နိုင်သေးသည်။ ရောဂါပိုးပမာဏ အနည်း၊ အများ၊ လူ၏ကိုယ်ခံအားနှင့် ရောဂါပျိုးချိန်တို့အပေါ် မူတည်ပြီး ရောဂါပိုးဝင်တိုင်း ချက်ချင်းရောဂါမဖြစ်ပွားတတ်ပါ။ သို့သော် ပလိပ်ရောဂါပိုးသည် ကြွက်တို့၏လှေးမှတစ်ဆင့် ကူးစက်တတ်ရာ လှေးကကိုက်လိုက်ပြီး ရောဂါပိုးတစ်ကောင်တည်းဝင်သွားရုံမျှနှင့် ရောဂါကူးစက်နိုင်ပါသည်။ ထို့အတူပင် ကျွဲ၊ နွားများမှာ ဖြစ်ပွားတတ်သော ထောင့်သန်းရောဂါပိုးသည်လည်း Spore တစ်ကောင်က အရေပြားမှတစ်ဆင့် ဝင်သွားရုံမျှနှင့် ရောဂါကူးစက်တတ်ပါသည်။

**တိရစ္ဆာန်မှလူသို့ ရောဂါကူးစက်သည့်နည်းလမ်းများ**

- အသက်ရှူလမ်းကြောင်းမှ ကူးစက်ခြင်း၊
- သွေး၊ တံတွေးများမှ ကူးစက်ခြင်း၊
- ဆီး၊ ဝမ်းများမှ ကူးစက်ခြင်း၊
- formite များနှင့် ထိတွေ့ခြင်း၊
- အစားအစာနှင့် ရေများမှ ကူးစက်ခြင်း၊
- အစာလမ်းကြောင်းမှ ကူးစက်ခြင်း၊
- ခန္ဓာကိုယ်နှင့် ထိတွေ့မိခြင်းကြောင့်ကူးစက်ခြင်း၊
- ကပ်ပါးကောင်များမှ ကူးစက်ခြင်း(လှေး၊ ခြင်၊ သန်း၊ မွှား)၊




- ကုတ်ခြစ်မိရာမှ ကူးစက်ခြင်း၊
- ကိုက်မိခြင်းကြောင့် ကူးစက်ခြင်း၊
- အရေပြား၊ အမွေးအမျှင်များမှ ကူးစက်ခြင်းတို့ဖြစ်ကြသည်။

အချို့ရောဂါပိုးများသည် ရောဂါဖြစ်ရန် လုံလောက်သောပမာဏဝင်သွားမှ ရောဂါလက္ခဏာများ ဖြစ်ပေါ်လာတတ်သည်။ ရှိနေပြီးသားအနာများ၊ ပွန်းပဲ့စုတ်ပြတ်နေသောအနာများမှတစ်ဆင့် ဝင်ရောက်သွားလျှင် ရောဂါပိုး၏ ဒုက္ခပေးနိုင်စွမ်းအပေါ်မူတည်ပြီး အလျင်အမြန်လက္ခဏာပြတတ်သည်။ မကြာခဏရောဂါပိုးဝင်ခြင်းသည် ရောဂါကူးစက်ရန်အတွက် လုံလောက်ပါသည်။

တိုက်ရိုက်ကူးစက်ခြင်းတွင် ရောဂါပိုးပါရှိနေသောသွေးစိမ်းရှင်ရှင်၊ တံတွေးရည်၊ ဆီး၊ ဝမ်းများနှင့် ထိတွေ့ခြင်း၊ အနာမှတစ်ဆင့် ဝင်ရောက်သွားခြင်းတို့ ပါဝင်သည်။ ရောဂါပိုးပါဝင်သောလေကို ရှူရှိုက်မိခြင်း၊



ရောဂါပိုးပါနေသောအရာကို အကြောင်းကြောင်းကြောင့် စားမိခြင်းတို့သည်လည်း တိုက်ရိုက်ကူးစက်ခြင်းပင်ဖြစ်သည်။

ရောဂါပိုးပါဝင်နေသောအစားအစာများနှင့် ရေတို့ကို စားသုံးမိခြင်းသည် အစာလမ်းကြောင်းမှ ကူးစက်သောနည်းလမ်းဖြစ်ပါသည်။ ပိုးသတ်ထားခြင်းမရှိသော နွားနို့ကိုသောက်သုံးခြင်း၊ နွားနို့အစိမ်းသောက်သုံးမှု ခေတ်စားလာခြင်းတို့သည် နွားနို့မှတစ်ဆင့် ကူးစက်တတ်သောရောဂါဖြစ်ပွားနှုန်းအား တိုးတက်စေသည်။ မကျက်တကျက်ချက်ထားသောအသား သို့မဟုတ် အသားစိမ်းကို စားသုံးခြင်း၊ စနစ်တကျသိမ်းဆည်းထားခြင်းမရှိသော ကြက်အူချောင်း၊ ဝက်အူချောင်းများကိုစားသုံးခြင်းသည် ရောဂါပိုးအမြောက်အမြားကို သယ်ဆောင်သွားနိုင်သည်။

အထူးသဖြင့် Zoonosis ရောဂါပိုးများကြောင့် ဝမ်းပျက် ဝမ်းလျှောခြင်း၊ ဗိုက်နာခြင်း၊ ဗိုက်အောင့်ခြင်းတို့ ဖြစ်လာတတ်သည်။ တိရစ္ဆာန်တို့၏ ဆီး၊ ဝမ်းနှင့် အညစ်အကြေးများပါဝင်နေသည့် အစားအစာနှင့် ရေတို့ကို စားသောက်မိပါက သန်ကောင်ရောဂါကူးစက်ခြင်းနှင့် ဗက်တီးရီးယားရောဂါများ ကူးစက်ခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

အထူးသဖြင့် မြို့ပြဒေသ၏ အိမ်မွေးတိရစ္ဆာန်ချစ်သူများကမ္ဘာမှာ အိမ်မွေးတိရစ္ဆာန်သည် အိမ်မွေးအချစ်တော် အဖော်မွန်အဖြစ်သာ မဟုတ်ကြတော့ပေ။ မိသားစုဝင်အဖြစ် အရေးတယူ အလေးထား ဂရုစိုက်စောင့်ရှောက်ခံရသူများ ဖြစ်လာကြသည်။ ခရီးသွားလျှင် ခေါ်ဆောင်သွားခြင်း သို့မဟုတ် အပ်နှံထားခြင်း၊ Grooming ခေါ် သန့်ရှင်းသပ်ရပ်အောင် အမွေးညှပ်ပေးခြင်း၊ ရေချိုးပေးခြင်း၊ အဝတ်အစားဝတ်ပေးခြင်း၊ ဖိနပ်ဝတ်ဆင်ပေးခြင်း၊ နေကာမျက်မှန်၊ ဦးထုပ်၊ မိုးကာစသည်တို့ကို ဆင်ယင်ပေးကြခြင်းတို့သည် တတ်နိုင်လျှင် တတ်နိုင်သလောက်၊ အချိန်ပေးနိုင်လျှင် ပေးနိုင်သလောက် လုပ်ပေးလာကြသည့် ပြုဖွယ်ကိစ္စရပ်များဖြစ်လာကြပါသည်။ ပွေ့ချီခြင်း၊ သွားလေရာခေါ်သွားခြင်း၊ ဖက်ရမ်းနမ်းရှုပ်ခြင်း၊ အိပ်ရာထဲမှာ လူနှင့်အတူတကွအိပ်စက်စေခြင်းတို့သည် အဆန်းတကြယ်မဟုတ်ကြတော့။ မည်မျှပင် ပြုစုစောင့်ရှောက်ပါစေ အဓိကအရေးကြီးသောအချက်မှာ ကျန်းမာရေးသာ ဖြစ်ပါသည်။

အထူးသဖြင့်ခွေးမှလူကို ကူးစက်တတ်သောရောဂါများအား သိရှိနားလည်ထားရန်လိုအပ်သည်။ ထိုရောဂါများထဲ၌ ခန္ဓာပြင်ပ ကပ်ပါးကောင်များ (လှေး၊ သန်း၊ မွှား)နှင့် ခန္ဓာတွင်းကပ်ပါးကောင်များ (သန်ကောင်များ) ပါဝင်ပါသည်။ ခွေး၏သန်ပြားကောင်သည် ခပ်ပြားပြားသဏ္ဌာန်ရှိသည့်အတွက် သန်ပြားကောင်ဟုခေါ်ခြင်းဖြစ်သည်။သန်ပြားကောင်၏ အဆစ်အပိုင်းများသည် ခွေး၏မစင်ထဲတွင် ပြတ်၍ထွက်ကျတတ်သဖြင့် ဆန်စေ့များကဲ့သို့မြင်ရသည်။ အဆစ်တစ်ခုစီသည် မြောက်မြားစွာသောဥများကို သယ်ဆောင်ထားသည့် ဥအိမ်ကြီးဖြစ်ပေသည်။ ထိုအဆစ်အပိုင်းများကို လှေး (flea) က စားခြင်းဖြင့် လှေးခန္ဓာကိုယ်ထဲတွင် ဥများကြီးရင့်လာပြီး ရောဂါစွဲကပ်စေနိုင်သောအဆင့်သို့ရောက်သည်။ လှေးများသည် ခွေးအမွေးများကြားတွင်နေသဖြင့် သူ့ကိုယ်သူ လျှာနှင့်လျက်သည့်အခါ လှေးများကိုမျိုချမိပြီး ခွေး၏အူလမ်းကြောင်းထဲမှာ သန်ပြားကောင်ဘဝသို့ ပြန်ရောက်သည်။ သန်ပြားကောင်ဥကိုသယ်ဆောင်ထားသောလှေးသည် လူ၏စားစရာထဲရောက်သွားလျှင်ဖြစ်စေ၊ လှေးများကို ပါးစပ်မှ မျိုချမိလျှင်ဖြစ်စေ လူကို သန်ပြားကောင်ရောဂါစွဲကပ်နိုင်ပါသည်။ သုတေသနမှတ်တမ်းများအရ ခွေး၏သန်ပြားကောင် လူကိုစွဲကပ်ခြင်းအား ခွေးနှင့် လက်ပွန်းတတီးနေတတ်သော ငယ်ရွယ်သေးသည့်ကလေးများမှာသာ အများအားဖြင့်တွေ့ရတတ်သည်။

ထို့ကြောင့် ခွေး၏ သန်ပြားကောင်ရောဂါ လူကိုမကူးစက်စေရန် -

- ခွေးကို လှေးများကင်းစင်အောင် ရှင်းလင်းနှိမ်နင်းထားပါ။
- အိမ်ထဲတွင်လည်း ခွေးလှေးများမခိုကပ်နေအောင် ရှင်းလင်းထားပါ။
- ခွေးကိုသန်ပြားကောင် ကင်းစင်အောင် ဆရာဝန်ထံမှ အကြံရယူပြီး သန်ချဆေးတိုက်ကျွေးပါ။
- ခွေး၏မစင်အညစ်အကြေးများကို လုံခြုံစွာထုပ်ပိုးပြီး စနစ်တကျစွန့်ပစ်ပါ။
- ကလေးများအား ခွေးနှင့်ဆော့ကစားပြီးတိုင်း ရေချိုးသန့်စင်ဆေးကြောခိုင်းပါဟု အကြံပြုအပ်ပါသည်။

# မန္တလေးမြို့ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်က အနီးကျေးရွာများ ရေဝင် မြစ်ရေကြီးမှုကာကွယ်ရေး ရေကင်းများချထား

**မန္တလေး ဇူလိုင် ၂၁**
ဇူလိုင်တတိယပတ်မှ စတင်ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိတ်စိတ် မိုးထစ်ချုန်းရွာသွန်းခဲ့မှုကြောင့် ဧရာဝတီမြစ်ရေသည် မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်း၊ မရမ်းခြံဆိပ်ကမ်း၊ ကျွဲစွန်းဆိပ်ကမ်းနယ်မြေများတွင် ဇူလိုင် ၂၀ ရက် ညနေ ၆ နာရီအထိ ၁၂၇၆ စင်တီမီတာ မြင့်တက်ခဲ့သည်။

မန္တလေးမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၂၆၀စင်တီမီတာဖြစ်သည်။ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မန္တလေးခရိုင်အတွင်း ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ် အနိမ့်ပိုင်းကျေးရွာအုပ်စုများ၊ ရပ်ကွက်များတွင် ရေများစတင်ဝင်ရောက်လျက်ရှိသည်။ ဧရာဝတီမြစ်ရေသည် နောက်သုံးရက်အတွင်း မန္တလေးမြို့၏ စိုးရိမ်ရေမှတ်ကျော်လွန်ရောက်ရှိနိုင်ပြီး အမရပူရမြို့နယ်အနီးရှိ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ခြောက်စင်တီမီတာခန့်တွင် ရောက်ရှိနေကာ အဆိုပါမြစ်ရေသည် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သဖြင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးထားသည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနကလည်း ရေကင်းများချထားပြီး မန္တလေးမြို့တော်စည်ပင်သာယာကလည်း သဲအိတ်များချထားသည်။



မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် မြစ်ကမ်းအနီးရှိ ရေဝန်းကျေးရွာ၊ ဝင်းခြံကျေးရွာ၊ ကြံခင်းကျေးရွာ၊ လှိုင်းပေါက်ကျေးရွာ၊ ပေါက်မြိုင်ကျေးရွာ၊ အမရပူရမြို့နယ် ငယ်တိုးကျေးရွာ၊ ရှမ်းလေးကျွန်းကျေးရွာတို့တွင် ရေများစတင်ဝင်ရောက်လျက်ရှိသည်။

ထို့ပြင် အောင်မြေသာစံမြို့နယ်တွင် ရွှေတချောင်းမြောင်းမှ တစ်ဆင့် အနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေဝင်ရောက်လာသဖြင့် မန္တလေးတိုင်းဒေသကြီး ရှာဖွေကယ်ဆယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးနှင့် သဲအိတ်များချထားခြင်း၊ စာသင်ခုံများ နေရာရွှေ့ပြောင်းခြင်းတို့ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**သီဟကိုကို(မန္တလေး)**



# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က သဘာဝဘေးဒဏ်သင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်

**မင်းပြား ဇူလိုင် ၂၁**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ်အတွင်း ဇူလိုင် ၈ မှ ၁၄ ရက်ထိ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် အိမ်ထောင်စုများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက မင်းပြားမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းငြိမ်းနိုင်နှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများကို ရေကြီးရေလျှံမှုကြောင့် လုံးဝပျက်စီးအိမ်ထောင်စု ၂၅ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သုံးသိန်း၊ တစ်စိတ်တစ်ပိုင်းပျက်စီး အိမ်ထောင်စု ၃၁ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၀၆ သိန်း ပေးအပ်သည်။

ထို့အပြင် မြောက်ဦးခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက လုံးဝပျက်စီး အိမ်ထောင်စု ခြောက်စုအတွက် တစ်အိမ်လျှင် ကျပ်တစ်သိန်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးအိမ်ထောင်စု ၂၉ စုအတွက် တစ်အိမ်လျှင် ငွေကျပ် ၂၀၀၀၀၊ တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးပါ ပုံးခြောက်ပုံး စုစုပေါင်း ငွေကျပ် ၁၂ သိန်းကျော်တန်ဖိုးကို ပေးအပ်ခဲ့သည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# သွေးမတိတ်ရောဂါအကြောင်း အသိပညာပေးဟောပြော

**မန္တလေး ဇူလိုင် ၂၁**
သွေးမတိတ်ရောဂါရှင်များအသင်း(မန္တလေး)က ကြီးမှူး၍ သွေးမတိတ်ရောဂါအကြောင်း အသိပညာပေးခြင်းအစီအစဉ်ကို ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက် ညနေ ၅ နာရီမှ ည ၇ နာရီအထိ အောင်မြေသာစံမြို့နယ် (၆၆)လမ်းနှင့် (၂၄) လမ်းထောင့် ကျုံးဘေး၌ ကျင်းပရာ မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ်၊ စာရေးဆရာ ကျော်ရင်မြင့်၊ ဆရာ ညီပုလေးတို့က အမှတ်တရစကားများပြောကြားကြပြီး အဆိုတော်မွန်းအောင်က တေးသီချင်းများဖြင့် ဖျော်ဖြေသည်။ သွေးမတိတ် လူငယ်ကလေးများ ကိုယ်တိုင်စွန့်ပစ်ပစ္စည်းများနှင့် ပြုလုပ်ထားသော သော့ချိတ်ကလေးများကို အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဟီမိုဖီးလီးယားခေါ် သွေးမတိတ်ရောဂါသည် မွေးရာပါရောဂါဖြစ်ပြီး ရောဂါရှိသူများတွင် ဒဏ်ရာရရှိသည့်အခါ သွေးထွက်ချိန်သည် သာမန်လူများထက် ပို၍ကြာသည်။ သိသာသောလက္ခဏာများမှာ သွေးမတိတ်ရောဂါရှိသူများသည် အရေပြားအပေါ်တွင် အညိုအမည်းစွဲခြင်း၊ အဆစ်အမြစ်များ (ဒူး၊ ခြေချင်းဝတ်၊ တံတောင်ဆစ်၊ လက်ကောက်ဝတ်)ရောင်ရမ်းခြင်း၊ ငယ်သွားလဲသည့်အခါ သွေးမတိတ်ဘဲ ခံတွင်းတွင် သွေးခဲဖြစ်ပေါ်နေခြင်း၊ နှာခေါင်းသွေးထွက်သည့်အခါ တော်တော်နှင့်မတိတ်ဘဲ နှာခေါင်းထဲတွင် သွေးခဲဖြစ်နေခြင်းတို့ဖြစ်သည်။

သွေးမတိတ်ရောဂါသည် လူ ၁၀၀၀၀ လျှင် တစ်ဦးရှိနိုင်သောကြောင့် မြန်မာနိုင်ငံတွင်သွေးမတိတ်ရောဂါရှိသူ ခန့်မှန်း ၅၅၀၀ ခန့်ရှိနိုင်သည်။ မြန်မာပြည်အထက်ပိုင်းရှိလူနာများအတွက် အကူအညီပေးနိုင်ရန် သွေးမတိတ်ရောဂါရှင်များအသင်း(မန္တလေး)ရှိရာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သွေးရောဂါဌာနသို့ ဆက်သွယ်နိုင်ပြီး ခေတ်မီကုထုံးများဖြင့် သွေးမတိတ်ရောဂါရှိသူများအား သွေးရည်ကြည်သွင်းကုသခြင်း၊ FactorVIII နှင့် Factor IX များကို အစားထိုးကုသပေးလျက်ရှိသည်။ **မောင်ပြည်သူ(မန္တလေး)**

## မြန်မာ့ပင်လယ်ပြင်
၂၁-၇-၂၀၁၉

**မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။**

မိုး/ဇလ

## ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက် အုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်သင့်သည့်နည်းလမ်းများ (အကြံပြုချက်များ)

(၁) ဒေသတွင်း ရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏ အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊
(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊
(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊
(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများ ပြုလုပ်ခြင်း၊
(၅) တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊
(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များ စိုက်ပျိုးခြင်း၊
(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များစိုက်ပျိုးခြင်း၊
(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်းကိရိယာများ (သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင်သိုလှောင်စုပုံခြင်း၊
(၉) မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊
(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာပါက ဆည်အောက်ဘက်နေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(၁၁) နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည့်နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာ နေရာများတွင် ပြောင်းရွှေ့နေရာချထားပေးနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ခြင်း၊
(၁၂) ရေဘေးဖြစ်ပွားနိုင်သည့် ဒေသတွင် အရေးပေါ်လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများ ကြိုတင်ရွေးချယ်သတ်မှတ်ထားခြင်း၊
(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေကယ်ဆယ်ရေးပစ္စည်း ကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊
(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လှေလှော်လှေများအား ကြိုတင်စုစည်းထားခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊
(၁၅) မြစ်၊ ချောင်းများတစ်လျှောက် နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိဒေသနေ ပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက်ကယ်ဖောကွင်းများ အဆင်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသော မိသားစုများအတွက် Life Jacket များ ဝေငှထားခြင်း၊
(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊
(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြိုတင်သတိပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း၊
(၁၈) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများသိရှိစေရေး ဆောင်ရွက်ထားခြင်း၊
(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊
(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများအတွက် အရေးပေါ်တုံ့ပြန်ရေး အထူးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

# ဂျပန်နိုင်ငံ အထက်လွှတ်တော်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ညွန့်ပေါင်းအဖွဲ့ အနိုင်ရရှိ

**တိုကျို ဇူလိုင် ၂၁**
ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်နေရာအတွက် ရွေးကောက်ပွဲတစ်ရပ် ကျင်းပရာ ပြည်သူများက ဆန္ဒမဲ အသီးသီးပေးခဲ့ကြသည်။

ဆန္ဒမဲပေးသူအရေအတွက် ၂၂ ဒသမ ၇၂ ရာခိုင်နှုန်း ရှိခဲ့ပြီး လွန်ခဲ့သောသုံးနှစ်အကြာက ရွေးကောက်ပွဲမဲပေးသူအရေအတွက်ထက် ၄ ဒသမ ၅၃ ရာခိုင်နှုန်းလျော့ကျခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

အထက်လွှတ်တော်အမတ်နေရာ ၁၂၄ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်သူ ၃၇၀ ခန့် ရှိသည်။ လွှတ်တော်အမတ်များက နိုင်ငံအတွင်း အခွန်ကောက်ခံမှု တိုးမြှင့်ခြင်း၊ ပင်စင်စနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းစသည့် ကိစ္စရပ်များ မည်သို့ ကိုင်တွယ်ဖြေရှင်းမလဲဆိုသည့် အချက်များကို ချပြကာ ပြည်သူများအား မဲဆွယ်စည်းရုံးခဲ့ကြသည်။


မဲရုံများ၏ ကနဦး ဆန္ဒမဲရလဒ်ထွက်ပေါ်မှုအရ လက်ရှိအာဏာရညွန့်ပေါင်းအဖွဲ့သည် အထက်လွှတ်တော်၏ နေရာအများအပြားကို အနိုင်ရခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ လွတ်လပ်သော ဒီမိုကရက်တစ်ပါတီနှင့် ကိုမီအီတို ပါတီတို့သည် အမတ်နေရာ အများဆုံးအတွက် မဲအသာစီးရရှိထားပြီးဖြစ်သည်။

အာဏာရညွှန့်ပေါင်းအဖွဲ့သည် ထောက်ခံမဲ ၁၃၄ မဲရရှိခဲ့ပြီး အတိုက်အခံပါတီအဖွဲ့က ၉၁ မဲသာရရှိခဲ့ကြောင်း နောက်ဆုံး မဲရလဒ်ထွက်ပေါ်မှုများအရ သိရသည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးဦးဆောင်သည့် ညွှန့်ပေါင်းအဖွဲ့က အထက်လွှတ်တော်အမတ်နေရာအများအပြားကို အနိုင်ရရှိခဲ့သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကမ်းလှမ်းချက်တစ်ရပ်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အများဆန္ဒခံယူပွဲတစ်ရပ်အဖြစ် အဆင့်တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။**အင်န်အိတ်ချ်ကေ**




# လကမ္ဘာပေါ်သို့ ပထမဆုံးအကြိမ်ဆင်းသက်ခဲ့သည့် မှတ်တမ်းတင်တိပ်ခွေများအား လေလံတင်ရောင်းချ



**နယူးယောက် ဇူလိုင် ၂၁**
လကမ္ဘာပေါ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့သော အပိုလို အာကာသယာဉ်၏ လကမ္ဘာပေါ်သို့ စတင်ရောက်ရှိ အခြေချဆင်းသက်ခဲ့သည့် မှတ်တမ်းတင်ဗီဒီယိုတိပ်ခွေများကို နယူးယောက်မြို့၌ ဒေါ်လာ ၁ ဒသမ ၈၂ သန်းဖြင့် လေလံတင်ရောင်းချခဲ့ကြောင်း သိရသည်။

နာဆာ၏အဆိုပါဗီဒီယိုတိပ်ခွေသုံးခွေကို လူသားများလကမ္ဘာပေါ်သို့ ဆင်းသက်နိုင်ခြင်း နှစ် ၅၀ ပြည့် အထိမ်းအမှတ်၌ လေလံတင်ရောင်းချခဲ့ရာ လေလံဆွဲသူသုံးဦးက ဝယ်ယူသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မှတ်တမ်းတင်တိပ်ခွေများတွင် အပိုလို အာကာသယာဉ် လကမ္ဘာပေါ်သို့ ဆင်းသက်စဉ် ရိုက်ကူးထားသည့် ပုံရိပ်များကို နှစ်နာရီနှင့် ၂၄ မိနစ်ခန့်ကြာ ကြည့်ရှုရမည်ဖြစ်သည်။ ထို့အပြင် အာကာသယာဉ်မှူးများ လကမ္ဘာမျက်နှာပြင်ပေါ်တွင် လမ်းလျှောက်နေကြသည့် ပုံရိပ်များကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

လကမ္ဘာပေါ်သို့ ဆင်းသက်သည့် မှတ်တမ်းတင်ဗီဒီယိုကို ကမ္ဘာတစ်ဝန်းတွင် ကြည့်ရှုသူပေါင်း သန်း ၅၀၀ ခန့်ရှိခဲ့သည်။

အဆိုပါ မှတ်တမ်းတင်တိပ်ခွေများကို ရောင်းချသူသည် နာဆာဝန်ထမ်းဟောင်းတစ်ဦးဖြစ်ပြီး ယင်းတိပ်ခွေများကို ဒေါ်လာ ၂၀၀ ဖြင့် ၁၉၇၆ ခုနှစ်တွင် ဝယ်ယူခဲ့ကြောင်း သိရသည်။

ယင်းမှတ်တမ်းတင်တိပ်ခွေများသည် အစောဆုံး၊ ရုပ်ထွက်အကောင်းဆုံးဖြစ်သည့်အပြင် လကမ္ဘာပေါ်သို့ လူသားများပထမဆုံးအကြိမ် ခြေချခဲ့သည့် ပုံရိပ်များကို ရှင်းလင်းပြတ်သားစွာ ကြည့်ရှုနိုင်သည်ဟု လေလံတင်ဌာနက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# နိုင်ဂျီးရီးယားနိုင်ငံတွင် တူရကီနိုင်ငံသားလေးဦး ပြန်ပေးဆွဲခေါ်ဆောင်ခြင်းခံရ

**အန်ကာရာ ဇူလိုင် ၂၁**
နိုင်ဂျီးရီးယားနိုင်ငံတွင် တူရကီနိုင်ငံသားလေးဦးအား လက်နက်ကိုင်လူတစ်စုက ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ကြောင်း နိုင်ငံပိုင် အာနာဒိုလု သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဇူလိုင် ၁၉ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီတွင် နိုင်ငံအနောက်ပိုင်းရှိ အီလိုရင်ပြည်နယ်၌ လက်နက်ကိုင်လူတစ်စုက တူရကီနိုင်ငံသားလေးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

ယခုလအစောပိုင်းက တူရကီလူမျိုး သင်္ဘောသား ၁၀ ဦးသည် ကင်မရွန်းနိုင်ငံ ဆိပ်ကမ်းမြို့ ဒိုယုလာမှ အိုင်ဗရီကို့စ်နိုင်ငံ အဘီဒါဂျန်မြို့သို့ ဦးတည်ခုတ်မောင်းသွားနေစဉ် နိုင်ဂျီးရီးယားကမ်းလွန်ပင်လယ်ပြင်၌ လက်နက်ကိုင်ပင်လယ်ဓားပြများက ၎င်းတို့အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ယခုအချိန်ထိတိုင် နိုင်ဂျီးရီးယားနိုင်ငံ၌ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသော တူရကီနိုင်ငံသားအရေအတွက်မှာ ၁၄ ဦးခန့်ရှိပြီဖြစ်သည်။ **ဆင်ဟွာ**





# ဗြိတိန်ရေနံတင်သင်္ဘောအား ပြန်လွှတ်ပေးရန် အီရန်အား အိုမန်အစိုးရ တောင်းဆို

**မတ်စကတ် ဇူလိုင် ၂၁**
အီရန်နိုင်ငံက ဖမ်းဆီးထားသော ဗြိတိန်ရေနံတင်သင်္ဘောအား အမြန်ဆုံးပြန်လွှတ်ပေးရန် အိုမန်အစိုးရက အီရန်အစိုးရအား ယနေ့တိုက်တွန်းပြောကြားခဲ့သည်။

ဗြိတိန်နှင့်အီရန်နှစ်နိုင်ငံအနေဖြင့် သဘောထားကွဲလွဲမှုများကို သံတမန်နည်းအရ ဖြေရှင်းသင့်ပါကြောင်း အိုမန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ထို့အပြင် ကမ္ဘာ့နိုင်ငံများအနေဖြင့် အပြန်အလှန် ခွင့်လွှတ်သည်းခံခြင်း၊ ရေပြင်ပိုင်နက်နယ်မြေ သတ်မှတ်မျဉ်းများကို အလေးထားလိုက်နာခြင်းနှင့် နိုင်ငံတကာ ပင်လယ်ရေကြောင်းဥပဒေကို လေးစားလိုက်နာရန် အဆိုပါထုတ်ပြန်ချက်တွင် ရေးသားထားကြောင်း သိရသည်။

အိုမန်နိုင်ငံသည် ဒေသဆိုင်ရာနိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်မှုရှိသည့်အတွက် အိုမန်နိုင်ငံပိုင် သင်္ဘောများ ဟော်မုဇ်ရေလက်ကြားတွင် ဖြတ်သန်းသွားလာရာတွင် ဘေးကင်းလုံခြုံမှုရှိပါကြောင်း ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အီရန်နိုင်ငံက ဟော်မုဇ်ရေလက်ကြားတွင် ဗြိတိန်ရေနံတင်သင်္ဘောတစ်စင်းအား ဖမ်းဆီးခဲ့သည်ဟု ဇူလိုင် ၁၉ ရက်က အတည်ပြုပြောကြားခဲ့သည်။ ဖမ်းဆီးခံရေနံတင်သင်္ဘောသည် ပင်လယ်ရေကြောင်းဥပဒေများကို ချိုးဖောက်ခဲ့သည်ဟု အီရန်အစိုးရက စွပ်စွဲခဲ့သည်။

ဗြိတိန်ရေနံတင်သင်္ဘောအား ပြန်လွှတ်ပေးရန် ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဥရောပနိုင်ငံများက တောင်းဆိုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ၂၀၁၈ ခုနှစ်အတွင်း ပြည်ပကျောင်းသား ကျောင်းသူ ၆၃၀၀၀ အား တရုတ်အစိုးရ ပညာတော်သင်ဆုများ ပေးအပ်



**ပေကျင်း ဇူလိုင် ၂၁**

၂၀၁၈ ခုနှစ်အတွင်း နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူ ၆၃၀၀၀ အား တရုတ်အစိုးရ၏ ပညာတော်သင်ဆုများ ပေးအပ်ခဲ့ပြီး တရုတ်နိုင်ငံရှိ စုစုပေါင်း ပြည်ပကျောင်းသား ကျောင်းသူများ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိကြောင်း ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ပညာတော်သင်ဆုချီးမြှင့်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၏ ၇၀ ရာခိုင်နှုန်းမှာ မဟာဘွဲ့ သို့မဟုတ် ဘွဲ့လွန်သင်တန်းများ တက်ရောက်လျက်ရှိကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ကျော်နှင့် ပညာရေးဖလှယ်မှု သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူညီချက်များအရ နှစ်ဖက်စလုံးက ထပ်မံလေ့လာမှုပြုလုပ်ရန် ကျောင်းသား ကျောင်းသူများ အပြန်အလှန် စေလွှတ်နိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၉၆ ခုမှ ကျောင်းသား ကျောင်းသူ ၄၉၂၀၀၀ မှာ တရုတ်နိုင်ငံရှိ တက္ကသိုလ်နှင့် သုတေသနအဖွဲ့အစည်း ၁၀၀၄ ခု၌ ပညာသင်ကြားမှုပြုလုပ်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနက ဆိုသည်။ ပညာရေးဝန်ကြီးဌာနကလည်း ပြည်ပကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုနှင့် စီမံခန့်ခွဲမှုကို စည်းကမ်းဖြင့်ထိန်းညှိရန် ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနက ပြည်ပကျောင်းသား ကျောင်းသူများ၏ ကျောင်းဝင်ကြေး၊ ဗီဇာလျှောက်ထားမှု ထုတ်ပေးခြင်းနှင့် တက္ကသိုလ်ပရိဝုဏ်အတွင်း စီမံခန့်ခွဲမှုတို့တွင် လုပ်ထုံးလုပ်နည်းမညီညွတ်မှုကြောင့် တက္ကသိုလ် ၁၈ ခုကို အရေးယူခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း ပြည်ပကျောင်းသား ကျောင်းသူများ လက်ခံခဲ့သည့် ပညာရေးအဖွဲ့အစည်း ၁၆ ခု၏ အဆင့်သတ်မှတ်ချက်များ ဆိုင်းငံ့ခဲ့သည်။

**ကိုးကား--ဆင်ဟွာ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# အမျိုးသမီးတစ်ဦး အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ပါကစ္စတန်၌ လူခြောက်ဦး သေဆုံး




**ပီရှာဝါ(ပါကစ္စတန်) ဇူလိုင် ၂၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဘက်တွင် အမျိုးသမီးတစ်ဦး၏ အသေခံဗုံးခွဲတိုက်ခိုက်မှု တစ်ခုကြောင့် လူခြောက်ဦး သေဆုံးခဲ့သည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် နိုင်ငံ၏ အနောက်မြောက်ဘက် ဒယ်ရာအစ္စမေးလ်ခန်မြို့၏ ဆင်ခြေဖုံးအရပ်ရှိ ကော့တလန်ဆေဒန်ကျေးရွာ၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် အသေခံဗုံးခွဲ တိုက်ခိုက်ရေးသမားသည် ခြေကျင်ဖြင့် လမ်းလျှောက်လာပြီး အသေခံဗုံးခွဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကာ ယင်းအသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားလေးဦး သေဆုံးကာ ကျန် ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲ ဆာလိမ်ရီးယာ့ဇ်က ပြောကြားသည်။ ဒဏ်ရာရရှိသူများထဲတွင် ရဲတပ်ဖွဲ့ဝင် ရှစ်ဦးနှင့် အရပ်သားငါးဦး ပါဝင်ကြောင်း သိရသည်။

အမျိုးသမီးတစ်ဦး၏ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေကျေဒဏ်ရာရရှိမှု ကိန်းဂဏန်းကို ဒေသဆိုင်ရာရဲတပ်ဖွဲ့က အတည်ပြုခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အသေခံဗုံးခွဲတိုက်ခိုက်သူကို တာဝန်ရှိသူများက ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံသည် မကြာသေးမီနှစ်များမှစ၍ လုံခြုံရေးဆိုင်ရာ တိုးတက်မှုများနှင့် ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံ၏ အနောက်မြောက်ဘက်နှင့် အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်ဒေသရှိ လူမျိုးနွယ်စုဒေသများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများကို ဆက်လက်ကြုံတွေ့နေရဆဲဖြစ်ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - ဂျေတီ**

# တူရကီသံတမန်အား လုပ်ကြံသတ်ဖြတ်သူ အဖမ်းခံရ

**ဘဂ္ဂဒက် ဇူလိုင် ၂၁**

အီရတ်နိုင်ငံ ကာ့ဒ်လုံခြုံရေး အာဏာပိုင်အဖွဲ့သည် အီရတ်နိုင်ငံ အာဘီလ်မြို့ရှိ တူရကီသံတမန်တစ်ဦးအား လုပ်ကြံသတ်ဖြတ်သူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ကာဒစ္စတန်ဒေသဆိုင်ရာ တန်ပြန်အကြမ်းဖက် နှိမ်နင်းရေးတပ်ဖွဲ့က ယနေ့ပြောကြားသည်။

တူရကီသံတမန်တစ်ဦးအား လုပ်ကြံသတ်ဖြတ်မှုနှင့်ပတ်သက်၍ အလိုရှိနေသူအဖြစ် ဓာတ်ပုံများနှင့်အတူ ထုတ်ပြန်ကြေညာထားသည့် မက်ဒလွမ်းဒက်ဆိုသူကို အာဘီလ်မြို့တွင် ကာ့ဒ်လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း ကာ့ဒ်ဒေသတန်ပြန်အကြမ်းဖက် နှိမ်နင်းရေးတပ်ဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တူရကီသံတမန်တစ်ဦး လုပ်ကြံသတ်ဖြတ်သူအား ဖမ်းဆီးနိုင်ရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ တရားခံအား ဖမ်းဆီးထိန်းသိမ်းမှုနှင့်ပတ်သက်၍ သတင်းအချက်အလက် အသေးစိတ်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ကာ့ဒ်လုံခြုံရေး အာဏာပိုင်အဖွဲ့သည် အီရတ်နိုင်ငံဆိုင်ရာ တူရကီသံတမန် လုပ်ကြံသတ်ဖြတ်သူ အချက်အလက်နှင့်ပတ်သက်၍ သံသယရှိသူ တူရကီလူမျိုးတစ်ဦး၏ ဓာတ်ပုံနှစ်ပုံနှင့်အတူ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဓာတ်ပုံပါ ပုဂ္ဂိုလ်ကို အီရတ်နိုင်ငံ အာဘီလ်မြို့ရှိ တူရကီကောင်စစ်ဝန်ရုံး၏ ဝန်ထမ်းတစ်ဦးအား ပစ်ခတ်သတ်ဖြတ်သူ တရားခံအဖြစ် ထုတ်ပြန်ချက်တွင် စွပ်စွဲထားသည်။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြို့မှ မြောက်ဘက်ကီလိုမီတာ ၃၇၅ ခန့် အကွာတွင် တည်ရှိသော အာဘီလ်မြို့ရှိ တူရကီကောင်စစ်ဝန်ရုံးအနီး ကိုလန်လမ်းပေါ်ရှိ စားသောက်ဆိုင်တစ်ခုတွင် သေနတ်သမားများက ဇူလိုင် ၁၈ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အီရတ်နိုင်ငံဆိုင်ရာ တူရကီကောင်စစ်ဝန်ရုံး အမှုထမ်းတစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံးပြီး အခြားလူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

GUSTO COLLEGE

UNIVERSITY OF GLOUCESTERSHIRE



Call Now

09 789888222,
09 429991009

GUSTO College

No. 289(A), Pyay Road,
Sanchaung Township,
Yangon.

July 29 အတန်းစပါမည်။ ကျောင်းအပ်နှံနိုင်ပါပြီ။

မြန်မာနှင့် နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် ဦးဆောင်နိုင်လိုသူများအတွက်

BA (Hons) International Business Studies

- Diploma တစ်ဆင့်ခံ Pathway Programme မဟုတ်ဘဲ Full University Programme ဖြစ်သောကြောင့် ပထမနှစ်မှ နောက်ဆုံးနှစ်ထိ စီးပွားရေးဆိုင်ရာပညာရပ်များကို University of Gloucestershire, UK မှ စနစ်တကျ ချိတ်ဆက်ရေးဆွဲပေးထားသဖြင့် တခေတ္တ,လက်တွေ့, အရှိုးကျကျဖြင့် အနှစ်သာရရှိရှိ လေ့လာနိုင်မည် ဖြစ်ပါသည်။
- စီးပွားရေးပညာရပ်များကို တတ်မြောက်ကျွမ်းကျင်အောင် လေ့လာရမည့်အပြင် စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံး၏ လည်ပတ်ပုံနှင့် အလုပ်လုပ်ပုံများကို အခြေခံမှစ၍ နိုင်ငံတကာရှုထောင့်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ စနစ်တကျ လေ့လာရမည်ဖြစ်ပါသည်။
- နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် လူအများနှင့် ပြောဆိုဆွေးနွေးတတ်စေရန် Business English ကိုပါ Foundation ထည့်သွင်းသင်ကြားပေးပါသည်။

စီးပွားရေးပညာရှင်ဖြစ်လိုသည့် တက္ကသိုလ်ဝင်တန်း/ IGCSE အောင်မြင်ထားပြီးသူများ တက်ရောက်သင့်ပါသည်။

# AA အဖွဲ့က ရသေ့တောင်မြို့အနီး ကျောက်ချရပ်နားထားသော စစ်ရေယာဉ် သုံးစင်းအား ရှေ့တိုက်ဒုံးဖြင့်ပစ်ခတ်

**နေပြည်တော် ဇူလိုင် ၂၁**

ရသေ့တောင်မြို့အနောက်ဘက် မေယုမြစ်ကမ်းအနီး ကျောက်ချရပ်နားထားသော တပ်မတော်(ရေ)မှ စစ်ရေယာဉ် သုံးစင်းအား AA အဖွဲ့က ယမန်နေ့နံနက်ပိုင်းတွင် ရှေ့တိုက်ဒုံး နှစ်လုံးဖြင့်လာရောက်ပစ်ခတ်ခဲ့သော်လည်း တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်းနှင့် ပင်လယ်ကမ်းစပ်တစ်လျှောက် ပြေးဆွဲလျက်ရှိသည့် ဒေသခံပြည်သူများ၏ ရေယာဉ်များ စက်ချွတ်ယွင်းမှု တစ်စုံတစ်ရာဖြစ်ပွားပါက ကူညီကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီနိုင်ရန် ရသေ့တောင်မြို့၏ အနောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာရှိ မေယုမြစ်ကမ်းအနီးတွင် အသင့်စုဖွဲ့ ကျောက်ချရပ်နားထားသော တပ်မတော်(ရေ)မှ စစ်ရေယာဉ် သုံးစင်းအား AA အဖွဲ့က ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် စစ်ရေယာဉ်၏ အနောက်ဘက်ကမ်းစပ်မှ ရှေ့တိုက်ဒုံး နှစ်လုံးဖြင့် လာရောက်ပစ်ခတ်ခဲ့သောကြောင့် စစ်ရေယာဉ်အမှုထမ်းများက ပြန်လည်ပစ်ခတ်ခဲ့ရကြောင်း။

AA အဖွဲ့၏ တိုက်ခိုက်မှုကြောင့် စစ်ရေယာဉ်အမှုထမ်းများနှင့် စစ်ရေယာဉ်များ ထိခိုက်ပျက်စီးမှုမရှိဘဲ လာရောက်ပစ်ခတ်ခဲ့သည့် ပတ်ဝန်းကျင်နေရာတစ်ဝိုက်အား ရှင်းလင်းစဉ် ပစ်ခတ်ရန်အသင့်အနေအထားရှိသည့် Type 63 ၁၀၇ မီလီမီတာ အမျိုးအစား ဒုံးသီးသုံးလုံးအား ဘက်ထရီအိုး၊ ဝါယာကြိုးများနှင့် ချိတ်ဆက်လျက် ထပ်မံတွေ့ရှိရသဖြင့် ဘေးအန္တရာယ်မရှိစေရေး စနစ်တကျ သက်မဲ့ပြုလုပ်ခဲ့ရကြောင်း သိရသည်။

AA အဖွဲ့အနေဖြင့် ဇွန် ၂၂ ရက်ကလည်း စစ်တွေမြို့အရှေ့ဘက် ဆတ်ရိုးကျချောင်းဝအနီး ကျောက်ချရပ်နားထားသည့် ပင်လယ်သွားတွဲဆွဲရေယာဉ်တစ်စင်းကို အလားတူ ရှေ့တိုက်ဒုံး သုံးလုံးဖြင့် လာရောက်ပစ်ခတ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

■

# ရန်ကုန်-မန္တလေးကားလမ်းတွင် ဆီသယ်ယာဉ်တိမ်းမှောက်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွား

**ရေတာရှည် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ တောင်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းတွင် ဇူလိုင် ၂၁ ရက် နံနက် ၇ နာရီခွဲခန့်က ၁၈ ဘီး ဆီသယ်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်တစ်စီးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ သန်းစိုး မလှိုင်မြို့နေသူ မောင်းနှင်ပြီး တစ်မြို့တည်းနေ တင်အောင်မိုးလိုက်ပါလာသည့် ဖူဆို ၁၈ ဘီး ဆီသယ်ယာဉ်သည် မြို့လှမြို့ တောင်ဘက်သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၉၄/၃ နှင့် ၄ အကြား ကားလမ်းကွေ့အရောက် အရှိန်လွန်တိမ်းမှောက်သွားခဲ့ပြီး ကိုက် ၂၀ ခန့်ရွေ့လျားသွားခဲ့သည်။ တိမ်းမှောက်သွားသော ယာဉ်နှင့် ကတ္တရာလမ်းတို့ပွတ်တိုက်သည့်အရှိန်ဖြင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး မြို့လှနယ်မြေရဲစခန်းမှူး ရဲအုပ်သန်းဝင်း ဦးစီးသော တပ်ဖွဲ့ဝင်များ၊ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ အမြန်လမ်းမီးသတ်စခန်းများမှ မီးသတ်ယာဉ် ခုနစ်စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၀ မိနစ်တွင် မီးငြှိမ်းနိုင်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ နှစ်ဦးမှာ ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် မြို့လှတိုက်နယ်ဆေးရုံသို့ တင်ပို့ပေးခဲ့ပြီး ယာဉ်မောင်း သန်းစိုးအား မြို့လှနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**





# မူဆယ်မြို့နယ်၌ မူးယစ်ဆေးဝါး ကျပ်သိန်း ၁၀၀၀၀ ကျော်ဖိုး သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၁**

ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက သတင်းအရ မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာ၌ ကျောက်တဲ့ယုံ ဖွင့်လှစ်ထားသည့် စက်သုံးဆီဆိုင်၊ နေအိမ်နှင့် ဂိုဒေါင်တို့ကို ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ တစ်ရွာတည်းနေ တင်ဆွေမြင့်နှင့် ဂိုဒေါင်တာဝန်ခံ စိုးနိုင်တို့ကို တွေ့ရှိပြီး ဂိုဒေါင်အတွင်းရပ်ထားသည့် ယာဉ်ပေါ်၌ ဆပ်ပြာခွက် ၃၁၅၇ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၃၇ ဒသမ ၈၈၄ ကီလို (၁ ကီလိုလျှင် ကျပ်သိန်း ၂၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၇၅၇၆ ဒသမ ၈ သိန်းခန့်)၊ စိတ်ကြွဆေးပြား ၁ ဒသမ ၈ သိန်း (၁ ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် သိန်း ၂၇၀၀ ခန့်)သိမ်းဆည်းရမိခဲ့သည်။

အဆိုပါယာဉ်အား ဇူလိုင် ၁၉ ရက် ညပိုင်းက စက်သုံးဆီဆိုင်ပိုင်ရှင် ကျောက်တဲ့ယုံနှင့် ညီဖြစ်သူ ကျော်အောင်မြင့်(ခ)ကျောက်ယို့ နမ့်အွန်ကျေးရွာ မူဆယ်မြို့နယ်နေသူတို့ နှစ်ဦးက လာရောက်ထားရှိခဲ့ကြောင်း သိရှိရသဖြင့် မူဆယ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်တိမ်းမှောက် ၄၄ ဦး ဒဏ်ရာရရှိပြီး တစ်ဦးသေဆုံး

**နေပြည်တော် ဇူလိုင် ၂၁**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၁၆၅/၃ အနီး ယာဉ်မောင်း ညီညီအောင် မောင်းနှင်လာသော ထွန်းဧရာ ခရီးသည်တင်ယာဉ်သည် ယနေ့မွန်းလွဲ ၂ နာရီခွဲက လမ်းညာဘက်သို့ အရှိန်လွန်တိမ်းမှောက်ခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်ကြောင့် ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၅၄ ဦး အနက် အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၄၄ ဦး ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်မြို့ ဒေါပုံနေသူ မသဲသဲအိမ်မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ယာဉ်မတော်တဆ ဖြစ်ပွားရာသို့ အမြန်လမ်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့များက ဒဏ်ရာရရှိသူများအား နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့နံနက် ၄ နာရီခွဲက အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၁၇/၃ နှင့် ၄ အကြားတွင် နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း လင်းမင်းထက် မောင်းနှင်လာသော ယာဉ်မှာ ယာဉ်မောင်း အိပ်ငိုက်ပြီး လမ်းဘေးတွင် ကာရံထားသည့် အလူမီနီယံတန်းအား တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးအနက် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ကန့်ဘလူ၌ ရထားနှင့်ကားတိုက်မိ တစ်ဦးသေဆုံး၊ ခြောက်ဦး ဒဏ်ရာရ

**ကန့်ဘလူ ဇူလိုင် ၂၁**

ကန့်ဘလူမြို့တွင် ဇူလိုင် ၂၁ ရက် နံနက် ၇ နာရီခွဲခန့်က ကျွန်းလှဘူတာမှ ကန့်ဘလူဘူတာသို့ ထွက်ခွာလာသော အမှတ် ၂၃၆ အစုန်ရထားနှင့် ကန့်ဘလူမြို့ အမှတ် (၃)ရပ်ကွက်နေ ယာဉ်မောင်း မင်းမင်း မောင်းနှင်လာသည့် ယာဉ်သည် ကန့်ဘလူ-ကျွန်းလှ ဘူတာအကြား အမှတ်(၁) ဘက်စုံရပ်ကွက်သံလမ်းကူး၌ တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုတွင် ယာဉ်မောင်းအပါအဝင် ခုနစ်ဦးအနက် အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦးတို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၁**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ဘူတာရှေ့တွင် ခရီးသည်တင် သုံးဘီးဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဒေါ်သင်းသင်းမာနှင့် ဒေါ်နှင်းမေတို့၏ လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၄၂ ပြားကိုလည်းကောင်း။

အလားတူ ယင်းနေ့နံနက်ပိုင်းက ကလိန်အောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဖြူမြို့နယ် မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သိန်းသန်း မောင်းနှင်ပြီး ဖြိုးကိုဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၂၂ ပြား၊ ငွေကျပ် ၁၁၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ နံနက် ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် လယ်ကြီးတံတားအနီးတွင် လော်ယူးလျန်(ခ)အားလျန် မောင်းနှင်လာသည့်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၊ ဆေးခြောက် ၇၆ ဂရမ်၊ ကတ်တမင်း ဂရမ် ၁၇၀၊ မူးယစ်ဆေးဝါးဟုယူဆရသော အညိုရောင်အမှုန့် ၁၁၄ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ နံနက် ၁၀ နာရီ ၁၅ မိနစ်က နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ်(၈)ရပ်ကွက် မြို့ပတ်လမ်းအနီးတွင် ကိုကိုအောင်(ခ)အားလျှို့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ဂရမ် ၄၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် တာလုံကျေးရွာအနီး လမ်းတွင် တွမ်ဖာဆိုင်(ခ)ကျန်းကျိန်ဆိုင် မောင်းနှင်ပြီး ချောက်ယီလှန့် လိုက်ပါလာသည့် ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၁၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# လုပ်အားပေး

**ဆူးငှက်**

မင်းတုန်းမင်းကြီးသည် အမရပူရမင်းနေပြည်မှ မန္တလေးသို့ မြို့သစ်နန်းသစ် တည်ထောင်ရာတွင် ဘုရင်ဧကရာဇ် ပီပီ... တစ်ချက်လွှတ်အမိန့်ဖြင့် အာဏာပေး မဆောင်ရွက်ခဲ့ချေ။ အမရပူရနေပြည်တော်မှာကတည်းက မြို့သစ်နန်းသစ်ထူထောင်ခြင်းကိစ္စအပေါ် ရဟန်းပညာရှိ၊ လူပညာရှိများ သဘောတူသူ၊ မတူသူ နှစ်ဖက်ခွဲ၍ လေးကြိမ်လေးခါတိုင် ဆွေးနွေးငြင်းခုံစေ၏။

## ရေချိုရေသန့်ရေရှင်တို့ ပတ်လည်ဝိုင်းကာ

ထိုကာလအတွင်း စာဆိုပညာရှိများ၊ နန်းတွင်းသုခုမပညာရှင်များ၊ ရုပ်စုံ၊ မြေဝိုင်းသဘင်အဖွဲ့များအတွင်း အသစ်ပြောင်းရွှေ့မည့် 'မန္တလေး' အရပ်သည် မည်သို့မည်ပုံ သာယာကြွယ်ဝပုံ၊ မြောက်-နန္ဒာကန်၊ အရှေ့-အောင်ပင်လယ်ကန်၊ တောင်- ဇောင်းကလောနှင့် တောင်သမန်၊ အနောက်-တက်သေးအင်းနှင့် ဧရာဝတီ ရေချိုရေသန့်ရေရှင်တို့ပတ်လည်ဝိုင်းကာ ပြန့်ပြူးသော မြေအပြင်၌ တာဝတိံသာနတ်ပြည်က ဝေဇယန္တာ နတ်ဘုံနတ်နန်းအလား မြို့သစ်နန်းသစ်ကြီး ပေါ်ထွန်းလာတော့မည် စသည့် ကဗျာ၊ လင်္ကာ၊ တေးချင်းများကို တွင်တွင်ရေးစပ်၊ တွင်တွင်သီဆိုစေ၏။ အမရပူရမြို့သူမြို့သားတို့၏ နားမှတစ်ဆင့် နှလုံးသည်းပွတ်တိုင် မန္တလေး၏သာယာပုံကို ယဉ်ကျေးလိမ္မာစွာ စည်းရုံးသိမ်းသွင်းထားတော့သည်။

## ဥဿဘတစ်တွန်၊ နက်ကျယ်ဝှန်သည်

ထို့ကြောင့် မြို့သူမြို့သားအများစုမှာ အဘက်ဘက်အခြေကျ၊ အသားကျအဆင်ပြေနေသော လက်ရှိနေရာမှ မြို့သစ်နေရာသို့ ပြောင်းရွှေ့ရေးတွင် စိတ်ဓာတ် ပျက်ပြားမှုမရှိခဲ့ကြ။ အုတ်မြို့ရိုးပတ်လည် တစ်လျှောက်တွင် မြို့ဥပစာ တာ ၂၀ ခန့် (၁၃၅ ပေခန့်) မြေလွတ်ထားပြီး တာ ၂၀ ကျယ်သော ရေကျုံးတော်ကြီးက လေးဖက်လေးတန်ပတ်ရံထားသည်။ စတင်တူးဖော်စဉ်ကပင် အနက်မှာလည်း တာနှစ်ဆယ်ရှိသည်ဟု ရတနာနန္ဒီ မော်ကွန်း၌ စပ်ဆိုခဲ့၏။ "ပတ်လျှောက်ရစ်ခြုံ၊ ခက်ဆစ်ကြုံလည်း၊ မြစ်တုံဇလုတ်၊ ရေတိဝုတ်လျက်၊ ဥဿဘ တစ်တွန်၊ နက်ကျယ်ဝှန်သည်၊ ရေပွြန်လွှတ်စွန့်၊ မြရည်သန့်နှင့်..." ဟူလို..။ ဥဿဘတစ်တွန်ကို တာနှစ်ဆယ်ဟု ကောက်ယူခဲ့ကြသည်။

## ရေကောင်းရေသန့်များပေးသွင်း

ရှေးကကျုံးတော်ကြီးအတွင်းသို့ ရတနာနန္ဒီမှ ရေသွင်းယူခဲ့သည်။ 'ရတနာနန္ဒီ' ကို သက္ကရာဇ် ၁၂၂၄ ခုနှစ်တွင် မတ္တရာမြစ်မှ ဖောက်လုပ်သွယ်ယူခဲ့သည်။ ရှေ့ဝင်မှူးသူရဲဝန်ကြီး သမိန်ဘေပြစ်ဇကို အကြီးအမှူးခန့်၍ ငစဉ့်ကူးမြို့နယ် မတ္တရာမြစ်အထက် ၁၂ မိုင်ကွာ နာဂရာဇ်မြစ်မှ ရွှေမြို့တော်အရောက် တူးဖောက်စေခဲ့ခြင်းဖြစ်သည်။ 'ရတနာနန္ဒီ' သည် ရှေးက ရေကောင်း ရေရှင်များဖြင့် သာယာ၏။ ကရဝိက်ဖောင်၊ သမ္ဗန်တော်၊ လှေတော်များဖြင့် တင့်တယ်သည့် လှေ ပွဲသဘင်များပင် ဆင်ယင်၏။ ကျုံးသို့လည်း ရေပေးသွင်းသည်။ မြို့တွင်းမြို့ပြင်များသို့လည်း ရေကောင်းရေသန့်များ ပေးသွင်းနိုင်ခဲ့သည်။

## သောက်ရေသုံးရေသာမက

ရတနာပုံခေတ် မန္တလေးကို မြို့ပတ်ဝန်းကျင်တွင် နဂိုမူလရှိပြီး နန္ဒာကန်၊ အောင်ပင်လယ်ကန်၊ ဇောင်းကလေးကန်၊ တောင်သမန်အင်း၊ တက်သေးအင်း၊ သင်္ဘောချောင်း၊ ဧရာဝတီမြစ်စသည့် သဘာဝ အရင်းအမြစ်နှင့် လက်လုပ်ဆည်ကြီးများမှ ရေကောင်းရေသန့်များရယူသုံးစွဲနိုင်ခဲ့သလို၊ ရတနာနန္ဒီ၊ ရွှေတချောင်း၊ ငွေတချောင်းတို့ကဲ့သို့သော တောင်မြောက် အလျားရှည်မြောင်းကြီးများမှ ဆင့်ပွားလက်တံ မြောင်းများ၊ ကန့်လန့်မြောင်းများဖြင့် မြို့တွင်းမြို့ပြင်ဖူလုံစွာ ရေပေးနိုင်ခဲ့သည်။ သောက်ရေသုံးရေသာမက လယ်များအတွက်လည်း ရေများဝလင်ခဲ့ကြ၏။

တာ ၂၄၀၀ ( ၅ မိုင်နှင့် ၁ ဖာလုံ ) ရှိသည့် နန်းမြို့ရိုးကြီးကို မြေသားအကျန် တာ ၂၀ ( ၁၃၅ ပေခန့် ) နှင့် အကျယ်တာ ၂၀ (၁၃၅ ခန့်)ရှိ ကျုံးကြီးကပတ်ရံလိုက်သောအခါ ကျုံးအတွင်းရှိ ရေထုထည် ပမာဏကလည်း မြို့လူထုအတွက် များစွာဖူလုံလောက်ငှသည့် 'လှောင်ရေ' ဖြစ်ခဲ့သည်။ မင်းတုန်းမင်းကြီး၏ ရှေးခေတ်မြို့ပြဖွဲ့စည်းမှုတွင် သဘာဝအရင်းအမြစ်နှင့် တည်ရှိပြီး ဝန်းကျင်အနေအထားကို အသုံးချကာ တင့်တယ်မှု၊ လုံခြုံမှုအတွက်သာမက သန့်ရှင်းလုံလောက်သော သောက်သုံးရေသန့်ရရှိရေးအတွက် ကျုံးတော်ကြီးအား စီမံခဲ့ပုံကား ချီးကျူးလောက်ပေသည်။

## ရေခင်းသဘင်ဆင်ယင်တော်မူ

ရှေးကတော့ သည်ကျုံးတော်ကြီးအတွင်းမှာ ဘဝရှင်မင်းတရားကြီးသည် အရှင်နန်းမတော် မိဖုရားခေါင်ကြီးနှင့်တကွ မင်းမိဖုရား၊ မင်းညီမင်းသား၊ မောင်းမမိဿံ အပေါင်းခြံရံ၍ ရွှေနန်းတော်၊ မြေနန်းပြာသာဒ်မုခ်ဦးမှ ထွက်ခွာကာ အရှေ့မျက်နှာဦးထိပ်တံခါးပြင် စံနန်းတော်ရောက်၊ ထိုမှ ရှေ့ခြောက်တပ်၊ နောက် ခြောက်တပ်ခင်းကျင်း၍ ဂမုန်းချောင်းဆင်တော်ပေါ် ခြေဖဝါးတော်တင်...၊ မိဖုရားခေါင်ကြီးဖုရားက ရထားတော်နှင့် ထွက်တော်မူပြီး ပွဲသဘင်တို့ခမ်းနားစွာဆင်ယင်သည်ကို ရှုစားတော်မူပြီး ကျုံးတော်တွင်း၌ ရေခင်းသဘင် ဆင်ယင်တော်မူသည်ဟု ဆို၏။



> ရေဝတီ ရေချိုရေသန့် ရေရှင်တို့ ပတ်လည် ဝိုင်းကာ ပြန့်ပြူးသော မြေအပြင်၌ တာဝတိံသာ နတ်ပြည်က ဝေဇယန္တာ နတ်ဘုံနတ်နန်းအလား မြို့သစ်နန်းသစ်ကြီး ပေါ်ထွန်း . . .

ကျုံးတော်အတွင်းတွင် သဘော်တော်၊ သမ္ဗန်တော်၊ လှော်ကားတော်၊ ခတ်လှေတော်၊ လှော်လှေတော်၊ ရဲလှေတော်များက နရည်းစရာစသော တီးမှုတ်မျိုးတို့ကို တစ်ပြိုင်နက်တီးမှုတ်စေပြီး ကရဝိက်ဖောင်တော်ကို လှော်လှေတော်ရှစ်စင်းဆွဲ၍ ကြည်းတပ်၊ ရေတပ် ခြိမ့်ခြိမ့်မွှမ်းမျှ ရွှေမြို့တော်ကြီးအား လကျ်ာရစ်လှည့်တော်မူသည်ဆို၏။

## မန္တလေးမြူနီစီပယ်ကို စတင်ဖွဲ့စည်းပြီးနောက်

ထိုကျုံးတော်ကြီးသည် ပါတော်မူပြီးနောက် နရည်းဗုံသံမဲ့ခဲ့သည်။ ကရဝိက်ရွှေဖောင်တော်နှင့် ဝေးခဲ့သည်။ လှော်ကားလှေတော် အခင်းအကျင်းနှင့် ကင်းခဲ့သည်။ ကျုံးကမ်းနံဘေး ရေကန်စွန်း၊ မှိုနတိုတို့ တောထကုန်သည်။ ကျုံးအတွင်း ဗေဒါ၊ ဒိုက်နှင့် ကြာမျိုးစုံတို့ တိုးဝှေ့ကုန်ကြသည်။ ခရစ်နှစ် ၁၈၈၇ (ကောဇာသက္ကရာဇ် ၁၂၄၉ ) ခုနှစ်တွင် အင်္ဂလိပ်အစိုးရက မန္တလေးမြူနီစီပယ်ကို စတင်ဖွဲ့စည်းပြီးနောက် လမ်းမိုင် ၆၀ ကို ကျောက်ခင်းသည်။ လမ်းနံဘေးရေမြောင်းများ တူးပေးသည်။ တစ်ပင်တိုင်မှန်အိမ်လမ်းမီးများ တပ်ဆင်ထွန်းညှိပေးသည်။ မြို့ပေါ်ရှိနေရာအနှံ့အပြားတွင်လည်း သူဌေးဦးစိုးကလေးက ရေချိုတွင်းကြီးများကို တူးဖော်လှူဒါန်းခဲ့၏။ ရေတွင်းဒကာကြီးဟုပင် အမည်တွင်သည်။ ဦးစိုးကလေးမှာ နာမည်ကျော်အနုပညာရှင် ဓားတန်းဦးသန့်၏ အဘိုးဖြစ်သည်။

## ပြည်တော်သာရေကန်

အင်္ဂလိပ်အစိုးရက ၁၈၉၉ ခု မတ်လ ၁ ရက်မှာ မန္တလေးဘူတာရုံတည်ဆောက်သည်။ ၁၉၀၈ ခုနှစ်တွင် မန္တလေးမီးသတ်ဌာနကို စတင်သည်ထောင်ပေးသည်။ ကျုံးအတွင်းမှရေကို မြေအောက်ပိုက်လိုင်းများဖြင့် သွယ်ကာ ရပ်ကွက်အတွင်း အများသုံးရေကန်များ တည်ဆောက်သည်။ မင်္ဂလာဈေး၊ ယိုးဒယားဈေးနှင့် ၂၇ လမ်းဘာဘူတန်းထိပ်တို့တွင် အဝီစိရေတွင်းကြီးများတူးကာ ရေပေးဝေခဲ့သည်။ မန္တလေးကျုံးရေကား မြို့လူထုအတွက် အားထားစရာကောင်းလောက်အောင် ဖူလုံလောက်ငခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် တစ်မြို့လုံး ကျုံးရေကန် ၅၀၀ အထိ ဖောက်သွယ်ခဲ့၏။ ပြည်တော်သာရေကန်ဟုပင် ခေါ်ဝေါ်ခဲ့ကြသည်။ ရပ်ကွက်တိုင်း 'ပြ' ထိပ်တွေမှာ ရေတွေဗောင်းလန်နေသော ကျုံးရေကန်များ၌ ရေချိုးသူချိုး၊ ရေသယ်သူသယ်၊ အဝတ်ဖွပ်သူဖွပ်နှင့် စည်ကားခဲ့သည်။ ကျုံးနှင့် ဝေးလံသော ဈေးချိုအနောက်ပိုင်း၌ပင် ရေအတွက်မပူခဲ့ကြ...။ ကျုံးနှင့်နီးသော ဓားတန်း၊ ချေိုင့်စသော အရပ်များ၌ ကျုံးရေကန်အထက်နှုတ်ခမ်းကပင် ရေတွေသွင်သွင်လျှံကျနေ၏။


## ကျုံးကို နက်အောင်တူး၍

၁၉၅၃ ခုနှစ် ဇွန်လတွင် မန္တလေးကျုံးကို စက်ယန္တရားများဖြင့် ရေနေကျယ်ပြန့်အောင် တူးဖော်ခဲ့သည်။ ယခုကဲ့သို့ ကျုံးချဲ့မည့်အစား ကျုံးကို နက်အောင် တူး၍ ရေနေများစေသင့်သည်ဟု ဝေဖန်ခဲ့ကြ၏။

၁၉၅၄ ခုနှစ် ဩဂုတ်လတွင် အလုပ်သမား၊ လခစား အဖွဲ့အစည်းပေါင်းစုံမှ လူထုအားဖြင့် ကျုံးအတွင်း မှော်ဆယ်ခဲ့ကြသည်။ ၁၉၅၈-၅၉ ခုနှစ် မန္တလေး နှစ် (၁၀၀) ပြည့်ကာလဝန်းကျင်၌ မန္တလေးကျုံးသည် အကျယ် ၂၂၅ ပေနှင့် အနက် ၁၀ ပေခန့်ရှိသည်ဟု ဆို၏။ ဤရေနေအတိုင်းသည်ပင် မြို့နေလူထုအတွက် ကျုံးရေက လုံလောက်မျှတနေသည်။ ထိုစဉ်ကတော့ မြို့လူထုဦးရေက နှစ်သိန်းခွဲနီးပါးပဲရှိမှာပေါ့။ မြို့ဧရိယာ အကျယ်အဝန်းကလည်း ၁၉ ဒသမ ဝ၈ စတုရန်းမိုင်ပဲ ရှိမှာပေါ့။

## အကြီးစားပြန်လည်တူးဖော်

၁၉၉၄ ခုနှစ်မှာတော့ မန္တလေးကျုံးကြီးကို နှစ် ၁၀၀ ကျော်အတွင်း အကြီးစားပြန်လည်တူးဖော်ခဲ့သည်။ (၆-၅-၉၄ ) နေ့မှစ၍ ကျုံးရေများစတင်စုပ်ယူရှင်းလင်းပြီး (၁၃- ၅- ၉၄) နေ့တွင် စတင်တူးဖော်သည်။ တပ်မတော်သားများ၊ ပြည်သူများဖြင့် တူးဖော်ခဲ့ခြင်းဖြစ်၏။ စက်ယန္တရားကြီး ၃၁၂ စီး၊ ရေစုပ်စက် ၇၁ လုံး၊ အရပ်ဘက်ယာဉ် ၂၀၀ ကျော်ကို အသုံးပြုခဲ့သည်။ ကျောက်ကျင်းအရွယ်စုံ ၆၀၃၆၄ ကျင်း၊ ဘိလပ်မြေ ၈၈၅ အိတ်၊ ထုံး ၁၂၂၀ အိတ်၊ သဲ ၁၀၈၉၆ ကျင်းသုံးကာ ကုန်ကျစရိတ် ၂၆၅ သိန်းဖြစ်သည်ဟု ထိုစဉ်က အစိုးရမီဒီယာများတွင် အကျယ်တဝင့်ဖော်ပြခဲ့သည်။ ။





## MSMEs Connect 2019 (Magway) နှင့် စာပေဟောပြောပွဲ ကျင်းပ

**ပခုက္ကူ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး MSMEs Agency နှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီတို့ ပူးပေါင်း၍ MSMEs Connect 2019 (Magway) နှင့် စာပေဟောပြောပွဲဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားပြီး MSMEs Connect 2019 (Magway) တွင် ပါဝင်သည့် စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၊ စာပေဟောပြောပွဲတွင် ပါဝင်ဟောပြောမည့် စာရေးဆရာ ဆရာမများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် MSMEs Connect 2019 (Magway) တွင် ပြသထားသည့် ပြခန်းများအား လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါပြပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတို့မှ တိုင်းရင်းဆေးများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ စက်မှုလက်မှုထွက်ကုန်ပစ္စည်းများ၊ အစားအသောက်များ၊ သနပ်ခါး၊ ထန်း၊ ဒန့်သလွန်၊ ဆီ၊ မန်ကျည်းစသည့် အပင်ထွက်ထုတ်ကုန်ပစ္စည်းများ၊ ချည်ထည်ပစ္စည်းများ၊ ရိုးရာအထည်ဆိုင်များ ပါဝင်သည့် ပြခန်းပေါင်း ၈၀ ကျော်ခင်းကျင်းပြသထားကြောင်း သိရသည်။

ပုဂ္ဂလိကဘဏ်များကလည်း အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးရရှိရေး ပြခန်းနှင့် ဟောပြောပွဲများ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများအားတစ်နေရာတည်းတွင် တွေ့ဆုံချိတ်ပေးခြင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုကိုလည်း ပိုမိုခိုင်မာစေခြင်း၊ ပြပွဲသွားရောက်လေ့လာသည့် ပြည်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းအစီအစဉ်များ၊ အတွေ့အကြုံများ လေ့လာသိရှိနိုင်ခြင်း၊ ဈေးကွက်ချိတ်ဆက်နိုင်မှုနည်းလမ်းများအကြောင်း လေ့လာသိရှိနိုင်ခြင်း၊ မိရိုးဖလာစီးပွားရေးလုပ်ငန်းများအား ဆန်းသစ်ဖန်တီးထုတ်လုပ်ခြင်းဖြင့် နည်းစနစ်ကျသော ပိုမိုအောင်မြင်သည့် စီးပွားရေးလုပ်ငန်းများ၊ အနယ်နယ်အရပ်ရပ်မှ ထွက်ကုန်ပစ္စည်းမျိုးစုံတို့အား တစ်နေရာတည်းတွင် ဝယ်ယူနိုင်ခြင်း စသည့် အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာအော်ပီကျယ်က ညာသံသရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမဂျူးက သုစရိတစက်ဝန်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ မြကြာငုံက လွတ်ချလိုက်ပါခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြသည်။

**ဆလိုင်းကိုကီး**

## လူငယ်အနုပညာရှင်များ၏ နိုင်ငံတကာအနုပညာပြပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ဆူးလေဘုရားလမ်းရှိ Old Tourist Burma Building တွင် ပြုလုပ်သည့် New Media လူငယ်အနုပညာရှင်များ၏ နိုင်ငံတကာအနုပညာပြပွဲကို ဇူလိုင် ၁၉ ရက် ညနေ ၅ နာရီက ကျင်းပသည်။

ပြပွဲစီစဉ်သူ Sai Htin Linn Htet နှင့် Ushmita Sahu တို့က ပြပွဲစီစဉ်ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြပွဲကို လှည့်လည်ကြည့်ရှုခဲ့သည်။

နိုင်ငံတကာက မြို့များစွာမှာ ကျင်းပခဲ့သော နိုင်ငံတကာအနုပညာပြပွဲသည် မြန်မာပြည်သို့ ဇူလိုင် ၁၈ ရက်က ရောက်ရှိလာခဲ့ပြီး အသက် ၃၀ အောက် နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ လူငယ်အနုပညာရှင်များ ဖန်တီးပုံဖော်ထားသည့် အနုပညာမီဒီယမ်များစွာပါဝင်သော ဆက်နွယ်ပေါင်းကူးမှုများ တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့် ခေတ်ပြိုင်ဖန်တီးမှုများကို ပြသထားသည်။ ထို့ပြင် ဒစ်ဂျစ်တယ်ဂရပ်ဖစ်အနုပညာ၊ လက်တွေ့စမ်းသပ်မှုအခြေပြု ဗီဒီယိုများ၊ မာတီမီဒီယာ၊ လက်တွေ့စမ်းသပ်မှုအခြေပြုအင်စတော်လေးရှင်းများ၊ ဓာတ်ပုံပညာ၊ ဆူညံသံအခြေပြုအနုပညာ အစရှိသည့် အမျိုးအစားစုံလင်သော ခေတ်ပြိုင် အနုပညာလက်ရာအသစ်များကို ပြသထားသည်။ မြန်မာအနုပညာရှင် ၁၁ ဦးနှင့် နိုင်ငံတကာအနုပညာရှင် ၁၃ ဦး စုစုပေါင်း ၂၄ ဦးတို့၏ လက်ရာများကို ပြသထားရှိကာ ဇူလိုင် ၁၉ ရက်မှ ၃၀ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ အခမဲ့ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



## ဖာပွန်တွင် ဒုတိယအကြိမ် အပိုဆောင်းပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ဖာပွန် ဇူလိုင် ၂၁**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် မွေးကင်းစကလေးမှ အသက် ၁၅ နှစ်ထိ ကလေးများအား ဒုတိယအကြိမ် အပိုဆောင်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီမှစ၍ စတင်တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေလင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဒုတိယအကြိမ် အပိုဆောင်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်ဝဏ္ဏ (ပြန်/ဆက်)**

## တိုင်းရင်းဆေးအသိပညာပေးခြင်းနှင့် ဆေးကုသခြင်းဆောင်ရွက်

**ပူတာအို ဇူလိုင် ၂၁**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် တိုင်းရင်းဆေးဦးစီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းစေရေးဟူသော ရည်မှန်းချက်နှစ်ရပ်နှင့်အညီ တိုင်းရင်းဆေးအသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသခြင်းများကို ဇူလိုင်၂၀ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့နယ် ဒါဂိုရှီဇားကျေးရွာ အစည်းအဝေးခန်းမ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ခိုင်မျိုးဦးက မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါအကြောင်း သိကောင်းစရာများနှင့် မီးဖိုချောင်သုံး ဆေးဖက်ဝင်ပစ္စည်းများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနအနေဖြင့် ဒါဂိုရှီဇားကျေးရွာရှိပြည်သူ ၅၆ ဦးအား ကျန်းမာရေးစစ်ဆေးခြင်း၊ တိုင်းရင်းဆေးဖြင့် ကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ဖုန်ကန်(ပူတာအို)**

## ပဲခူးမြို့နယ်၌ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေး

**ပဲခူး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက လူမှုဖူလုံရေးအဖွဲ့က အလုပ်တွင်ထိခိုက်မှုကြောင့် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကျင်းပသည်။

ပဲခူးမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ယန်စီကျန်အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဦးအောင်မင်း၏ အလုပ်တွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၄၃၂၀၀၀၀၊ Stellar Power House Co.,Ltd. မှ အာမခံအလုပ်သမား ဦးသက်နိုင်ဝင်း၏ နာရေး စရိတ်ငွေကျပ် ၆၃၉၃၆၀၊ Ever Meter အလုပ်ဌာနမှ အာမခံအလုပ်သမား မဖြူဖြူဝင်း၏ မီးဖွားမှုနှင့် မီးဖွားစရိတ်အတွက် အကျိုးခံစားခွင့် ငွေကျပ် ၄၄၇၇၂၄ ကျပ်၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အာမခံအလုပ်သမား ဒေါ်ဇင်ဝါဝါမြင့်၏ မမာမကျန်းခွင့်နှင့်ဆေးဖိုးပြန်အမ်းငွေကျပ် ၅၂၁၇၆၀၊ ကမ္ဘောဇဘဏ်မှ အာမခံအလုပ်သမား ဦးအောင်သူဟိန်း၏ ဆေးဖိုးပြန်အမ်းငွေကျပ် ၂၀၀၀၀၀ နှင့် ဟိန်းရဲစိုးသစ်စက်မှ အာမခံအလုပ်သမား ဦးစိုးသန်း၏ ယာယီမသန်စွမ်းမှုအတွက် ငွေကျပ် ၁၁၇၆၀၀ တို့အား တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးညွန့်ရွှေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ကြသည်။

**တင်စိုး(ပဲခူး)**

## ခေတ်မီဒစ်ဂျစ်တယ်ပုံနှိပ်ကိရိယာများပြပွဲ မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ Future of Digital Printing ဆွေးနွေးပွဲနှင့် ခေတ်မီဒစ်ဂျစ်တယ်ပုံနှိပ်ကိရိယာများပြပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

ပြပွဲတွင် ခေတ်မီပုံနှိပ်စက်ကိရိယာများပြပွဲ၌ ဗီနိုင်းပုံနှိပ်စက်များ၊ လက်ဆောင်ပစ္စည်းများပုံနှိပ်သောစက်ကိရိယာများ၊ ပလတ်စတစ်ပုံနှိပ်စက်များ၊ ရောင်စုံဒစ်ဂျစ်တယ်ဗီနိုင်းစက်များ၊ စမတ်ကတ်ပြုလုပ်သောစက်များ၊ စက္ကူရောင်စုံ ဒစ်ဂျစ်တယ်ပုံနှိပ်စက်များကို ပြသရာ မန္တလေးမြို့နှင့် အထက်မြန်မာပြည်ရှိ ဒစ်ဂျစ်တယ်ပုံနှိပ်လုပ်ငန်းရှင်များ၊ ဆိုင်းဘုတ်လုပ်ငန်းရှင်များ၊ ကြော်ငြာလုပ်ငန်းရှင်များ လာရောက်ကြည့်ရှုလေ့လာကြသည်။

**သီဟကိုကို(မန္တလေး)**

# ထိုင်းနိုင်ငံအထူးကုသမားတော်ကြီးများ ကျန်းမာရေးအသိပညာပေးဟောပြော



**ရန်ကုန် ဇူလိုင် ၂၁**

နှလုံးရောဂါများ၊ အတက်ရောဂါ၊ သွေးအဆိပ်သင့် ခါတ်မတည့်သည့်ရောဂါများအကြောင်း ကြိုတင်ကာကွယ်ရေးအသိပညာပေး ကျန်းမာရေးဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel Yangon ၌ ကျင်းပသည်။

ထိုင်းနိုင်ငံ ဘမ်ရွန်ဂရက်ဆေးရုံကြီးမှ အထူးကုသမားတော်ကြီးများက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရင်း အသိပညာပေးဆွေးနွေးဟောပြောသည်။

**ကျန်းမာရေးဗဟုသုတပေး**

"ကမ္ဘာပေါ်မှာအဖြစ်အများဆုံးနဲ့ အသေအပျောက်အများဆုံး နှလုံးရောဂါအကြောင်းကို ကျန်းမာရေးဗဟုသုတပေးမယ်။ နောက်တစ်ခုကတော့ ကလေးတွေမှာဖြစ်လေ့ဖြစ်ထရှိပြီး လူကြီးတွေလည်း အရမ်းကြီးကုသဖို့အားနည်းတဲ့ရောဂါ၊ တက်တဲ့ရောဂါနဲ့ သွေးအဆိပ်သင့်တဲ့ ရောဂါတွေအကြောင်းကို ဟောပြောသွားတာဖြစ်ပါတယ်။ ကလေးတွေက တစ်ခါတလေ တက်တဲ့အခါ ဖျားလို့တက်တာလား၊ အပူကြီးလို့တက်တာလားပေါ့၊ ဒါကို အလျင်မီအောင်မကုဘူးဆိုရင် ဝက်ရူးပြန်တဲ့ရောဂါအထိ ဖြစ်သွားနိုင်ပါတယ်၊ ကျောင်းမတက်နိုင်ဘူး၊ ခါတ်မတည့်တဲ့ရောဂါအပိုင်းတွေလည်းရှိတယ်၊ ဒါတွေကို လူထုအနေနဲ့သိဖို့ ထိုင်းနိုင်ငံ အထူးကုသမားတော်ကြီးတွေက ဟောပြောသွားပါတယ်" ဟု ထိုင်းနိုင်ငံ ဘမ်ရွန်ဂရက်ဆေးရုံကြီး၏ မြန်မာပြည်အခြေစိုက်ရုံး ဒါရိုက်တာဦးမိုးရဲကျော်က ပြောသည်။

နှလုံးရောဂါအတွက် တိကျသောရောဂါရှာဖွေမှုများနှင့် အဆင့်မြင့်ကုသမှုများအတွက် ထိုင်းနိုင်ငံ ဘမ်ရွန်ဂရက်ဆေးရုံကြီးတွင် နာမည်ကြီးသော နှလုံးအထူးကုသမားတော်ကြီး Dr. Wattanaphol Phipathananunth က လည်းကောင်း၊ ကလေးငယ်များတွင်အဖြစ်များသော အတက်ရောဂါနှင့် ခါတ်မတည့်သည့်ရောဂါများအတွက် လတ်တလောတိုးတက်လာသော ကိုင်တွယ်ဖြေရှင်းပုံများအကြောင်းကို ကလေးအထူးကုသမားတော်ကြီး Dr.Thitiwan Simasathien က လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"လူထုတွေကို ပြောချင်တာက ကျန်းမာဖို့ဆိုရင် ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုမိုထိရောက်တယ်လို့ ယုံကြည်တယ်။ ဒါကြောင့် အခုလို ဟောပြောပွဲကနေ ကျန်းမာရေးအသိရှိလာမယ်၊ ကျန်းမာရေး အကျိုးကျေးဇူးများလည်း ရရှိသွားကြ လိမ့်မယ်၊ ရရှိတဲ့အကျိုးကျေးဇူးများဟာ မြန်မာပြည်သူပြည်သားတွေအတွက် များစွာသော ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူဖြစ်စေမှာပါ" ဟု ဦးမိုးရဲကျော်က ထပ်မံပြောသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# မန္တလေး၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်



**မန္တလေး ဇူလိုင် ၂၁**

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ (မန္တလေးဒေသပညာရေး)၊ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ၏ အမျိုးသားပွဲစဉ် နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီခွဲက မန္တလေးတက္ကသိုလ်အားကစားကွင်း၌ ကျင်းပသည်။

အမျိုးသားဗိုလ်လုပွဲတွင် ရတနာပုံအမျိုးသားဘောလုံးအသင်းက မန္တလာဒီဂရီကောလိပ် အမျိုးသားဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး အမျိုးသမီးပြိုင်ပွဲတွင် ရတနာပုံတက္ကသိုလ်အသင်းက မန္တလေးတက္ကသိုလ်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် အမျိုးသားအသင်းပထမဆု ရတနာပုံအမျိုးသားဘောလုံးအသင်းကို ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က လည်းကောင်း၊ ပထမဆုရ ရတနာပုံအမျိုးသမီးဘောလုံးအသင်းကို မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# မြန်မာ ယူ-၁၅ အမျိုးသားအသင်းအတွက် နည်းပြသစ်တစ်ဦး ခန့်အပ်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၅ အမျိုးသားအသင်းအတွက် နည်းပြသစ်ခန့်အပ်လိုက်ပြီဖြစ်ပြီး ဇူလိုင် ၂၀ ရက်မှစ၍ တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တော်စတန်ဖရန့်ခ်ကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ဘူတန်လက်ရွေးစင်အသင်းနှင့် ဂျာမနီ၊ ယီမင်၊ နီပေါလူငယ်အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မူလက မြန်မာ ယူ-၁၅ အမျိုးသားအသင်းနည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား မာရီနတ်စ်ကို ခန့်အပ်ရန် သဘောတူညီမှုရခဲ့သော်လည်း နောက်ဆုံးအချိန်တွင် ပျက်ပြယ်ခဲ့သောကြောင့် ဂျာမနီနိုင်ငံသား တော်စတန်ဖရန့်ခ်ကို ပြောင်းလဲခန့်အပ်ခဲ့ခြင်းဖြစ်သည်။

တော်စတန်ဖရန့်ခ်သည် ဇူလိုင် ၂၀ ရက်မှ စတင်ကိုင်တွယ်နေသောကြောင့် အာဆီယံပြိုင်ပွဲအတွက် ပြင်ဆင်ချိန်တစ်ပတ်ကျော်သာ ရမည်ဖြစ်သည်။ နည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့သည့် ဂျပန်နိုင်ငံသား နည်းပြ တာကူမာမာမူ လက်ထောက်နည်းပြအဖြစ် ပြောင်းလဲတာဝန်ယူမည်ဖြစ်သည်။

နည်းပြသစ်သည် ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် စတင်ကိုင်တွယ်ရမည်ဖြစ်ပြီး ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲနှစ်ခုတွင် အောင်မြင်မှုရအောင် စွမ်းဆောင်ပေးရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ရေနံချောင်း၌ ဝါဂေ ၁၈၀၀ နီးပါးစိုက်ပျိုးမည်

**ရေနံချောင်း ဇူလိုင် ၂၁**

ရေနံချောင်းမြို့နယ်တွင် ဝါဂေ ၁၈၀၀ နီးပါးအား လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် ဝါကိုဝါကြီးနှင့်ချည်မျှင်ရှည်ဝါ နှစ်မျိုးရှိသည့်အနက် ချည်မျှင်ရှည်ဝါကို မိုးနှောင်းသီးနှံအဖြစ် နှမ်းနှင့်မြေပဲများ ရိတ်သိမ်းပြီးချိန် ဝါခေါင်လနှင့် တော်သလင်းလထဲတွင် စိုက်ကြကြောင်း သိရသည်။

ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါဂေ ၁၈၀၀ နီးပါး စိုက်ပျိုးပြီး တစ်ဧကလျှင် အထွက်နှုန်း ၅၁၅ ပိဿာထွက်ရှိရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## သတင်းလမ်းညွှန်

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်

### စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်မည်

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးပြန်လည်ထူထောင်ရေးစခန်းရှိ လူငယ်သင်တန်းကျောင်းတွင် ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီ တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

### မသန်စွမ်းသူများအသင်း ရွေးကောက်ဖွဲ့စည်းမည်

မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း ရွေးကောက်ဖွဲ့စည်းခြင်းအခမ်းအနားကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

မြန်မာ့လက်ခမောင်းကုမ္ပဏီမှ စီစဉ်ကျင်းပသော World Lethwei Championship (WLC) KING OF LIMBS နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားရုံတွင် ဩဂုတ် ၂ ရက် ညနေ ၅ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အထက်မြန်မာပြည် တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

ပထမအကြိမ် အထက်မြန်မာပြည်တက္ကသိုလ်ပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲကို အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်တွင် ဩဂုတ် ၂ ရက်မှ ၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဝိပဿနာအခြေခံသင်တန်း ဖွင့်လှစ်မည်

တရားသင်တန်းအလှူတော် ပိုင်းလော့ဆရာ အရှင်ဇေယျပဏ္ဍိတမက ဝိပဿနာအခြေခံသင်တန်းကို ဩဂုတ် ၁၆ ရက်မှ ဩဂုတ် ၁၈ ရက်ထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

# ဒိုက်ဦးမြို့နယ် နှင်းဝိကျေးရွာ၌ နန္ဒမေတ္တာတံတားဖွင့်

**ဒိုက်ဦး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် နှင်းဝိကျေးရွာ နန္ဒမေတ္တာတံတားဖွင့်ပွဲကို ဇူလိုင်လဒုတိယပတ်က ပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်က အမှာစကားပြောကြားပြီး တံတားတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက တံတား၏သမိုင်းကြောင်းကိုရှင်းလင်းပြောကြားကာ နန္ဒမေတ္တာတံတားအား ညောင်ပင်လှဆရာတော်ဦးဆောင်သော ဆရာတော်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါနန္ဒမေတ္တာတံတားသည်အရှည် ပေ ၁၅၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၂၄ ပေရှိသံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီးပြည်ထောင်စု ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၅ သိန်း၊ ဆရာတော်များနှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၅၀ ကုန်ကျကာ ဒိုက်ဦးမြို့နှင့်နှင်းဝိအောက်ပိုင်း၊ သံတံတား၊ ပန္ဒတ်ကျေးရွာများနှင့် အလွယ်တကူ သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။ **ကျော်ကျော်(ဒိုက်ဦး)**



အမရပူရမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်နိုင် ဦးဆောင်၍ အမရပူရမြို့မရဲစခန်းမှူးနှင့် အရာရှိ/အရာခံ/အကြပ်/တပ်သားမိသားစုဝင်များ ပူးပေါင်း၍ အမရပူရမြို့နယ် ကြည့်မြင်တိုင်ကျေးရွာအုပ်စုအတွင်းနေ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးနှင့်ရေသန့်ဘူးများ သွားရောက်လှူဒါန်းစဉ်။

ကိုရဲ

# ဘားအံ၌ ပအိုဝ်းအမျိုးသားလူငယ်ညီလာခံ ကျင်းပ

**ဘားအံ ဇူလိုင် ၂၁**
ကရင်ပြည်နယ် ပအိုဝ်းအမျိုးသားလူငယ်ညီလာခံကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက ဘားအံမြို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ပအိုဝ်းအမျိုးသားလူငယ်ညီလာခံသို့ ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးမှ ဦးခွန်သန်းမြင့်နှင့် လူငယ်ရေးရာကော်မတီမှ စောစိန်ထွေးတို့က အမှာစကားပြောကြားသည်။

ပအိုဝ်းအမျိုးသားလူငယ်ညီလာခံတွင် ပအိုဝ်းလူငယ်နှင့် ပအိုဝ်းအမျိုးသားနိုင်ငံရေးကဏ္ဍ၊ ပအိုဝ်းလူငယ်နှင့် ပအိုဝ်းအမျိုးသားအင်္ဂါရပ်လက္ခဏာ (စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ ဂီတ၊ အနုပညာ)၊ လူငယ်နှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍ၊ အထွေထွေကဏ္ဍဟူသည့် ကဏ္ဍလေးရပ်ကို ကရင်ပြည်နယ်အတွင်းရှိ ပအိုဝ်းကျေးရွာများကို အခြေခံသော အသက် ၁၈ နှစ်မှ ၄၀ နှစ်အတွင်းရှိ ပအိုဝ်းလူငယ်များ၊ ကျေးရွာကိုယ်စားလှယ်များ၊ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ ပါဝင်သင့်ပါဝင်ထိုက်သည့် ကိုယ်စားလှယ်များ၊ ပအိုဝ်းနိုင်ငံရေးပါတီများမှ လူငယ်ကိုယ်စားလှယ်များက ကဏ္ဍတစ်ခုချင်းစီအလိုက် အစုအဖွဲ့များဖြင့် ဆွေးနွေးကြသည်။



ကရင်ပြည်နယ်အတွင်းနေထိုင်ကြသည့် ပအိုဝ်းလူငယ်များအချင်းချင်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာစေပြီး လူငယ်များ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်၊ ပအိုဝ်းလူငယ်များနှင့် အခြားသော ညီနောင် တိုင်းရင်းသားလူငယ်များ အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်နိုင်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ငါ့သရောက်မြို့ မြန္တာကန်တော်ကြီးသောက်သုံးရေကန်ကြီးထဲ မိုးရေများ စတင်ဝင်ရောက်

**ငါ့သရောက် ဇူလိုင် ၂၁**
ညောင်ဦးခရိုင် ငါ့သရောက်မြို့အမှတ် (၂) ဈေးကုန်းရပ်ရှိ မြန္တာသောက်ရေသုံးရေကန်ကြီး နွေဦးပေါက်မှစတင်ပြီး ရေများခန်းခြောက်သွားခဲ့ရာ ဇူလိုင် ၁၆ ရက် ညပိုင်းက ရွာသွန်းခဲ့သည့်မိုးကြောင့် မြန္တာသောက်ရေကန်ကြီးထဲသို့ မိုးရေများစတင်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ မြန္တာသောက်ရေသုံးရေကန်တော်ကြီးသည် ငါ့သရောက်မြို့ပေါ် ရပ်ကွက် လေးရပ်ကွက်လုံး မှီခိုအားထားနေသည့် သောက်ရေကန်ကြီးဖြစ်ရာ ရေကန်ကြီး ရေခန်းခြောက်သွားခြင်းကြောင့် မြို့ပေါ် လေးရပ်ကွက် ရေအခက်အခဲဖြစ်ခဲ့ရကြောင်း မြို့မိမြို့ဖ ဦးသိန်းဆွေက ပြောသည်။

မြန္တာသောက်ရေကန်ကြီးရေပြည့်နေပါက ကန်ကြီးအောက်ဘက် အဝီစိရေတွင်းများ ရေပေါ်ခြင်း၊ လက်ငင်တွင်းများ ရေပေါ်ခြင်းတို့ကြောင့် ကန်အောက်ဘက်ကျေးရွာများ ရေအတွက် အဆင်ပြေကြကြောင်း ထန်းငယ်တောရပ်နေ ကိုဘိုဘိုဇော်က ပြောသည်။ **ကိုထိန် (ငါ့သရောက်)**



# သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး ပညာပေး

**နေပြည်တော် ဇူလိုင် ၂၁**
သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ပညာပေးဟောပြောခြင်း၊ ရဲတပ်သားသစ်စုဆောင်းရရှိရေး စည်းရုံးခြင်းကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမြင့်နိုင်နှင့် နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်နိုင်လင်းဦး၊ ရဲအုပ်တင်ထွန်းနိုင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်ဦးတို့က သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ပညာပေးဟောပြောပြီး ရဲတပ်သားသစ်စုဆောင်းရရှိရေး စည်းရုံးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဆရာမင်း(ရှုပဗေဒ)**

# စိမ်းလန်းစိုပြည်ရေးနှင့် အရိပ်ရရှိစေရေးသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂၁**
ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ မိုးရာသီသစ်ပင်စိုက်ပျိုးရေးအဖွဲ့မှ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းပတ်လည်ကျေးရွာရှိ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနှင့် အရိပ်ရရှိစေရေးအတွက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြသည်။

ရှိုင်းစတားကားဆားဗစ်စင်တာအဖွဲ့နှင့် မိုးရာသီသစ်ပင်စိုက်ပျိုးရေးအဖွဲ့မှ ကိုမိုး ဦးဆောင်မှုဖြင့် သစ်ပင်စိုက်ပျိုးကြရာတွင် မဟော်ဂနီပင် ၂၀၀၊ ခရေပင် ၅၀၊ ပိန္နဲပင် ၅၀၊ ပေါက်ပန်းဖြူပင် ၅၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ညီညီ(သမိုင်း)**

# အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပေးအပ်

**သနပ်ပင် ဇူလိုင် ၂၁**
သနပ်ပင်မြို့နယ် ကမာဖရန်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် အိမ်ထောင်စု ၃၀၀ ကျော်အား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အဆိုကျေးရွာရှိ ဓမ္မာရုံ၌ အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပေးအပ်သည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများက ရန်ပုံငွေကျပ် ၄၅၄သိန်းကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၅ ဦးတို့အား အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**

## တိုတိုထွာထွာဖတ်စရာ

### ဂန့်ဂေါမြို့နယ်တွင် ကျောင်းဆောင်ဖွင့်လှစ်

**ဂန့်ဂေါ**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောက်လုပ်သည့် ဂန့်ဂေါမြို့နယ် မောက်လင်းရွာ KG ကျောင်းဆောင် ဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပသည်။

အဆိုပါ ကျောင်းဆောင်ကို ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာလူထု ထည့်ဝင်ငွေတို့ဖြင့် ဇွန်လ တတိယပတ်တွင် စတင်ဆောက်လုပ်ခဲ့ကာ ဇူလိုင်လ ပထမပတ်တွင်ပြီးစီး၍ အလျားပေ ၃၀၊ အနံပေ ၂၀ ၊ အမြင့် ၁၂ ပေရှိပြီး သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်းဖြင့် ဆောက်လုပ်ထားသည်။

ဂန့်ဂေါမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအဖြစ် ကျေးရွာ ၁၂ ရွာ၌ ဆောင်ရွက်ခဲ့ရာ ကျေးရွာ သုံးရွာတွင် စာကြည့်တိုက်နှင့် စာသင်ကျောင်းအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ကျေးရွာရှစ်ရွာတွင် လမ်းခင်းခြင်း၊ ကျေးရွာတစ်ရွာတွင် ရေရရှိရေးလုပ်ငန်းတို့ဆောင်ရွက်ကြောင်း သိရသည်။ **စိန်ကျော်**

### ကျောင်းကြို/ပို့ ဆိုင်ကယ်များ စည်းကမ်းလိုက်နာသင့်

**ပဲခူး**
ပဲခူးမြို့နယ်အတွင်း ယာဉ်စည်းကမ်းလိုက်နာကြစေရန် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့စုံများမှ ယာဉ်စည်းကမ်းပညာပေးလက်ကမ်းစာဆောင်များ ပေးဝေခြင်း၊ ပညာပေးဟောပြောခြင်း၊ စစ်ဆေးအရေးယူခြင်းများကို အချက်အချာနေရာများ၌ ရှောင်တခင် ဆောင်ရွက်လျက်ရှိသည်။

သို့သော် ကျောင်းကြို၊ ကျောင်းပို့ ဆိုင်ကယ်တို့တွင် အစုလိုက်အပြုံလိုက် တင်ဆောင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းမှုမရှိကြခြင်း၊ စည်းကမ်းမဲ့ ဖြတ်ဝင်ဖြတ်ထွက် မောင်းနှင်နေခြင်းများရှိကြောင်း တွေ့ရသည်။ **မျိုးသိန်း(ပဲခူး)**

### သန်လျင်၌ မူးခင်းအသိပညာပေး ဟောပြော

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ရုံးသပြေကန်ရဲကင်း စခန်းမှူး ရဲအုပ်တင်လင်းအောင်သည် ရုံးသပြေကန်ကျေးရွာ၌ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၃ နာရီခွဲက ကျေးရွာနေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

### ကြွပ်ကြွပ်အိတ်လျှော့ချသုံးစွဲရေး ပညာပေးဆွေးနွေး

**ပွင့်ဖြူ**
ပြည်သူများ ကြွပ်ကြွပ်အိတ်လျှော့ချသုံးစွဲရေး အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့ မြို့မစည်ပင်သာယာဈေးအတွင်းရှိ တာဝန်ခံဈေးကော်မတီရုံး၌ ကျင်းပသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုပြောင်းလဲမှုဂေဟစနစ်အား ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် ကြွပ်ကြွပ်အိတ်သုံးစွဲမှုအစား သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် ထုပ်ပိုးပစ္စည်းများအား ပြောင်းလဲသုံးစွဲကြရန် ပညာပေးဟောပြောသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ရွှေ ဇူလိုင် ၁၅ ရက်နံနက် ၁၀ နာရီက ပင်လုံကွက်သစ်ရပ်ရှိ မြို့သာမြို့ အောင်ပွဲဝင်ဘော်ဒါဆောင်၌ မူခင်းအသိပညာပေးဟောပြောစဉ်။

**ပွင့်သစ္စာ**

# e-Government လုပ်ငန်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဖွင့်

**မြစ်ကြီးနား ဇူလိုင် ၂၁**
ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ e-Government လုပ်ငန်း အထောက်အကူပြု လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမအကြိမ်အဖြစ် ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ထမ်းများအား ရုံးသုံး အခြေခံကွန်ပျူတာသင်တန်းနှင့် အခြေခံ ကွန်ပျူတာပြုပြင်ထိန်းသိမ်းရေး သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်က ဌာနဆိုင်ရာလုပ်ငန်းများ၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာချိတ်ဆက်ဆောင်ရွက်နိုင်ရေး ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် e-Government စနစ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ယခင်နှင့်မတူ အသိပညာ၊ အတတ်ပညာ၊ IT၊ ET၊ ကွန်ပျူတာများကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်ဖို့ လိုအပ်ကြောင်းပြောကြားသည်။

ယင်းနောက် မြစ်ကြီးနားကွန်ပျူတာတက္ကသိုလ်မှ ကျောင်းအုပ်ကြီးဒေါက်တာသန်းနိုင်စိုးက e-Government ၏ ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်မှု အခြေအနေများ၊ သင်တန်းပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက သင်တန်းခန်းမအတွင်း သင်တန်းပို့ချမှုအခြေအနေတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းအပတ်စဉ် (၁/၂၀၁၉)တွင် ပြည်နယ်အစိုးရအဖွဲ့ရုံးမှ အရာထမ်း၊ အမှုထမ်း ၄၃ ဦးတို့အား ကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများက ရုံးသုံးအခြေခံကွန်ပျူတာသင်တန်းနှင့် အခြေခံကွန်ပျူတာပြုပြင်ထိန်းသိမ်းရေး သင်တန်း (Basic A+)သင်ခန်းစာများကို ရုံးချိန်ထိခိုက်မှုမရှိစေရေး ရုံးပိတ်ရက်များတွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ **ပြည်နယ်(ပြန်/ဆက်)**





## ရွှေတောင်မြို့တွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြ

**ရွှေတောင် ဇူလိုင် ၂၁**
ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ် ဒုရင်ဒုဘိုအုပ်စု ထန်းလုံးချောင်းတာပေါင်၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဦးက အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းက ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က မြစ်ရေကြီး၍ တာပေါ်ရေကျော်မှုများ တာအိကျမှုများ၊ ထူးပေါက်မှုများနှင့် သဲဗွက်ပေါက်မှုများ ဖြစ်ပေါ်လာပါကဆောင်ရွက်ရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်လုပ်ဆောင်ရမည့်အချက်များကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## မြိတ်မြို့ မီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေးတပ်စု အရန်သင့်စုဖွဲ့ထားရှိ

**မြိတ် ဇူလိုင် ၂၁**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်ရေးအတွက် မြိတ်မြို့မီးသတ်စခန်းတွင် ရှာဖွေကယ်ဆယ်ရေး တပ်စုတစ်စု အရန်သင့်စုဖွဲ့ထားရှိကြောင်း သိရသည်။

"ရုတ်တရက် ဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါကစုဖွဲ့ထားရှိတဲ့ ရှာဖွေကယ်ဆယ်ရေးတပ်စုတစ်စု ၃၅ ဦးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်၊ လူနာတင်ယာဉ်ဖြင့် ချက်ချင်းသွားရောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ မိုးတွင်းကာလမှာ တခြားသောမြို့များ၌ မိုးများ၍ ရေကြီးရေလျှံမှုများဖြစ်ပွားပြီး ရေနစ်မြုပ်မှုတွေ ဖြစ်နေပါတယ်။ မြိတ်မြို့နှင့် အနီးပတ်ဝန်းကျင်များမှာ ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးရေယာဉ်တစ်စီးနှင့် အသက်ကယ်ပစ္စည်းများဖြင့် အချိန်မီသွားရောက်ကူညီကယ်ဆယ်နိုင်ရန် စုဖွဲ့ထားမှုရှိပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးကျော်သူက ပြောသည်။



မြိတ်မြို့ မီးသတ်စခန်းတွင် ရှာဖွေကယ်ဆယ်ရေး မော်တော်ယာဉ် နှစ်စီး၊ ရှာဖွေကယ်ဆယ်ရေးရေယာဉ် တစ်စီး၊ လူနာတင်ယာဉ် တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းမျိုးစုံနှင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင် ရှာဖွေကယ်ဆယ်ရေးတပ်စုတစ်စုနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ရှာဖွေကယ်ဆယ်ရေး တပ်စုတစ်စုဖွဲ့စည်းထားရှိပြီး ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား ရှာဖွေကယ်ဆယ်ရေးပစ္စည်းများဖြင့် အပတ်စဉ်လေ့ကျင့်လျက်ရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး (မြိတ် ပြန်/ဆက်)**



## သဘာဝဘေးကြိုတင်ကာကွယ်ရေး ပညာပေးစာစောင်များ ပြသ

**မြောက်ဦး ဇူလိုင် ၂၁**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသလျက်ရှိသည်။

ရေကြီးခြင်းမဖြစ်ပေါ်မီ ဆောင်ရွက်ရန်အချက်များ၊ ရေကြီးခြင်း သတိပေးချက်ရရှိပါက ဆောင်ရွက်ရန်အချက်များ၊ ရေကြီးနေချိန်တွင် ဆောင်ရွက်ရန်အချက်များ၊ ရေကြီးပြီးနောက် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းကြိုတင်သတိ ပေးခြင်းများ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန်အချက်များ၊ မြေပြိုဘေး အသိပညာများ၊ မြေပြိုခါနီးတွင်ဖြစ်တတ်သော လက္ခဏာများ၊ ကြိုတင်ကာကွယ်ရေးများ အစရှိသည့် နံရံကပ်စာစောင်များကို ပြသထားသည်။ **ခရိုင် (ပြန်/ဆက်)**

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ကျေးရွာများသို့ ကွင်းဆင်းဟောပြော

**စဉ့်ကူး ဇူလိုင် ၂၁**
မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ကျေးရွာပြည်သူများအား ဥပဒေဆိုင်ရာဗဟုသုတများတိုးပွားစေရန် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက ရွာသစ်ကြီးကျေးရွာဓမ္မာရုံ၌ အသိပညာပေးဟောပြောသည်။

မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဥပဒေအရာရှိ(ငြိမ်း) ဦးစန်းလွင်က မိတ်ဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်ထားအိစံက တရားစီရင်ရေးနှင့်ဥပဒေဆိုင်ရာသိကောင်းစာများ၊ အဖွဲ့ဝင် ဦးခင်မောင်သိန်းက ဥပဒေဆိုင်ရာအထောက်အကူပေးရေးနှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို ဆွေးနွေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည့် ဥပဒေဆိုင်ရာကိစ္စရပ်များကို စိတ်ပါဝင်စားစွာ ဆွေးနွေးမေးမြန်းကြပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြသည်။ **ဝင်းမောင်(စဉ့်ကူး)**

## ပခုက္ကူမြို့တွင် သဘာဝဘေးအန္တရာယ်အသိပညာပေး

**ပခုက္ကူ ဇူလိုင် ၂၁**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် နံ့ပို့ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂နာရီက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဂါးဒီးယန်အဖွဲ့မှ စီမံချက်ညှိနှိုင်းရေးမှူး ဒေါ်ဒေးဝင်းစိန်က သဘာဝဘေးအန္တရာယ် မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ရန် လိုအပ်ချက်များ၊ ဖြစ်ပွားချိန် ပြုလုပ်ရမည့်နည်းလမ်းများ၊ ဖြစ်ပွားပြီးနောက် ဆောင်ရန်-ရှောင်ရန်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

## ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**လှိုင်းဘွဲ့ ဇူလိုင် ၂၁**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မွေးကင်းစကလေးမှ အသက် (၁၅) နှစ်ထိ ကလေးများအား ဒုတိယအကြိမ်အပိုဆောင်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက စတင်ပြုလုပ်ခဲ့သည်။

မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဇော်ဦး ဦးစီး၍ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် ကလေးငယ်များ မကျန်ရှိစေရေးအတွက် လိုက်လံတိုက်ကျွေးပေးလျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**



# ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန် တိုက်စစ်မှူး ဂါရတ်ဘေးလ် နီးစပ်မှုရှိနေ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ အသင်းကနေ ထွက်ခွာဖို့ နီးစပ်နေပြီဖြစ်တယ်လို့ နည်းပြ ဇီဒန်းက ပြောကြားခဲ့ပါတယ်။

အသက် ၃၀ အရွယ်ရှိ ဝေးလ်ကြယ်ပွင့် ဂါရတ်ဘေးလ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ကစားခဲ့တဲ့ ရာသီအကြိုပွဲစဉ်မှာလည်း ပါဝင်ကစားခဲ့ခြင်းမရှိခဲ့ပါဘူး။

တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ စာချုပ်သက်တမ်းသုံးနှစ်ကျန်ရှိနေသေးတာဖြစ်ပြီး ၂၀၁၃ ခုနှစ်က ပရီမီယာလိဂ်ကလပ် စပါးအသင်းကနေ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ အဲဒီလို ပြောင်းရွှေ့လာခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား လေးကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းမှာ မပျော်မရွှင်ဖြစ်ခဲ့ရတာကြောင့် ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ မန်ယူအသင်း၊ စပါးအသင်း၊ ဂျာမန်ဘွန်ဒက်လီဂါကလပ်အသင်းဖြစ်တဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ထဲက တစ်သင်းသင်းဆီကို ပြောင်းရွှေ့ကစားမှာဖြစ်ပြီး တရုတ်စူပါလိဂ်ကိုလည်း ပြောင်းရွှေ့ကစားဖို့ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ လက်ရှိအချိန်အထိ လာလီဂါပွဲစဉ် ၇၉ ပွဲပါဝင်ကစားထားတာဖြစ်ပါတယ်။



# နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲတွင် စပါးက ဂျူဗင်တပ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ

စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိတဲ့ နိုင်ငံတကာချန်ပီယံဖလားပြိုင်ပွဲရဲ့ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဂျူဗင်တပ်အသင်းနဲ့ စပါးအသင်းတို့ရဲ့ ပွဲစဉ်မှာ စပါးအသင်းက ဂျူဗင်တပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဂျူဗင်တပ်အသင်းဟာ တိုက်စစ်ပိုင်းမှာ စီရိုနယ်လ်ဒို၊ မန်ဇူကစ်၊ ဘာနာဒက်ချီတို့ကိုထားပြီး ကွင်းလယ်ပိုင်းမှာ မက်တူဒီ၊ ပီဂျာနစ်၊ အမ်မီရီကန်၊ ခံစစ်ပိုင်းမှာ ကန်ဆယ်လို၊ ဘိုနျူစီ၊ ရူဂါနီနဲ့ ဒီစီဂလီယိုတို့ကို ထည့်သွင်းလာခဲ့ပါတယ်။

စပါးအသင်းကတော့ တိုက်စစ်နဲ့ ကွင်းလယ်ပိုင်းမှာ ထရှိုင်ပါးရော့၊ လာမယ်လာ၊ စကစ်၊ အလီ၊ ဟယ်ရီဝင့်ခ်၊ ဆွန်ဟောင်မင်တို့ကို ထည့်သွင်းလာခဲ့ကာ နောက်တန်းခံစစ်ပိုင်းမှာတော့ ဝေါကာ၊ အယ်လ်ဒါဝီးလ်၊ တန်ဂန်ဂါ၊ ဂျော်ဂီရူး စတဲ့ ကစားသမားတွေကို ပွဲထွက်ကစားသမားစာရင်းမှာ ထည့်သွင်းလာခဲ့ပြီး ပွဲကစားချိန် ၃၁ မိနစ်မှာ လာမယ်လာရဲ့သွင်းဂိုးနဲ့ စပါးအသင်းက အဖွင့်ဂိုး စတင်ရရှိခဲ့ပါတယ်။

ဒုတိယပိုင်းမှာတော့ ဂျူဗင်တပ်အသင်းက ပွဲကစားချိန် ၅၆ မိနစ်မှာ ဟီဂူအင်နဲ့ ပွဲကစားချိန် မိနစ် ၆၀ မှာ စီရိုနယ်လ်ဒိုတို့ရဲ့ သွင်းဂိုးတွေရရှိခဲ့တာကြောင့် စပါးအသင်းကို ပြန်လည်ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် စပါးအသင်းက လူစားဝင်လာတဲ့ လူကတ်မိုရာက ပွဲကစားချိန် ၆၅ မိနစ်နဲ့ ဟယ်ရီကိန်းက မိနစ် ၉၀ တို့မှာ တစ်ဂိုးစီသွင်းယူခဲ့တာကြောင့် စပါးအသင်းက ဂျူဗင်တပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။



# အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရသဖြင့် မော်ရိုကိုအသင်းနည်းပြအဖြစ်မှ ဟာဗီရီနာ့ နုတ်ထွက်

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ မော်ရိုကိုအသင်းဟာ စောစီးစွာထွက်ခဲ့ရပါတယ်။ အဲဒီလိုထွက်ခဲ့ရတာကြောင့် ဟာဗီရီနာ့ဟာ မော်ရိုကိုအသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။

မော်ရိုကိုအသင်းဟာ အီဂျစ် ၂၀၁၉ ပြိုင်ပွဲအတွက် ရေပန်းစားနေတဲ့ အသင်းတစ်သင်းဖြစ်ပေမယ့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာတော့ ၁၆ သင်းအဆင့်မှာပဲ ဘီနင်အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်ပြီးပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

နည်းပြ ရီနာ့ဟာ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ ၂၀၁၂ ခုနှစ်က ဇမ်ဘီယာအသင်း၊ ၂၀၁၅ ခုနှစ်မှာ အိုင်ဗရီကို့စ်အသင်းတို့နဲ့အတူ ဆုဖလားတွေရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာတော့ နည်းပြ ရီနာ့ဟာ မော်ရိုကိုအသင်းနည်းပြအဖြစ် ပြောင်းလဲတာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပါတယ်။

လူမှုမီဒီယာတွေရဲ့ဖော်ပြချက်မှာတော့ နည်းပြ ရီနာ့ဟာ ၂၀၁၉ ခုနှစ် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမတိုင်ခင်ကတည်းက မော်ရိုကိုအသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်မယ်လို့ ဆိုခဲ့တာဖြစ်ပါတယ်။

နည်းပြ ရီနာ့ဟာ မော်ရိုကိုအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် မော်ရိုကိုအသင်းကိုလည်း အရင်က ကမ္ဘာ့အဆင့် ၈၁ သာရှိခဲ့ရာကနေ အဆင့် ၄၇ အထိ တက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# စိန့်အက်စ်တီယန်နောက်ခံလူ ဆာလီဘာအား ခေါ်ယူရန် ပေါင် ၂၈ သန်းဖြင့် အာဆင်နယ် သဘောတူညီမှုရရှိ



အာဆင်နယ်အသင်းဟာ စိန့်အက်စ်တီယန်နောက်တန်းကစားသမား ဝီလီယံဆာလီဘာကို ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းနဲ့ ခေါ်ယူဖို့ သဘောတူညီထားပြီဖြစ်ပါတယ်။

နောက်တန်းကစားသမား ဆာလီလာကို စပါးအသင်းကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ ဒါပေမယ့် အာဆင်နယ်အသင်းက သဘောတူညီမှုရရှိပြီး ဇူလိုင် ၂၃ ရက်မှာ ကျန်းမာရေးဆိုင်ရာဆေးစစ်မှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ဆာလီဘာကိုခေါ်ယူဖို့ သဘောတူညီထားပေမယ့် စိန့်အက်စ်တီယန်အသင်းထံကို တစ်ရာသီအငှားစာချုပ်နဲ့ အငှားချထားသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

နောက်တန်းကစားသမား ဆာလီဘာဟာ ဥရောပမှာ အကောင်းဆုံးလူငယ်နောက်တန်းကစားသမားတစ်ဦးဖြစ်လာနိုင်တာမို့ အာဆင်နယ်အသင်းက ခေါ်ယူဖို့ဆုံးဖြတ်ခဲ့တာလို့လည်းသိရပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ရာသီအကြိုပွဲစဉ်တွေ ကစားနေစဉ်အတွင်းမှာပဲ နောက်တန်းကစားသမား ဆာလီဘာကို ကမ်းလှမ်းခဲ့တာဖြစ်ပြီး ယခုလအစောပိုင်းမှာ ဘရာဇီးကစားသမား မာတီနယ်လီကိုလည်း ခေါ်ယူထားပြီးဖြစ်ပါတယ်။

မာတီနယ်လီဟာ ပြီးခဲ့တဲ့တစ်ပတ်က ကော်လိုရာဒိုရစ်ပစ်အသင်းကို အာဆင်နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ အာဆင်နယ်အသင်းအနေဖြင့် နိုင်ငံတကာချန်ပီယံဖလား ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဘိုင်ယန်မြူးနစ်အသင်းကိုလည်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

## နှလုံးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲ မန္တလေးတွင် ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ Mercure Hotel တွင် နှလုံးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဦးမိုးရဲကျော်နှင့် ဒေါက်တာ ဒေါ်အိချယ်ရီနိုင်တို့က နှလုံးရောဂါဆိုင်ရာဟောပြောပွဲ ကျင်းပရခြင်းအကြောင်းနှင့် ဟောပြောမည့်ပုဂ္ဂိုလ်များနှင့် မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် ဘမ်ရွမ်ဂရက်ဆေးရုံကြီးမှ Dr.Thitiwan Simasathien (ကလေးအထူးကုသမားတော်ကြီး) နှလုံးရောဂါ ဖြစ်ပွားရခြင်းအကြောင်းရင်းများနှင့် ကာကွယ်ကုသဖို့ အထူးလိုအပ်ကြောင်း စသည်တို့ကို ပြောကြားသည်။ ယင်းနောက် Dr.Wattanaphol (နှလုံးအထူးကုသမားတော်ကြီး)က နှလုံးရောဂါဖြစ်ပေါ်နေသော လူတစ်ယောက်၏ လက္ခဏာအခြေအနေများ၊ အစားအသောက်၊ အနေအထိုင် ဆင်ခြင်ရပုံများကို ပြောကြားသည်။

တက်ရောက်လာသူများက နှလုံးရောဂါဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးမေးမြန်းကြရာ အဆိုပါ ဆရာဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားသွားသည်။

အဆိုပါ နှလုံးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် ကျန်းမာရေးအသိပညာလိုက်စားသူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးဝင်းဗိုလ်(အရာတော်)**

## မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်း မိုးကာလသွားလာမှုကောင်းမွန်ရေး ဆောင်ရွက်



**မိုးညှင်း ဇူလိုင် ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာနှင့် တစ်မိုင်ခန့် အကွာရှိ ရွှေဘို-မြစ်ကြီးနားကားလမ်းမကြီးပေါ်ရှိ လွယ်ခမ်းတောင် အန္တရာယ်အက်စ်ကွေ့တွင် ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက လမ်းပြုပြင်စဉ် ရတ်တရက် မိုးရွာသွန်းမှုကြောင့် မော်တော်ယာဉ်ကြီးများနှင့် ခရီးသည်ယာဉ်များ ယာယီရပ်ဆိုင်းခဲ့ရပြီး ဘက်ဟိုးယာဉ်များဖြင့် ဆွဲထုတ်ယူခဲ့ရသည်။

"လမ်းမြေသားတွေပြုပြင်နေတုန်း မိုးရွာသွန်းလိုက်လို့ မော်တော်ယာဉ် ခရီးသွားတွေအတွက် အချိန်လေးနာရီလောက် ယာယီရပ်ဆိုင်းပြီး ဘက်ဟိုးယာဉ်နဲ့ ကူညီဆောင်ရွက်ပေးနေသလို မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ရပ်မိရပ်ဖတွေက ခရီးသွားယာဉ်တွေကိုဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေပါတယ်" ဟု မော်ဟန်ဒေသ မီးသတ်အရန်တပ်စုမှူး မောင်ကြီးက ပြောသည်။

လမ်းပြုပြင်နေစဉ် မော်တော်ယာဉ်များ အချိန်လေးနာရီမျှ ယာယီရပ်နားခဲ့ပြီး တာဝန်ရှိသူများက ပြုပြင်မှုကြောင့် အဆိုပါ နံနက် ၉နာရီတွင် လမ်းများပြန်ပွင့်ကာ မော်တော်ယာဉ်များ ဆက်သွားလာနိုင်ပြီဖြစ်သည်။

အဆိုပါ လမ်းပိုင်းသည် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် 290.8Km နှင့် 291.8 Km အတွင်းရှိ မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာနှင့် တစ်မိုင်ခန့်အကွာတွင်တည်ရှိသော အရှည် ၄၆၀ မီတာ (၁၅၀၉) ပေရှိသည့် လွယ်ခမ်းတောင် အန္တရာယ်အက်စ်ကွေ့ဖြစ်ကြောင်း သိရသည်။

**နီတိုး**

## သစ်တောရေယာများအတွင်း ယခုနှစ်မိုးရာသီတွင် ကျွန်းနှင့် ပျဉ်းကတိုးဧက ၂၆၀၀ စိုက်ပျိုးမည်

**မုံရွာ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်ငါးခုမှ မြို့နယ် ၁၃ မြို့နယ်အတွင်းရှိ သစ်တောရေယာအတွင်း စီးပွားရေး ကျွန်းနှင့် ပျဉ်းကတိုးစိုက်ခင်းဧက ၂၆၀၀ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့အောင်က ဇူလိုင် ၂၀ ရက်က ပြောသည်။



ကျွန်းစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ သော်ကြိုးဝိုင်းအတွင်း ဧက ၄၀၀၊ ကသာခရိုင် ကောလင်းမြို့နယ်အတွင်းရှိ ကျွန်တောကြိုးပြင်ကာကွယ်တောအတွင်း ၁၂၅ ဧက၊ ထီးချိုင့်မြို့နယ် ဂဟဲကြိုးဝိုင်းအတွင်း ဧက ၁၅၀၊ ပင်လည်ဘူးမြို့နယ် နန့်ဘရန့်ကြိုးဝိုင်းအတွင်း ဧက ၈၀၊ ဝန်းသိုမြို့နယ် ဗီလေးကြိုးဝိုင်းအတွင်း ၁၃၅ ဧက၊ အင်းတော်မြို့နယ် ဂဟဲကြိုးဝိုင်းအတွင်း ဧက ၁၅၀ အားလည်းကောင်း၊ ပျဉ်းကတိုးစိုက်ခင်း ဧက ၂၀၀ ကို ကသာမြို့နယ် အောင်ပုံ-နတ်တံခါးကြိုးပြင်ကာကွယ်တောအတွင်းလည်းကောင်း၊ ယင်းမာပင်ခရိုင် ကနီမြို့နယ်ရှိ ပင်ထောင်ကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း ဧက ၅၀၊ ပုလဲမြို့နယ် ခင်အေးကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း ၂၁၅ ဧကအားလည်းကောင်း၊ ကလေးခရိုင် ကလေးမြို့နယ်ရှိ ပန်းမတောင်ကြိုးပြင်ကာကွယ်တောအတွင်း ကျွန်းစိုက်ခင်း ဧက ၁၀၀၊ ကလေးဝမြို့နယ်ရှိ ကြာပင်ကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း ဧက ၁၀၀၊ မင်းကင်းမြို့နယ်ရှိ သံပေါက်ကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်းဧက ၁၀၀ အားလည်းကောင်း၊ မော်လိုက်ခရိုင် မော်လိုက်မြို့နယ်ရှိ မော်ကူးကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း ဧက ၅၀ အားလည်းကောင်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် တန်ဖိုးမြင့်သစ်အမျိုးအစားများဖြစ်သော ကျွန်းနှင့် ပျဉ်းကတိုးသစ်မျိုး ဧက ၂၆၀၀ ကို မိုးရာသီကာလအတွင်း စိုက်ပျိုးလျက်ရှိရာ ၂၀၁၉ ခုနှစ် ဇွန်လအကုန်အထိ ကျွန်းစိုက်ခင်း ၁၆၅၅ ဧကနှင့် ပျဉ်းကတိုးစိုက်ခင်းဧက ၂၀၀ စုစုပေါင်း ၁၈၅၅ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ကျန်းမာရေးအသိပညာပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသ

**ကျိုင်းတုံ ဇူလိုင် ၂၁**

ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းကုသခြင်းကို ကျိုင်းတုံမြို့ ကျိုင်းဖောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ဆောင်ရွက်သည်။

ခရိုင်တိုင်းရင်းဆေးကုဌာန ခရိုင်ဦးစီးမှူး ဦးမင်းဟန်က တိုင်းရင်းဆေးကုဌာနများအကြောင်း၊ တိုင်းရင်းဆေးရုံအုပ်ကြီး ဦးမြင့်ခိုင်က ရာသီတုပ်ကွေးရောဂါအကြောင်း၊ ဒုတိယတိုင်းရင်းဆေးရုံအုပ် ဦးဆန်းလှိုင်၊ မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မြတ်ဖြူနှင့် ဆရာ ဆရာမများ၊ မြို့နယ်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်နန်းဟွန်လှိုင်ထွန်းနှင့် အထက်တန်းသူနာပြုဆရာမ ဒေါ်ချစ်ချစ်ဇော်တို့က တိုင်းရင်းဆေးပညာအကြောင်းသိကောင်းစရာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးရဲဝင်းထွန်းက စာဖတ်ရှိန်မြှင့်တင်ရေး၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ဒေသခံပြည်သူ ၁၀၀ ကျော်အား တိုင်းရင်းဆေးပညာဖြင့် ဆေးကုသပေးပြီး လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နံရံကပ်စာစောင်များအား ပြသပေးခဲ့ကြသည်။

**ရဲထက်ဦး(ကျိုင်းတုံ)**



## မိုးရွာသွန်းမှုမရှိ၍ ရေကိုစက်ဖြင့်တင်နေရ

**ရေတာရှည် ဇူလိုင် ၂၁**

ယခင်ရက်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် များစွာအဆင်ပြေခဲ့သော်လည်း ယခုရက်ပိုင်း မိုးရွာသွန်းခြင်းမရှိတော့ဘဲ နေ့အပူချိန်မြင့်တက်လျက်ရှိရာ စိုက်ပျိုးပြီးသည့် စပါးခင်းများ မြေများခြောက်သွေ့ကွဲအက်နေ၍ ရေတင်စက်များအသုံးပြုကြရသည့်အတွက် တောင်သူများအနေဖြင့် ငွေကြေးအပိုကုန်ကျမှုများရှိနေသည်ကို တွေ့ရသည်။

"မိုးရွာတုန်းက ရေတင်တာမြန်တယ်၊ ခုမိုးမရွာတော့ဘူး၊ နေပူချိန်ကလည်း အတော်ကိုပြင်းတာ၊ တစ်ရက်ဆိုတစ်ရက်ပဲ၊ လယ်တွေ ပပ်ကြားအက်ကုန်ပြီ၊ ရေသွင်းဖို့ရှိတဲ့တောင်သူတွေကတော့ စက်နဲ့ရေတင်ကြတယ်၊ ရေတင်စရာမရှိတဲ့ တောင်သူတွေကတော့ မိုးကိုမျှော်ရုံကလွဲလို့ ဘာမှမတတ်နိုင်တော့ဘူးဖြစ်နေတယ်"ဟု ရေတာရှည်မြို့နယ် ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

တောင်သူအများစုမှာ လယ်ယာလုပ်သားရှားပါးမှု၊ စိုက်ပျိုးစရိတ်မြင့်တက်မှုနှင့် အခြားသော သွင်းအားစုကုန်ကျစရိတ်များကို အတတ်နိုင်ဆုံး သက်သာအောင်ဆောင်ရွက်ကြသည့်အခါ လယ်ကွက်စပါးပင်များအကြား ပေါင်းပင်များထူပြောခြင်းကြောင့် ပေါင်းသတ်ဆေးအမျိုးမျိုး ထပ်မံသုံးစွဲကြရခြင်း၊ သုံးစွဲကြရသည့် ပေါင်းသတ်ဆေးများမှာလည်း အစွမ်းအာနိသင်နည်းပါးသည့်အခါ ဆေးအမျိုးမျိုးပြောင်း၍ ဝယ်ယူသုံးစွဲနေကြရသည်ဖြစ်ရာ ကုန်ကျစရိတ်ချွေတာနိုင်ရေးထက် စပါးပင်များဖြစ်ထွန်းအောင်မြင်ရန်ကိုသာ ကြိုးပမ်းဆောင်ရွက်နေကြရသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**





## ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံ

**လှိုင်းဘွဲ့ ဇူလိုင် ၂၁**

ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ ပြည်နယ်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေစိုးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အထက (လှိုင်းဘွဲ့) ပန်းဝတ်မှုံ ခန်းမ၌ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ပြည်နယ်လူမှုရေးဝန်ကြီးက ပညာရေးတွင် တိုးတက်မှုရှိစေရန် ဆရာ ဆရာမများအနေဖြင့် တွန်းအားပေးကြပ်မတ်ဆောင်ရွက်ရန်၊ ဆရာ ဆရာမများ နည်းပါးနေမှုကိုလည်း တတ်နိုင်သမျှ ဖြည့်တင်းပေးရန် စီစဉ်လျက်ရှိကြောင်း၊ ကျောင်းသားဦးရေနှင့် စာသင်ဆောင် လုံလောက်မှုမရှိသောနေရာများကို စာသင်ဆောင်အသစ် ဆောက်လုပ်ပေးနိုင်ရန် တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော ဒေသခံလူနာများအား ကြည့်ရှု၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စည်ပင်သာယာရေးဝန်ကြီး ရေပိုက်နှင့် ဘီလပ်မြေအိတ် လှူဒါန်းပွဲတက်ရောက်

**ပုလဲ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်သည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့် အလှူရှင်များနှင့်အတူ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး၌ ကျင်းပသော ရေသာကျေးရွာ သောက်သုံးရေရရှိရေးအတွက် နှစ်လက်မ PVC ပိုက် ပေ ၅၂၈၀ နှင့် ဘီလပ်မြေအိတ် အလုံး ၃၀ လှူဒါန်းပေးအပ်ပွဲသို့ တက်ရောက်သည်။

တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် သောက်သုံးရေရရှိရေးသည် အဓိက ဦးစားပေးဖြစ်ပါကြောင်း၊ အခုလို ကုမ္ပဏီများက ရေသာကျေးရွာအတွက် လိုအပ်သောပစ္စည်းများကို လာရောက်လှူဒါန်းသည့်အတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ရေသာကျေးရွာသောက်သုံးရေ ရရှိရေးအတွက် နှစ်လက်မ PVC ပိုက် ပေ ၅၂၈၀ လှူဒါန်းသော ရန်ကုန်မြို့မှ ဦးသိန်းဟန် Tokyo Pipe Co,.Ltd. မိသားစုနှင့် ရေပိုက်လိုင်းသွယ်တန်းမှု ကုန်ကျစရိတ်နှင့် ဘီလပ်မြေအိတ် ၃၀ အား လှူဒါန်းပေးသော ဦးပြည့်ဖြိုးလင်း (ကောင်းကင်သစ်ကုမ္ပဏီ) မိသားစုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ခဲ့သည်။

ထို့နောက်အလှူရှင်များက ရေသာကျေးရွာ အလယ်တန်းကျောင်းခွဲရှိ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်များနှင့် စာရေးကိရိယာမျိုးစုံတို့ကို တာဝန်ရှိသူများထံသို့ လှူဒါန်းသည်။ **ထွန်းကိုကို(ယင်းမာပင်)**



## လွိုင်လင်မြို့၌ စာအုပ်ပြပွဲနှင့် ဈေးရောင်းပွဲ ကျင်းပ

**လွိုင်လင် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး ကလေးစာပေပြပွဲ၊ စာအုပ်ဈေးရောင်းပွဲကိုဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက မြို့လယ်ကျောင်းတိုက်၌ ကျင်းပသည်။

**စာဖတ်ရှိန်မြှင့်တက်လာစေရန်ရည်ရွယ်**

ကျောင်းသားလူငယ်လူရွယ်များ စာဖတ်ရှိန်မြင့်တက်လာစေရန်လည်းကောင်း၊ စာပေချစ်မြတ်နိုးစိတ်၊ စာပေတန်ဖိုးသိတတ်လာစေရန်၊ စာဖတ်ခြင်း အလေ့အထကောင်းများ ရရှိလာစေရန်ရည်ရွယ်ကာ ရန်ကုန်မြို့ သုခဘုံစာအုပ်တိုက်မှ ကြီးမှူး၍ ကလေးစာပေပြပွဲ၊ စာအုပ်ဈေးရောင်းပွဲကို လာရောက်ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း သုခဘုံစာအုပ်တိုက်မှ ဦးညီသုတထံမှ သိရသည်။

ဆိုင်ခန်းပေါင်း ၁၉ ခန်းမှ သုတရသ၊ ကလေးစာပေစာအုပ်ပေါင်း ၃၀၀၀၀ ခန့် ရောင်းချကြသည်။



စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဇူလိုင် ၂၁ ရက်မှစ၍ ၂၅ ရက်အထိဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး (လွိုင်လင်)**

## ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့ဘက်ခြမ်းဒေသများရှိ ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းရသောကြောင့် ငှက်ပျောစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက ဖီးကြမ်းငှက်ပျောနဲ့ ပြည်ငှက်ပျော နှစ်မျိုးစိုက်တယ်၊ ဒီဒေသက ဆည်ရေသောက် စနစ်ဆိုတော့ ငှက်ပျောကို ရာသီမရွေး စိုက်ပျိုးနိုင်တယ်၊ အထွက်နှုန်းလည်းကောင်းတယ်၊ ဒီအချိန်က ဈေးကောင်းရနေတော့ ငှက်ပျောစိုက်တောင်သူတွေ အဆင်ပြေနေတယ်။ ရွာမှာတင် အခိုင် ၄၀ ပါ လှည်းတစ်စီးကို နှစ်သိန်းခွဲထိ ဈေးပေါက်နေတာ၊ အခိုင်လုမလု၊ အလုံးလုမလုပေါ်မူတည်ပြီး ဈေးနှုန်းအနည်းငယ်တော့ ကွာတာပေါ့၊ ရန်ကုန်၊ မန္တလေးနဲ့ ကျောက်ဆည်မြို့က ပွဲစားတွေလာရောက်ဝယ်ယူကြပါတယ်" ဟု ပဲခင်းကျေးရွာ တောင်သူ ကိုတိုးတိုးအောင်က ပြောကြားသည်။

အဆိုပါ ဒေသများတွင် စပါး၊ ငှက်ပျော၊ ငရုတ်၊ နှမ်း၊ နနွင်းတက် အစရှိသော သီးနှံများ စိုက်ပျိုးလျက်ရှိပြီး ငှက်ပျောစိုက်တောင်သူများအနေဖြင့် ငှက်ပျောစိုက်ခင်းများ လှိုင်လှိုင်ပေါ်၍ ဈေးနှုန်းကောင်းမွန်ကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## ငါ့သရောက်မြို့ သနပ္ပင်ကျေးရွာတွင် ပရဟိတအသင်းများမှ လှူဒါန်းသည့် စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

**ငါ့သရောက် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့ ကမ္မကျေးရွာအုပ်စု သနပ္ပင်ကျေးရွာတွင် ယနေ့နံနက် ၉ နာရီခွဲက မေတ္တာရေစင် ကျေးလက်ရေ ရရှိရေးအသင်း၊ ကြင်းတော်ယန် ဗုဒ္ဓဘာသာပရဟိတအသင်းဝင်များက လှူဒါန်းသည့် စက်ရေတွင်းဖွင့်ပွဲ ကျင်းပ ခဲ့ကြောင်း သိရသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အဆိုပါ စက်ရေတွင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း အခမ်းအနားကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်ပန်းတောင်းနယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ကျော်ကျော်၊ ညောင်ဦးနယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ညီညီအောင်၊ ငါ့သရောက်မြို့ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ ကမ္မကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးသန်းတို့က စက်ရေတွင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ရေများ လာရောက်သယ်ယူ**

ထို့နောက် စက်ရေတွင်း ရေဘားအား ဗိုလ်မှူးချုပ် ကျော်ကျော်က ဖွင့်လှစ်ပေးရာ ကျေးရွာသူ ကျေးရွာသားများက ဆိုင်းထမ်းများ၊ ရေတိုက်လှည်းများဖြင့် ရေလာရောက်သယ်ယူကြသည်။ ယင်းနောက် ကမ္မည်းကျောက်စာအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြကာ စက်ရေတွင်း လှူဒါန်းခြင်းအတွက် သနပ္ပင်ကျေးရွာ ဇမ္ဗူဒီပ ကျောင်းတိုက်တွင် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

သနပ္ပင်ကျေးရွာသည် အိမ်ထောင်စု ၂၇၀ ရှိပြီး လူဦးရေ ၁၁၅၆ ဦးရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးသန်းထံမှ သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# ဆုံးရှုံးနေသေးသော အခွင့်အရေးများ

## လက်ဗျာရည်ကျော်

ဆုံးရှုံးနေသေးသော အခွင့်အရေးများဆိုတာကို အင်္ဂလိပ်ဘာသာဖြင့် Missed Opportunities ဟု ပြောလိုက်တာနှင့် ဆရာဝန်တွေကတော့ ကာကွယ်ဆေးထိုးသည့် ကိစ္စကိုဆိုလိုမှန်း တန်းသိကြသည်။

ကာကွယ်ဆေးမထိုးလိုက်တာကို ဘာဖြစ်လို့ အခွင့်အရေးဆုံးရှုံးခြင်းဆိုသည့် ခမ်းနားကြီးကျယ်သည့် အသုံးအနှုန်းကြီး သုံးရပါသနည်းဟုဆိုလျှင် ဒါတော်တော်အရေးကြီးသည့်ကိစ္စပါဟု ဖြေရမည်ဖြစ်သည်။

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကလေးတွေ သေလျှင်သေ၊ မသေလျှင် ဒုက္ခိတဖြစ်ကျန်အောင် လုပ်နေတာက ထိပ်ဆုံးက "ကူးစက်ရောဂါများ" ဖြစ်သည်။ ကူးစက်ရောဂါဆိုတာက ဆေးပညာမဖွံ့ဖြိုးမတိုးတက်ခင်ခေတ်ကဆိုလျှင် ရောဂါကပ်ကြီးများကို ဖြစ်ပွားစေ၍ ကမ္ဘာ့လူဦးရေ ရာခိုင်နှုန်းတော်တော်များများကို ပြုတ်ပြုတ်ပြုန်းအောင်လုပ်ပစ်ခဲ့သည့် ပြဿနာတစ်ရပ်ဖြစ်သည်။

ခေတ်မီတိုးတက်သော ကမ္ဘာကြီးမှာတော့ ကူးစက်ရောဂါကို တော်တော်ဦးချိုးပစ်လိုက်နိုင်ခဲ့ပြီဖြစ်သည်။ အဲဒီလို ဦးချိုးနိုင်ခဲ့တာကလည်း လက်နက်နှစ်မျိုးကြောင့်ဖြစ်သည်။

တစ်မျိုးက ခပ်ပျော့ပျော့ ပဋိဇီဝဆေးဝါးများဟုခေါ်သည်။ ဒါတွေပေါ်လာတော့ ကူးစက်ပိုးမွှားတွေကို သေအောင် သတ်နိုင်လာသည်။ ခပ်ပျော့ပျော့ဟု ပြောရတာက ဆေးမနိုင်သည့်၊ ဆေးယဉ်ပါးသည့် ပြဿနာတွေလည်း ရှိနေ၍ဖြစ်သည်။ ပြီးတော့ ကိုယ့်ဘက်က ထိပြီးမှ ပြန်တိုက်ရတာဆိုတော့ လူနာမှာ ဒဏ်ရာဒဏ်ချက်က ကျန်ခဲ့တတ်သည်။

ပိုမိုထိရောက်သောလက်နက်က ကာကွယ်ဆေးပါ။ ကာကွယ်ဆေးမှာတော့ ဆေးယဉ်ပါးသည့်ပြဿနာမရှိ။ စကတည်းက ရောဂါမဖြစ်တော့တာမို့ ဒဏ်ရာဒဏ်ချက်လည်းမကျန်။ ကာကွယ်ဆေးမှာလည်း ရှားရှားပါးပါး တစ်ခါတလေ ဘေးထွက်ဆိုးကျိုးတွေ ရှိတတ်သော်လည်း ကုသရသည့်ဆေးများ၏ ဘေးထွက်ဆိုးကျိုးနှင့်စာလျှင် အများကြီးပိုနည်းသည်။

ကာကွယ်ဆေးများ၏အောင်ပွဲတွေထဲမှာ သမိုင်းတွင်ခဲ့တာက ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ ကျောက်ကြီးခေါ် small pox ရောဂါကို ကမ္ဘာ့မျက်နှာပြင်ပေါ်က အပြီးတိုင်ကွယ်ပျောက်သွားအောင် ချေမှုန်းနိုင်ခဲ့တာပင်ဖြစ်သည်။ ယနေ့ခေတ် လူငယ်တွေဆိုလျှင် "ကျောက်ပေါက်မာနှင့်မျက်နှာ" ဆိုသည့်စကား၏အဓိပ္ပာယ်ကိုပင် သိတော့မှာမဟုတ်။

မြန်မာနိုင်ငံတွင်လည်း အဲဒီအချိန်လောက်ကစပြီး ကလေးတွေကို နိုင်ငံတော်အစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးပေး၊ တိုက်ပေးလာခဲ့တာ အသက်ပေါင်းမြောက်မြားစွာ ကယ်တင်နိုင်ခဲ့ပြီဖြစ်သည်။

စိတ်မကောင်းစရာကောင်းတာက အဲဒီလို အခမဲ့ထိုးပေးနေသော ကာကွယ်ဆေးကိုပင်လျှင် အကြောင်းအမျိုးမျိုးကြောင့် မထိုးလိုက်ရသည့် Missed



Opportunities တွေက ရှိနေသေးတာဖြစ်သည်။

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းထဲမှာ ကျွန်တော် ထဲထဲဝင်ဝင် စပါဝင်ခဲ့သည့် ၂၀၀၄ ခုနှစ်က အဖြစ်အပျက်ကိုပဲ ကြည့်ကြပါဦးစို့။ ကာကွယ်ဆေးထိုးပြီး သေဆုံးသူကလေးသူငယ် ဆယ်ဂဏန်းလောက်ရှိလာသောအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များကိုယ်တိုင် ကျွန်တော်တို့နှင့် လာရောက်ပူးပေါင်းပြီး စစ်ဆေးကြသည်။ ကာကွယ်ဆေးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါများကြောင့် သေဆုံးမှုတွေ လာတိုက်ဆိုင်တာဆိုသည့်အဖြေထွက်သည်။ ရှင်းပြသော်လည်း ပြည်သူလူထုက လက်မခံတာမျိုးရှိလာသည်။ တချို့နေရာတွေမှာ ဆေးပညာရှင်မဟုတ်သော အာဏာပိုင်အဖွဲ့အစည်းတွေကိုက လက်မခံတာတွေလည်းရှိခဲ့သည်။ ကာကွယ်ဆေးထိုးလုပ်ငန်းကြီး လနှင့်ချီ ရပ်တန့်သွားခဲ့သည်။ ဆိုးကျိုးကတော့ နှစ်အနည်းငယ်အကြာမှာ အဲဒီဆေးတွေနှင့် ကာကွယ်ထားရမည့် 'ဆုံဆို့နာ'၊ 'ဝက်သက်' အစရှိသည့် ရောဂါတွေ ပြန်ရောက်လာတာပါပဲ။ အသေအပျောက်တွေလည်း ရှိခဲ့သည်။

**ကာကွယ်ဆေး ထိုးမထားသည့် ကလေးတွေကတစ်ဆင့် ကူးစက်ရောဂါတွေ ပြန်ပြန်ဖြစ်တာ ခဏခဏ ရင်ဆိုင်နေရဆဲ။ အထူးသဖြင့်တော့ conflict area ခေါ် စစ်မက် ဖြစ်ပွားနေသည့်နေရာတွေ၊ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခ ဖြစ်ပွားနေသည့် နေရာတွေပေါ့**

နောက်ပိုင်းတော့ ကျွန်တော်တို့ အင်တိုက်အားတိုက် ပညာပေးနိုင်လို့လားတော့မသိ။ ပြည်သူလူထုက ကာကွယ်ဆေးတွေကို လိုလိုလားလားတောင်းဆိုလာကြသည်။

Missed Opportunities တွေက ရှိနေတုန်းပါပဲ။ ကာကွယ်ဆေးထိုးမထားသည့် ကလေးတွေကတစ်ဆင့် ကူးစက်ရောဂါတွေ ပြန်ပြန်ဖြစ်တာ ခဏခဏရင်ဆိုင်နေရဆဲ။ အထူးသဖြင့်တော့ conflict area ခေါ် စစ်မက်ဖြစ်ပွားနေသည့် နေရာတွေ၊ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခဖြစ်ပွားနေသည့် နေရာတွေပေါ့။ မြို့ကြီးတွေလည်း မလွတ်ပါ။ စစ်ဘေးရှောင်မိဘမဲ့ကလေးတွေက မြို့ကြီးတွေပေါ်မှာရှိသည့် ဘုန်းကြီးကျောင်းအစရှိသည့် စောင့်ရှောက်ရေးစခန်းတွေကို ရောက်နေကြတာကိုး။

ဒါနဲ့ပဲ ကလေးဆရာဝန်တွေခမျာ ဆုံဆို့တွေ တွေ့ရလိုက်၊ ဝက်သက်တွေတွေ့ရလိုက်။

နောက်ဆုံးမတော့ ပိုလီယို။

ပိုလီယိုဆိုတာ အလွယ်ကူဆုံးကာကွယ်ဆေးပါ။ ထိုးစရာတောင်မလို။ ပါးစပ်ကတိုက်ရတာပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပိုလီယိုကို ကျောက်ရောဂါလို ကမ္ဘာ့မျက်နှာပြင်ပေါ်က ပျောက်သွားအောင်လုပ်ဖို့ စအိပ်မက်မက်ခဲ့တာ ခရစ်နှစ် ၂၀၀၀ ကတည်းကပါ။ မြန်မာနိုင်ငံဆိုလျှင် ပိုလီယိုကင်းစင်နိုင်ငံအဖြစ် နှစ်ကြိမ်တောင် အသိအမှတ်ပြုခံရဖူးသည်။ ၂၀၀၃ ခုနှစ်က တစ်ခါ၊ ၂၀၁၉ ခုနှစ်မှာ တစ်ခါ ဘာဖြစ်လို့ နှစ်ခါဖြစ်ရသလဲဆိုတော့ ကြားထဲမှာ wild virus ခေါ် အရိုင်းပိုးပြန်ဝင်တာကိုး။

ယခုထက်တိုင်လည်း ပိုလီယိုကင်းစင်နိုင်ငံအဆင့်မှာ ရှိနေဆဲပါ။ အရိုင်းပိုးထပ်မဝင်ပါ။ သို့သော် cVDPV ခေါ် ကာကွယ်ဆေးကနေ အသွင်ပြောင်းလှည့်လည်လာသည့်ပိုးက မြန်မြန်ခေါင်းထောင်ထနေသည်။ ၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ်မှာ ဖြစ်ခဲ့သည်။ ရခိုင်ရော ဆက်စပ်နေသည့် ပဲခူးတိုင်းတို့၊ ဧရာဝတီတိုင်းတို့မှာပါ အားဖြည့်ကာကွယ်ဆေးတွေ ဝင်တိုက်တော့ ပြန်ငြိမ်သွားသည်။ cVDPV ၏သဘောတရားက ကာကွယ်ဆေးကနေ အသွင်ပြောင်းတာဖြစ်သော်လည်း ကာကွယ်ဆေးတိုက်မထားသူမှာဖြစ်တာ ဖြစ်သည်။ ကာကွယ်ဆေးတိုက်မထားသူများလေလေ အဲဒီပိုး ပေါ်လေလေ။

ယခုလည်း ကရင်ပြည်နယ်မှာ ပေါ်ပြန်ပြီ။ အနေအထားကိုက ကိုယ့်ကျန်းမာရေးဝန်ထမ်း ဝင်၍မရသော နေရာမှာဖြစ်တာဖြစ်သည်။ အဲဒီနေရာကို ထိန်းချုပ်နိုင်သူတွေကလည်း ကာကွယ်ဆေးဝင်တိုက်နိုင်ဖို့ကို တော်တော်ညှိနှိုင်းနေရသည်။

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းက ဆရာဝန်တွေရော ကျွန်တော့်ဆီက ကလေးဆရာဝန်တွေပါ အဲဒီဝေးလံခေါင်ဖျားနေရာတွေအထိ ကွင်းဆင်း၍ ညှိနှိုင်းနေရဆဲ။

ကျွန်တော်တို့ရင်သွေးလေးတွေမှာ ဆုံးရှုံးနေသော အခွင့်အရေးလေးတွေမရှိစေချင်တော့ပါ။ ။

# အင်းတော်မြို့နယ်တွင် မိုးခေါင်သဖြင့် တောင်သူများ လယ်ယာစိုက်ပျိုးရန် အခက်တွေ့

**အင်းတော် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း မိုးခေါင်သဖြင့် တောင်သူများ လယ်ယာစိုက်ပျိုးရန်အခက်တွေ့လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"ဇွန်လက မိုးရွာသွန်းခဲ့ပြီး စပါးပျိုးထောင်ခဲ့ရတယ်။ ဇူလိုင်လထဲမှာ လယ်ယာစိုက်ပျိုးနိုင်တဲ့မိုးမရွာတော့ဘူး။ ယခင်နှစ်တွေကလို အင်း၊ အိုင်၊ ချောင်း၊ မြောင်းတွေမှာလည်း ရေမရှိတော့ဘူး။ အချို့ရေရှိတဲ့နေရာတွေမှာ စက်ရေတင်ပြီး အနည်းငယ်စိုက်ပျိုးကြပါတယ်။ စပါးပျိုးသက်ကလည်း တစ်လနီးလာပါပြီ။ ဒီအတိုင်းမိုးမရွာဘဲ ဆက်နေမယ်ဆိုရင် လယ်စိုက်ပျိုးချိန် နောက်ကျပြီး တောင်သူတွေ အခက်အခဲနဲ့ရင်ဆိုင်ရနိုင်တယ်"ဟု နတ်မဟုတ်ကလေးကျေးရွာနေ တောင်သူ ဦးသန်းလွင်က ပြောသည်။

"ရေစုပ်စက်တွေရှိတယ်။ ရေတင်စရာရေမရှိဘူး။ အချို့တောင်သူတွေက ငါးပေါက်ကျင်း(အဝီစိတွင်း)သုံးပေါက်ကျင်းတွေရိုက်ပြီး မြေအောက်ရေကို စက်နဲ့တင်ပြီး စိုက်ပျိုးနေရပါတယ်" ဟု မန်လည်ရွာသစ်ကုန်းကျေးရွာနေ တောင်သူ ဦးသိန်းအောင်က ပြောသည်။

မြို့နယ်စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးသိန်းခိုင်က "ဆည်ရေသောက်ရတဲ့လယ်တွေက စိုက်ပျိုးနေကြပါပြီ။ ရေတွင်းကုန်းဆည်၊အင်းတော်ချောင်းဆည်ကြီးဆည်နဲ့ ရေရှိတဲ့ချောင်းမြောင်းအင်းအိုင်ဘေးက လယ်တွေက စက်ရေတင်ပြီး စိုက်ပျိုးနေကြပါပြီ။ မိုးရွာတာအတော်နောက်ကျသွားရင် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးကြရန် ကျေးရွာတွေကို မှာကြားထားပါပြီ။ အဓိကစိုက်ပျိုးတဲ့ စပါးမျိုးတွေက လုံးသွယ်မွှေး၊ ရောမင်း၊ ဆင်းဧကရီ(၃) တို့ဖြစ်ပြီး ကောက်ညှင်းစပါးနှင့် အခြားစပါးမျိုးတို့ကိုလည်း အနည်းငယ်စိုက်ပျိုးကြပါတယ်။ အရန်စပါးမျိုးအဖြစ် ဆင်းဧကရီ(၃)ကို အရေးပေါ်အသုံးပြုနိုင်ရန် သိုလှောင်ထားပါတယ်"ဟု ပြောသည်။

အင်းတော်မြို့နယ်အတွင်း ယမန်နှစ်က မိုးစပါးစိုက်ပျိုးလယ်မြေဧက ၅၆၅၅၀ ရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**မောင်ချစ်လင်း (အင်းတော်)**



## သောင်ဒေါင့်ကျေးရွာ၌ အသိပညာပေးစကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ပန်းတနော် ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကပိုင်အုပ်စု သောင်ဒေါင့်ကျေးရွာ အမက၌ အင်းမနယ်မြေစခန်းမှူးရဲအုပ်သန်းနိုင်ထွန်းက မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ မူးယစ်ဆေးဝါးမသုံးစွဲရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးခေါင်းစဉ်များဖြင့် ယနေ့နံနက် ၁၀ နာရီက ဆွေးနွေးပွဲကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဒေသခံပြည်သူ ၁၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။**မောင်ချစ်ဦး(ပန်းတနော်)**





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ကွေ့မယ်ကိုင်ထားနှင့် ဓမ္မမျက်ရှု စာပေါင်းစု




လူ့ဘဝတွင်ကြုံတွေ့ရမည့်အခက်အခဲများကို ဖြတ်သန်းနိုင်စေရန် စာရေးသူ မျက်ရှု ဦးကျော်လွင် စီစဉ်ရေးသားသည့် ကွေ့မယ်ကိုင်ထားနှင့် ဓမ္မမျက်ရှု စာပေါင်းစု စာအုပ်ထွက်ရှိလာသည်။

မီးပွိုင့်ဖြတ်မည်ကိုင်ထား၊ ကွေ့မယ်ကိုင်ထားဆိုသည့်စကားသည် ခရီးသည်တင်ကားများပေါ်တွင် ကြားသိရသည့်စကားများပင်ဖြစ်သည်။ လူသားတိုင်းသည် မိမိဘဝတစ်လျှောက်လုံးတွင် အခက်အခဲမျိုးစုံကို ဖြတ်သန်းရမည်ဖြစ်၍ တစ်ဖက်မှ အခြားတစ်ဖက်ကို ဖြတ်သန်းသည့်အခါ၊ တစ်ကွေ့ကနေ တစ်ကွေ့ကို ချိုးကွေ့သည်အခါတွင် အဖြတ်မတတ်၊ အချိုးမတတ်ပါက ဒုက္ခဖြစ်တတ်သည်ကို အထူးသတိထားကာ ဖြတ်သန်းရ၊ ချိုးကွေ့ရမည်ကို သင်ခန်းစာယူတတ်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

**စာအုပ်ကို- ရှင်မတောင်စာပေ၊ အမှတ်- ၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈ မှ တန်ဖိုးငွေကျပ် ၂၃၀၀ ဖြင့် ဖြန့်ချိသည်။**

## မဇ္ဈိမဒေသမှ ခေါင်းလောင်းထိုးသံ ကဗျာစုနှင့် . . .




ကဗျာစာပေစိတ်ဝင်စားသူများဖတ်ရှုလေ့လာနိုင်ရန် ဆလိုင်းမောင်လက်ာ(ပေါက်ခေါင်း) စီစဉ်ရေးသားသည့် မဇ္ဈိမဒေသမှ ခေါင်းလောင်းထိုးသံ ကဗျာစာစုနှင့် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်ပါရှိသည့်ကဗျာများသည် ခရီးသွားမှတ်တမ်းများနှင့် စာရေးသူ၏ ရင်တွင်းဖြစ်စာစုများဖြစ်သည်။ စာရေးသူက အတတ်နိုင်ဆုံး အချိန်ယူပြီးမှ စာရှုသူများလက်အတွင်းသို့ ချပြခြင်းဖြစ်သည်။ သုတ ရသ နှစ်မျိုးစလုံးပါဝင်သဖြင့် အချိန်ကာလတွေလွဲမှားမည်ကို စိုးရိမ်ကြောင်း ရေးသားထားသည်။ စာဆိုအရှင်မြတ်သည် ချင်းဆရာတော်တစ်ပါးအဖြစ် ချင်းဗုဒ္ဓဘာသာဝင်များ၏ရှေ့တွင် မားမားမတ်မတ်ရပ်တည်လျက်ရှိပြီး စာရေးသူနှင့် စာဆိုရဟန်းတို့ ဆရာတပည့်နှစ်ဦး၏ အမျိုးဘာသာသာသနာ ရေးဆိုင်ရာ လက်တွဲဆောင်ရွက်ချက်များကို ကျေနပ်ကြည်နူးနေမိကြောင်း ရေးသားထားသည်။

**စာအုပ်ကို - စာပေနန်းတော်၊ အမှတ်(၁၁၇-၁၂၇)၊ ၃၆လမ်း(အလယ်ဘလောက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၂၆၀၂၄၅၂၂၄ နှင့် ၀၉ ၇၃၁၄၀၉၃၆ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

## မသိသူဖော်စား အင်္ဂလိပ်စကား





အင်္ဂလိပ်စာနှင့် သက်ဆိုင်သည့်အသုံးအနှုန်းများကို မသိသေးသည့်သူများအတွက် စာရေးသူ မိုးမြင့်မောင်စီစဉ်ရေးသားသည့် မသိသူဖော်စား အင်္ဂလိပ်စကားစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အင်္ဂလိပ်စာ လေ့လာလိုက်စားသည့် ကျောင်းသားကျောင်းသူများသာမက အင်္ဂလိပ်စာသင်ကြားနေသည့် ဆရာ ဆရာမများကပါ ဇဝေဇဝါဖြစ်တတ်သည့် အမှားပေါင်း ၁၀၀ ကို ပုံများနှင့်ယှဉ်ကာ အလွယ်ကူဆုံးရှင်းပြထားသဖြင့် နားလည်ရန်လွယ်ကူသည့်အပြင် မှတ်ဖို့လည်း လွယ်ကူမည်ဖြစ်သည်။ စာအုပ်ပါအချက်အလက်အများစုသည် စာရေးသူစာသင်သက်တမ်းနှစ် ၅၀ အတွေ့အကြုံများကို မှီငြမ်းထားသဖြင့် အင်္ဂလိပ်စာ လေ့လာလိုက်စားသူများ ဆောင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**စာအုပ်ကို - ထိပ်တန်းစာပေ၊ အမှတ်-၄၂၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၂၀၀၀၇၈၄ နှင့် ၀၉ ၉၇၀၀၈၁၇၅၈ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## MATRICULATION ESSAYS & LETTERS





ကျောင်းသား ကျောင်းသူများအတွက် ဆရာဦးဉာဏ်လင်း(စေတနာ) စီစဉ်ရေးသားသည့် MATRICULATION ESSAYS & LETTERS စာအုပ်ထွက်ရှိလာသည်။

Essays နှင့် Letters ကို ရေးတတ်စေရန် ပထမဦးစွာ ရေးနည်းသိဖို့လိုပြီး နမူနာ Essays နှင့် Letters တွေကိုလည်း များများဖတ်ပေးရမည်ဖြစ်ကာ ကိုယ်မသိသေးသည့် စကားလုံးများ၏အဓိပ္ပာယ်ကို ကျက်မှတ်ရမည်ဖြစ်ပြီး အရေးကြီးသည့်ဝါကျတချို့ကိုပါ ကျက်မှတ်ထားဖို့လိုသည်။ ထိုကဲ့သို့ လေ့လာကျက်မှတ်ပြီးပါက မိမိဖတ်ခဲ့သည့် Essays နှင့် Letters တွေကို အကြိမ်ကြိမ် ပြန်လည်ရေးသားလေ့ကျင့်ခြင်းဖြင့် Essays နှင့် Letters ကို ပိုင်ပိုင်နိုင်နိုင် ရေးတတ်မည်ဖြစ်သည်။ အဆိုပါစာအုပ်သည် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသာမက ပြည်ထောင်စုရာထူးဝန်အဖွဲ့ကကျင်းပသည့် အလုပ်ခွင်ဝင်စာမေးပွဲဖြေဆိုသူများအတွက်လည်း အထောက်အကူပြုမည်ဖြစ်သည်။

**စာအုပ်ကို- စေတနာနှင့်ဉာဏ်လင်းစာပေ၊ ၉၁(မြေညီထပ်)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၂၉၅၇၄၈ နှင့် ၀၉ ၅၁၁၆၈၅၁ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## လူတိုင်းအတွက် မင်္ဂလာ





ကျော်လှိုင် (ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ-သက္ကတ) စီစဉ်ရေးသားသည့် လူတိုင်းအတွက်မင်္ဂလာ စာအုပ်ထွက်ရှိလာသည်။

ဘုရားဟောကြားတော်မူခဲ့သည့် မင်္ဂလာတရားတော်များကို သေချာလေ့လာကြည့်လျှင် လူ့လောက၏ အခြေခံကျသော ပေါင်းသင်းဆက်ဆံရေးမှ တစ်ဆင့်ပြီးတစ်ဆင့် မြင့်မြင့်လာကာ နိဗ္ဗာန်တွင် အဆုံးသတ်သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မင်္ဂလာတရားတော်များကို လိုက်နာကျင့်ကြံမည်ဆိုပါက နိုင်ငံ၏ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာနိုင်သည်။ သားသမီးနှင့် မိဘ၊ ဆရာနှင့် တပည့်၊ လူကြီးနှင့် လူငယ်၊ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံတို့ အသီးသီး မိမိတို့၏ ဆိုင်ရာဆိုင်ရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို- ရှင်မတောင်စာပေ၊ အမှတ်- ၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ဆရာဝန်တစ်ယောက်၏ ဖွင့်ဟဝန်ခံချက်





ခေတ်သစ်ဆေးပညာသည် ယုံကြည်မှုပေါ်တွင် အားထားရကြောင်း ဒေါက်တာကြည်အောင်ထွန်း မြန်မာပြန်ဆိုသည့် ဆရာဝန်တစ်ယောက်၏ ဖွင့်ဟဝန်ခံချက် စာအုပ်ထွက်ရှိလာသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်ပြုလုပ်ခဲ့သည့် ခွဲစိတ်မှုပေါင်း ၂ ဒသမ ၄ သန်းခန့်သည် မလိုအပ်သောခွဲစိတ်မှုများဖြစ်ပြီး ယင်းအတွက် ဒေါ်လာလေးဘီလီယံကုန်ကျနေကြောင်း၊ လူပေါင်း ၁၂၀၀၀ က ခွဲစိတ်စဉ်နှင့် ခွဲစိတ်အပြီးသေဆုံးခဲ့ကြကြောင်း ရေးသားထားသည်။ ခွဲစိတ်မှု ၉၀ ရာခိုင်နှုန်းမှာ အချိန်ဖြုန်း၊ စွမ်းအင်ဖြုန်း၊ ငွေဖြုန်းနှင့် အသက်များဆုံးရှုံးစေသည်။ ခေတ်သစ်ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများနှင့် ဆရာဝန်တို့၏ ဆုံးဖြတ်ချက်အမှားများကလည်း လူများကို အထိတ်တလန့်ဖြစ်စေသည်။ အဆိုပါစာအုပ်ပါ ဆရာဝန်တစ်ယောက်၏ ဖွင့်ဟဝန်ခံချက်သည် ခေတ်သစ်ဆေးလောက အကြောင်းကို အရှိအတိုင်း ရေးသားထားသည့် စာအုပ်ဖြစ်သည်။

**စာအုပ်ကို - Myanmar Heritage မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြန့်ချိသည်။**

## ယောက်ျားနှင့် ဆီးကျိတ်ရောဂါ





ယောက်ျားလေးများလေ့လာသင့်သော စာရေးသူ ဒေါက်တာကျော်စိန်(ပန်းဘဲတန်း) စီစဉ်ရေးသားသည့် ယောက်ျားနှင့် ဆီးကျိတ်ရောဂါ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဆီးကျိတ်ရောဂါကို ကာကွယ်လို့ရနိုင်ပါသလား၊ အဆီ၊ အချို၊ အရက်နှင့် ဆီးကျိတ်ရောဂါဆက်နွယ်မှု ရှိ၊ မရှိ၊ စိတ်ဖိစီးမှုသည်ဆီးကျိတ်ရောဂါကို ဖြစ်ပေါ်လာနိုင်စေပါသလား၊ ဆီးကျိတ်ရောဂါနှင့် ဆက်နွယ်နေသော အခြားရောဂါများ၊ ဆေးလိပ်သောက်ခြင်းသည် ယောက်ျားများတွင် ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ ပိုပြီးမြင့်တက်နိုင်ပါသလား၊ ဆီးကျိတ်ကင်ဆာသည် သင့်ဇနီးကို ကူးစက်နိုင်ပါသလား စသည်တို့ကို ဖော်ပြထားသဖြင့် ယောက်ျားလေးတိုင်း လေ့လာသင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို - အလင်းသစ်စာပေ၊ အမှတ်-၁၇/၁၉၊ ၅၂-လမ်း အောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၈၇၀၃၈၄၈ နှင့် ၀၉ ၅၄၀၀၃၀၂ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ပွင့်တမာကဗျာများ




ကဗျာစာပေ လေ့လာလိုသူများအတွက် စာရေးသူ သံယောဇဉ်(ကျောက်ပန်းတောင်း) စီစဉ်ရေးသားသည့် ပွင့်တမာကဗျာများ စာအုပ်ထွက်ရှိလာသည်။

အချစ် အမုန်း၊ ဆင်းရဲ ချမ်းသာ၊ ဒုက္ခ စသည့် နှစ်လုံးတည်းသောအကြောင်းအရာများကို ရသများနှင့်လှလှပပ ဖန်ဆင်းပေးနိုင်သည်က ကဗျာဖြစ်သည်။ စာရေးသူ၏ရင်ထဲတွင် ပွတ်တိုက်မိခဲ့သမျှတို့ကို ကဗျာအဖြစ်ရိုးရှင်းစွာ ရေးသားဖန်တီးထားသည်။ ရင်ထဲက ပြောချင်သည်များကို ကဗျာသံ၊ ကဗျာစကားနှင့် ကဗျာများက သီကျူးလိုက်သည့် နှလုံးသားပဲ့တင်သံများကို မျှဝေခံစားနိုင်စေရန်အတွက် ကဗျာအပုဒ် ၂၈ ပုဒ်ကို စာရှုသူများ ခံစားနိုင်စေရန် ရေးသားထားသည်။

**စာအုပ်ကို - ဆိပ်ကမ်းသာ ဖုန်း- ၀၉ ၇၈၆၈၃၇၃၀၅ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## (ကြည်း/၆၆၉၁) ဗိုလ်မှူးအောင်သိမ်း(ငြိမ်း)

**ဗိုလ်သင်တန်းအပတ်စဉ်(၉)**

**အသက် (၉၁) နှစ်**

ရန်ကုန်မြို့နေ ထောင်ပိုင်ဝန်(ဦးလှအောင်-ဒေါ်ကျော့)တို့၏ သားကြီး၊ ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း (၃)ရပ်ကွက်၊ သီရိ ရတနာရိပ်သာ၊ သီရိမြိုင်လမ်း၊ အမှတ်(၅၄)နေ ဗိုလ်မှူးဒေါ်တင်တင်ညို(ငြိမ်း)၏ ခင်ပွန်း၊ (ဒေါ်လှရင်-ဦးအောင်ကျော်ခိုင်)၊ [ဗိုလ်မှူးအောင်မင်း(ငြိမ်း)]-ဗိုလ်ကြီးဒေါ်မိမိလေး(ငြိမ်း)၊ (ဦးကျော်သိန်း)၊ ဒေါ်လှကြူ၊ အရာခံဗိုလ်ကျော်ဇံ(ငြိမ်း)-ဒေါ်ယုယုစော၊ ဒေါ်လှမူ၊ ဦးလှမောင်-ဒေါ်တင်မြင့်၊ (ဒေါက်တာလှမြင့်မောင်) တို့၏အစ်ကိုကြီး၊ ဒေါ်မြတ်မိုးသိမ်း-ဦးကိုကိုဦး(တွဲဖက်ပါမောက္ခ၊ YTU-Maths)၊ ဦးမျိုးမင်းသိမ်း-ဒေါ်ကစ်တွဲလ်၊ ဦးကျော်မျိုးသိမ်း (Head of Government Relations, Save the Children)-ဒေါ်နန်းနွယ်နီဝင်းတို့၏ ဖခင်၊ Dr.ဆုမြတ်ကိုကို၊ မသက်မြတ်ကိုကို၊ (စင်ဒီကစ်သိမ်း)၊ မဟေမာန် သိမ်း၊ မရူပါသိမ်း၊ ဘင်ဂျီမင်စိုးမိုးသိမ်း၊ မဝင်းမို့မို့သိမ်း၊ မောင်ဝင်းဇေယျညီတို့၏အဘိုး ဗိုလ်မှူးအောင်သိမ်း(ငြိမ်း)သည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်သန်းမြင့်

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ အမှတ် (၅၀၆)၊ တိုက်(၉)၊ အင်ကြင်းမြိုင်အိမ်ရာနေ (ဦးပါ-ဒေါ်စောခင်)တို့၏ သမီး၊ (ဦးသောင်း)-ဒေါ်အေးကြည်တို့၏ သမီးချွေးမ၊ ဦးမောင်ထွေး(ငြိမ်း) Oiler No-1 (Retred)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခိုင်ခိုင်ထွေး၊ (မြို့တော်ဂေါက်ကွင်း၊ ရန်ကုန်မြို့တော်စည်ပင်သာရေးကော်မတီ)၊ ဦးအောင်ဖြိုးမင်း (Marketing Manager, WALCO MILK)-ဒေါ်ခင်ထွေးထွေးမော်၊ ဦးငြိမ်းချမ်းထွေး (Bosun)-ဒေါ်ချယ်ရီအောင်(Total Brain Work)တို့၏ မိခင်၊ မရှင်ငြိမ်းဝေ၊ မမေဖြိုးသူသူ၊ မသက်မှူးအိမ်၊ မောင်အောင်ကောင်းခန့်တို့၏ ဘွားဘွားသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၆း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုဝင်းမင်းထွဋ်

**CDC (59198)**

**M.T Ocean Emeison (OCEAN TANKER)**

**အသက် (၄၁) နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ အမှတ်(၂၄/၆၉၁)၊ မြရတနာ(၄)လမ်းနေ ဦးဝင်းဌေး-ဒေါ်ဝင်းမြင့်(ခ)မပေါက်တို့၏ သားလတ်၊ ဦးလှမောင်-ဒေါ်ဌေးတင်တို့၏ သားသမက်၊ ကိုသီဟဌေး (MI/KITE VENUS MARINE)-မနီလာဝင်းတို့၏ ညီ/မောင်၊ ကိုနောင်လင်းထိုက်-မသဉ္ဇာစိုး၊ မရေးရေး၊ မောင်ဆုဌေးတို့၏အစ်ကို၊ မအေးမိစံ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စန်းသူရအောင်၏ဖခင် ကိုဝင်းမင်းထွဋ်သည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ဝဝး၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျိုစုအအေးတိုက်မှ ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**

### ဒေါ် စိန်ရီ

**မြို့နယ်သူနာပြုဆရာမကြီး(ငြိမ်း)**

**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်**

**အသက် (၈၀)**

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၏ ချစ်လှစွာသောမိခင် ဒေါ်စိန်ရီ (မြို့နယ်သူနာပြုဆရာမကြီး-ငြိမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)သည် ၂၀-၇-၂၀၁၉ ရက် နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်စီမံကိန်းဦးစီးရုံး**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးဌေးခိုင် (ဟသ်ာတ-ရှားခဲ)

**အသက်(၅၉)နှစ်**

**အောင်သပြေခိုင်ကုမ္ပဏီ**
**ခိုင်မေတ္တာဖောင်ဒေးရှင်း**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(K-2)၊ ငုဝါ(၄)လမ်းနေ ဦးဌေးခိုင် (အောင်သပြေခိုင်ကုမ္ပဏီ)သည် ၁၈-၇-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေနဂါးမိသားစုကုမ္ပဏီ**
**ဦးအောင်သန်း-ဒေါ်ခင်ခင်**
**ဦးအောင်မင်းထွန်း**

## သဘာဝဘေးအန္တရာယ်
## ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

သဘာဝဘေးအန္တရာယ်များတွင် ကြိုတင်ခန့်မှန်းနိုင်သော ဘေးအန္တရာယ်များရှိသကဲ့သို့ ကြိုတင်ခန့်မှန်းရန်ခက်ခဲသော ဘေးအန္တရာယ်များလည်းရှိပါသည်။

ဘေးအန္တရာယ်တစ်ခုခုကြုံတွေ့လာပါက အောက်ပါတို့ကို ဂရုပြုဆောင်ရွက်ပါ။

၁။ မိုးလေဝသသတင်းများနှင့် ဘေးအန္တရာယ်သတိပေးချက်များကို သတိပြုပါ။
၂။ ကျန်းမာရေးသတိပေးနှိုးဆော်ချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါ။
၃။ ဘေးအန္တရာယ်မကျရောက်မီကတည်းက အရေးပေါ် ဆေးသေတ္တာ၊ အစားအစာ၊ သောက်သုံးရေနှင့် အခြားလိုအပ်သည်များ ကြိုတင်စုဆောင်းပြင်ဆင်ထားရှိပါ။
၄။ သန့်ရှင်းသောသောက်သုံးရေနှင့် အစားအစာများကိုသာ စားသုံးပါ။
၅။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
၆။ ဘေးအန္တရာယ်ကျရောက်ရာဒေသများ၌ ကျန်းမာရေးဝန်ထမ်းများမှ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းကူညီပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ထူး (အမေထူး) ချောက်ရွာ

**အသက်(၁၀၆)နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ အမှတ်(၄၀)၊ ခေမာလမ်းနေ (ဦးဘိုးလွင်-ဒေါ်ပန်းမြိုင်)တို့၏ သမီး၊ (ဦးဘိုးသက်-ဒေါ်ဖွားခင်)တို့၏ သမီးချွေးမ၊ (ဦးညိုမောင်)၏ ဇနီး၊ ဦးဇော်ဝင်း-ဒေါ်ခင်မြင့်ဦး၊ ဦးထွန်းမြင့်လင်း-ဒေါ်ရီရီမာ၊ ဦးထွန်းမြင့်ဝင်း-ဒေါ်ဝင်းဥမ္မာသန်း၊ ဦးမြင့်ထွေး-ဒေါ်ခင်မင်းမင်းတို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဆွေသန်း(ခ)မေမေကျင် (မုံရွာ)

**အသက်(၈၉)နှစ်**

တောင်ကြီးမြို့နေ ဦးအောင်သန်းဝင်း(တေဇ-၅)-ဒေါ်ခင်မြမြ၊ ဒေါ်ချိုချိုဝင်း (လ/ထ ညွှန်မှူး၊ စီမံကိန်းရုံး-ငြိမ်း)၊ ဒေါ်သီတာဝင်း (လ/ထ ညွှန်မှူး၊ မွန်ပြည်နယ်-ထွေ/အုပ်ရုံး)၊ ဦးမြင့်သန်းဝင်း (ဖြူးမြို့နယ် ထွေ/အုပ်)၊ ဦးစိုးသန်းဝင်း (မန်နေဂျာ၊ ကမ္ဘာ့ရတနာဘဏ်-ဘုရားကြီး)-(ဒေါ်နီလာသိဏ်း)၊ ရန်ကုန်မြို့နေ ဦးတိုးသန်းဝင်း-ဒေါ်ခင်သန်းတို့၏ မိခင်ကြီး၊ မုံရွာမြို့နေ ဒေါ်တင်မြ၊ ဒေါ်ခင်စု (မနောသုခ ပွဲရုံ)၊ (ဦးသန်းထွန်း)-ဒေါ်အမာကြူတို့၏ အစ်မကြီး၊ နေပြည်တော်နေ ဦးသောင်းနိုင် (ဒု-ညွှန်ချုပ်၊ သ/မ ဦးစီး/ရုံးချုပ်)၊ ရန်ကုန်၊ မန္တလေး၊ မုံရွာမြို့မှ တူ/တူမများ၏ အဒေါ်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၀-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ဖြူးမြို့ အနောက်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစောဝင်း

**အသက်(၇၅)နှစ်**

**စက်ရုံမှူး-ငြိမ်း၊ ပိုးသတ်ဆေးစက်ရုံ(မှော်ဘီ)**
**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၈၉)လမ်း၊ အမှတ် (၄၈)နေ (ဦးဘသောင်း-ဒေါ်အုန်းတင်)တို့၏ သားကြီး၊ (ဦးအောင်ကြင်-ဒေါ်မြရင်) တို့၏ သားသမက်၊ ဒေါ်ခင်မကြီး(မန်နေဂျာ-ငြိမ်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန)၏ခင်ပွန်း၊ ကိုမျိုးသွင်(MD, Sweet Memory Travel)-မစောမြသန္တာဝင်း၊ ကိုကျော်မောင်မောင်-မစောမြနီလာဝင်းတို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာမောင်မောင်လှ-ဒေါ်ချိုချိုမာ၊ (ဦးခင်မောင်ဝင်း)-နော်စန္ဒာဝင်းတို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှရီ (သရက်)

**အသက်(၇၄)နှစ်**

သန်လျင်မြို့နယ် အမှတ်(၁၂)၊ သီတာလမ်း၊ မြို့မတောင်ရပ်ကွက်နေ (ဦးသူတော်-ဒေါ်ငွေကျံ)တို့၏ သမီး၊ (ဦးအောင်ပွင့်)၏ ဇနီး၊ (ဒေါ်တင်ယုံ)၏ ညီမ၊ (ဦးတင်ညို)-ဒေါ်ချိုတို့၏ အစ်မ၊ (ကိုမြင့်အောင်)-မခင်ခင်နွယ်၊ ကိုအောင်နိုင်-မခင်အေး၊ မမိုးမိုးအောင်၊ ကိုမင်းဇော်-မဝါဝါအောင်၊ ကိုအောင်အောင်-မတိုးတိုးအောင်၊ ကိုစိုးနှင်းအောင်(SNA)-မမိုးသူဇာမြင့်၊ ကိုသက်နှင်းအောင်၊ (မတင်တင်ချို)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၀-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## တစ်လပြည့်အလွမ်း

## Hj ဦးဝင်းကို (အငြိမ်းစားဥပဒေအရာရှိ)

**မရ်ဘားကာကာဗလီဂေါပက၊ ဥက္ကဋ္ဌ**

**အသက် (၇၁) နှစ်**

**၂၂.၆.၂၀၁၉**

ပါပါးမိသားစုနှင့်ထာဝရခွဲခွာသွားတာ ဒီနေ့ ၂၂.၇.၂၀၁၉ရက်တွင် တစ်လပြည့်ပါပြီ။ အချိန်တိုင်း၊ နေ့ရက်တိုင်း မေ့မရပါ။ ယနေ့ထိ သတင်းလာမေးတိုင်း ပါပါးအကြောင်းတွေ ပြန်ပြောင်းပြောရင်း ရင်နင့်အောင် ခံစားရပါတယ်။ မမြဲသောသင်္ခါရပေမယ့် တရားသဘောနဲ့ ဖြေသိမ့်ရသော်လည်း မိသားစုမှာတော့ လွမ်းဆွတ်ရမြဲပါ။ ပါပါးအတွက် ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးကြတဲ့ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးမိတ်ဆွေရင်းချာများအားလုံးကိုလည်း ကျေးဇူးတင်အပ်ပါသည်။ ပါပါးနှင့်တကွ အာရ်ဝါအပေါင်းအတွက် နေ့စဉ်ပြုသမျှ အီဆာလေစဝါဗ်များကို ရရှိခံစားပြီး ဂျန္နသ်သုခဘုံစံမြန်းနိုင်ပါစေ။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ငွေ (ပြည်မြို့)

**မြန်မာဆေးမျိုးစုံနှင့် ကုန်မျိုးစုံ ရောင်းဝယ်ရေး**

**အသက်(၉၁)နှစ်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ရင်းငြိမ်ကျေးရွာနေ (ဦးကျော်ဇံ-ဒေါ်စိမ်းမြ) တို့၏ သား၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ရွှေကူရပ်ပန်းဆိုးတန်းလမ်း၊ အမှတ်(၉၉)နေ ဒေါ်လှသွင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နွဲ့ရီ၊ ဦးစန်းမြင့်-ဒေါ်စန်းစန်းကျင်၊ ဦးကျော်ဇေယျ-ဒေါ်ညွန့်ညွန့်ခိုင်၊ ဦးမျိုးခင်-ဒေါ်သူဇာမင်း၊ ဦးကျော်မောင်-ဒေါ်စန်းရီဌေး၊ ဦးလှမိုး-ဒေါ်ခင်ဌေးဝင်း၊ ဦးကျော်ဇင်လင်း-ဒေါ်စန်းစန်းဝေ၊ ဒေါ်စန္ဒာဝင်း၊ ဦးစိုးထွန်း-ဒေါ်စန္ဒာလွင်၊ ဦးဘုန်းကျော်-ဒေါ်သန္တာဝင်း၊ ဦးကျော်မိုး-ဒေါ်စိုးစိုးတင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၂၀၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးတင်ငွေသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့)တွင် သံတောင်တောရကျောင်းတိုက်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းညွန့် (မိုးကုတ်)

**အသက်(၈၃)နှစ်**

မိုးကုတ်မြို့ ရေပူရပ်နေ (ဦးမောင်ကြီး)၏ ဇနီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ဦးမင်းသူ-ဒေါ်နန်း(ခ)ဒေါ်ခင်ကြည်ဝင်းတို့၏ မိခင် ဒေါ်သန်းညွန့် အသက်(၈၃)နှစ်သည် ၁၉-၇-၂၀၁၉ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဥက္ကဋ္ဌ**
**မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့်ဇနီး ဒေါ်ခင်စောမူ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ပုသိမ်မြို့ အမှတ်(၁)နယ်မြေ၊ အမှတ်(၄၇)၊ ကွမ်းခြံကမ်းနားလမ်းနေ ဒေါ်ခင်စောမူ၏ ချစ်လှစွာသောမိခင်ကြီး ဆရာမကြီးဒေါ်စင်လှိုင် အသက်(၉၆)နှစ် (လ/ထ ကြီးကြပ်ရေးမှူး-ငြိမ်း)၊ တိုင်းပညာရေးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီးသည် ၁၅-၇-၂၀၁၉ ရက် နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မောင်မောင်မြင့်-ခင်ဆွေဝင်း**
**ရန်ကုန်**

# နိုင်ငံ
# တစ်ဝန်း
# စိမ်းလန်း
# ဖို့
# သစ်ပင်
# စိုက်ပျိုး
# ထိန်းသိမ်း
# စို့

## ကျေးဇူးအထူးတင်ရှိပါကြောင်း

## ဦးတင့်ဆွေ

**ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး**

၅-၇-၂၀၁၉ ရက်တွင် ကွယ်လွန်ခဲ့သော ဦးတင့်ဆွေအား နာမကျန်းဖြစ်စဉ်နှင့် နာရေးကိစ္စတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးအားပေးခဲ့ကြပါသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် ရုံးအဖွဲ့သားများ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးရုံးချုပ်နှင့် တိုင်းနှင့်ပြည်နယ်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ၊ မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ၊ ရန်ကုန်တိုင်း ဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြောက်ပိုင်းခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် သဃ်္ဃန်းကျွန်းမြို့နယ်မှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးနှင့် တိုင်း/ခရိုင်/မြို့နယ်များမှ ဝန်ထမ်းမိသားစုများ၊ TMW Enterprise Ltd မှ ဦးဝေလွင်နှင့်ဇနီး၊ TMW Enterprise Ltd မှ ဦးမင်းထူးလွင်နှင့် မန္တလေးရုံးခွဲမှ တာဝန်ခံနှင့် လုပ်ဖော်ကိုင်ဖက်များ၊ စေတနာဖြင့် ကုသပေးခဲ့ကြပါသော မန္တလေးမြို့ တော်ဝင်နှင်းဆီဆေးရုံ၊ မန္တလေးမြို့ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်မြို့ ပင်လုံဆေးရုံမှ ဆရာဝန်၊ ဆရာမများ၊ ကိုယ်တိုင်ကိုယ်ကြ လာရောက်အားပေးခဲ့ကြသော ဆရာသမားများနှင့် မိတ်ဆွေသင်္ဂဟများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် အားပေးမေးမြန်းကြသူများ အားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

# MNL-2 ယူ-၂၀ ပြိုင်ပွဲတွင် မြဝတီအသင်း အမှတ်ပေးချန်ပီယံဆု ဆွတ်ခူး



MNL-2 ယူ-၂၀ အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးရရှိသည့် မြဝတီအသင်း ဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၉ ဘောလုံးရာသီ MNL-2 (ပထမတန်း) ယူ-၂၀ အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၄)ကို ယနေ့ညနေပိုင်းက ကျင်းပရာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲ တွင် မြဝတီအသင်းက အား/ကာ သိပ္ပံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။

**အဆုံးအဖြတ်ဖြစ်**

ပွဲစဉ် (၁၃) အပြီးတွင် ရမှတ်တစ်မှတ်သာကွာသည့် မြဝတီနှင့် အား/ကာသိပ္ပံပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်ခဲ့ပြီး တစ်မှတ်အသာရထားသည့် အား/ကာသိပ္ပံအသင်းသည် သရေကျရုံဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

## ရောဝတီ မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး လက်ရှိရေမှတ်မှ နောက် ၁ ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ



## (၁၁)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ပထမဦးဆုံး ရွှေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိ

**နေပြည်တော် ဇူလိုင် ၂၁**

အင်ဒိုနီးရှားနိုင်ငံ ဆီမာရန်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၁၁)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ပြေးခုန်ပစ်အားကစားပြိုင်ပွဲမှ ကြိုးတပ်သံလုံးပစ်အားကစားနည်းတွင် စံချိန် ၅၆-၈၆ မှတ်ဖြင့် စောဒီဇင်ဘာသိန်းက ရွှေ တစ်ခု၊ မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် စံချိန် ၁၀း၄၉. ၉၇ ဖြင့် လွီးဇာက ကြေး တစ်ခုရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## MNL ပြိုင်ပွဲတွင် ရှမ်းနှင့် ရောဝတီ သရေကျပြီး ရတနာပုံနှင့် ဇွဲကပင် နိုင်ပွဲပြန်ရ

**တောင်ကြီး ဇူလိုင် ၂၁**

၂၀၁၉ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇)ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ တောင်ကြီးကွင်းတွင် ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့ပြီး ရတနာပုံနှင့် ဇွဲကပင်အသင်းတို့ နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

**သုံးမှတ်ကွာဟ**

ရှမ်းယူနိုက်တက် အသင်းသည် ရှုံးပွဲမရှိ မှတ်တမ်းကို ဆက်ထိန်းနိုင်ခဲ့သော်လည်း အိမ်ကွင်းသရေပွဲကြောင့် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် သုံးမှတ်ကွာဟသွားခဲ့သည်။ ရောဝတီအသင်းသည် အဝေးကွင်း၌ ပုံစံကောင်းပြသနိုင်ခဲ့ပြီး သရေတစ်မှတ်ရယူခဲ့ခြင်းဖြစ်သည်။ ပထမအကျော့တွင် နှစ်ဂိုးစီ သရေကျခဲ့သည့် ရှမ်းနှင့် ရောဝတီအသင်းသည် ယခုပွဲတွင်လည်း

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖


ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

ဂျပန်နိုင်ငံ အထက်လွှတ်တော် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ညွန့်ပေါင်းအဖွဲ့ အနိုင်ရရှိ
စာမျက်နှာ » ၁၂

၂၀၁၈ ခုနှစ်အတွင်း ပြည်ပကျောင်းသားကျောင်းသူ ၆၃၀၀၀ အား တရုတ်အစိုးရ ပညာတော်သင်ဆုများ ပေးအပ်
စာမျက်နှာ » ၁၃

ရန်ကုန်-မန္တလေးကားလမ်းတွင် ဆီသယ်ယာဉ်တိမ်းမှောက်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွား
စာမျက်နှာ » ၁၄

ဆုံးရှုံးနေသေးသော အခွင့်အရေးများ
လက်ာရည်ကျော်၏ ဆောင်းပါး
စာမျက်နှာ » ၂၃

ဂုဏ်ရည်ဆေးတိုက်




ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)

ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

